# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်    ၂၀၁၆ ခုနှစ်၊ ဧပြီ ၁၅ ရက်၊ သောကြာနေ့    အတွဲ (၅၅)၊ အမှတ် (၁၉၈)


# နွေအပူကို အတာရေဖျန်း၍ နေပြည်တော်သားတို့ ရေသဘင်ပွဲ ပျော်ရွှင်နွှဲ



သင်္ကြန်အကြတ်နေ့တွင် နေပြည်တော် Sky Net မဏ္ဍပ်၌ နိုင်ငံကျော်အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုကို ပရိသတ်များ တစ်ခဲနက်အားပေးစဉ်
(သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၄

မဟာသင်္ကြန်အကြတ်နေ့ (ပထမနေ့) နံနက်ပိုင်းမှစတင်၍ နေပြည်တော်တစ်ဝန်းလုံး တူးပို့ . . . တူးပို့ သင်္ကြန်သီချင်းသံများဖြင့် ဖုံးလွှမ်းလျက်ရှိသည့်အပြင် သင်္ကြန်အကြိုနေ့နှင့် အကျနေ့များကထက် မဏ္ဍပ်များရှေ့၌ ရေပက်ခံကားများ၊ သင်္ကြန်ချစ်သူပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

နေပြည်တော် လမ်းမကြီးများတစ်လျှောက်၌ ရာသီနှင့်အညီ ငုဝါပန်းတို့ ဝင်းဝင်းစွင့်စွင့် ဖူးပွင့်ဝေဆာလျက်ရှိသည်ကိုတွေ့ရပြီး သင်္ကြန်တေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများကို ရုပ်ရှင်၊ ဂီတအနုပညာရှင်များက တရစပ်ဖျော်ဖြေတင်ဆက်လျက်ရှိသည့်အတွက် ဂီတကို ချစ်ခင်မြတ်နိုးသူများနှင့် သင်္ကြန်ချစ်သူပြည်သူများကလည်း စင်ပေါ်စင်အောက် အတိုင်အဖောက်ညီစွာ အားပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့အတူ ဒက္ခိဏသီရိမြို့နယ်ရှိ ဟိုတယ် အေစီအီး ရေကစားမဏ္ဍပ်၊ နေပြည်တော် ဟိုတယ်ဇုန်ရှိ စကိုင်းနက် ရေကစားမဏ္ဍပ်၊ နေပြည်တော်စည်ပင်သာယာရေးမိသားစုများအပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်အလိုက်၊ လမ်းအလိုက် မိသားစုရေကစားမဏ္ဍပ်များ၌လည်း ပျော်ရွှင်အေးချမ်းစွာ ရေသဘင်ဆင်နွှဲနေကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻



သင်္ကြန်အကြတ်နေ့တွင် နေပြည်တော်ရေပန်းဥယျာဉ်၌ ရေကစားသူများနှင့် အပန်းဖြေအနားယူသူများကို တွေ့ရစဉ်

## ဆီးရီးယားသမ္မတ အာဆတ်ဦးဆောင်၍ ပါလီမန်ရွေးကောက်ပွဲကျင်းပ

စာမျက်နှာ-၄

## နှစ်သစ်မှာ အမှိုက်ကောက်ကြပါစို့

စာမျက်နှာ-၆




## မြန်မာ့အလင်း

# ဝံပုလွေနှစ်ကောင်၏တိုက်ပွဲ

လှပသည့်ပန်းချီကားတစ်ချပ်ကို လှပသည့်စိတ်ဖြင့်သာ ရေးဆွဲနိုင်ပါမည်။

ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကြီးကို နိုင်ငံတစ်ဝန်းလုံးတွင် ပျော်ရွှင်စွာဆင်နွှဲလျက်ရှိသည်။ တပျော်တပါးကခုန်လျက်၊ သီဆိုဟစ်ကြွေးလျက်၊ သင်္ကြန်သီချင်းများ၊ သင်္ကြန်ရေများ--- မြင်ကွင်းတစ်ခုလုံးမှာ အပျော်တို့ဖုံးလွှမ်းလျက်။ တစ်လောကလုံး ပျော်ရွှင်နေကြသည့်နှယ်။ မြို့ရွာနေရာဒေသ ခြွင်းချက်မရှိ တစ်လောကလုံး ပျော်ရွှင်နေကြသည့်နှယ်ဟုသာ ဆိုရပါမည်။ စင်စစ်အားဖြင့် ခြွင်းချက်က ရှိနှင့်ပြီးဖြစ်သည်။

ကြောက်ရွံ့ ထိတ်လန့်မှုတို့ ဖိစီးလျက် စိုးရိမ်သောကတို့ ဖုံးလွှမ်းသည့်နေရာ၊ အငြင်းပွားမှု၊ ဆူပူသောင်းကျန်းမှု၊ တိုက်ခိုက် သတ်ဖြတ်မှုများနှင့် ပဋိပက္ခများ ဖြစ်ပွားနေသည့်နေရာ၊ တစ်နည်းအားဖြင့် ငြိမ်းချမ်းမှုကင်းမဲ့ရာနေရာတွင် သာယာပျော်ရွှင်မှုတို့လည်း ရှိနိုင်မည်မဟုတ်ပါ။ အဆိုပါနေရာဒေသတို့တွင် နေထိုင်ကြသူတို့အနေဖြင့် နေ့စဉ်နှင့်အမျှ တစ်နေ့ပြီးတစ်နေ့ဆက်၍ အသက်ရှင်သန်ရေးအတွက်ပင် တကြောင့်ကြကြ ဖြစ်နေကြရလျှင် စိတ်လွတ်ကိုယ်လွတ် ပျော်ရွှင်မှုဟူသည် အဘယ်မှာနည်းဟု မေးခွန်းထုတ်ရဖွယ်ပင် ဖြစ်သည်။ ပဋိပက္ခများကင်းစင်၍ စစ်ပွဲများပျောက်ကွယ်သွားမှသာ ငြိမ်းချမ်းခြင်း ပန်းများပွင့်သည့် ပျော်ရွှင်ဖွယ်နေရာများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

မြေပြင်ပေါ်မှစစ်ပွဲတို့၏ မူလအစသည် ကိလေသာခေါ် စိတ်၏ အညစ်အကြေးများမှ မြစ်ဖျားခံလာခဲ့ခြင်းဖြစ်သည်။ “လောဘ၊ ဒေါသ၊ မောဟ၊ အတ္တတို့နှင့် တွဲဖက်နေသောစိတ်သည် အစွန်းရောက်၍ အရုပ်ဆိုးသောစိတ် ဖြစ်သည်။ လောဘအစွန်းရောက်လျှင် လုယက်သိမ်းပိုက်ခြင်းတွေ အလွန်များကာ ကမ္ဘာကြီးအရုပ်ဆိုးနေလိမ့်မည်။ ဒေါသ၊ မာနအစွန်းရောက်လျှင် တိုက်ခိုက်သတ်ဖြတ်နှိပ်စက်ခြင်းဖြင့် ကမ္ဘာကြီးအရုပ်ဆိုးနေလိမ့်မည်။ မောဟအစွန်း၊ အတ္တအစွန်းရောက်လျှင် ပဋိပက္ခများ၊ တိုက်ခိုက်ခြင်းများဖြင့် ကမ္ဘာကြီးအရုပ်ဆိုးနေလိမ့်မည်”ဟု သီတဂူဆရာတော်ကြီးက နှစ်သစ်ကူးနှုတ်ခွန်းဆက်လွှာတွင် သတိပေးထားပြီး အစွန်းရောက်စိတ်များကို အလယ်လမ်းသို့ရောက်အောင် တောင်းဆိုကြရန်တိုက်တွန်းခဲ့သည်။

အမေရိကန်ဌာနေတိုင်းရင်းသားတို့၏ အစဉ်အလာ ဆိုရိုးစကားလေးတစ်ခုကလည်း ဤသို့ဆိုသည်-

လူတို့၏ခန္ဓာကိုယ်ထဲတွင် ဝံပုလွေနှစ်ကောင် နေ့စဉ်တိုက်ခိုက်နေကြသည်။ တစ်ကောင်က ကောင်းမှုကိုကိုယ်စားပြုသည့်အဖြူ၊ နောက်တစ်ကောင်က မကောင်းမှုကိုကိုယ်စားပြုသည့်အမည်း။ ဝံပုလွေအဖြူက ချစ်ခင်ခြင်း၊ ကြင်နာခြင်း၊ စာနာထောက်ထားခြင်း၊ နှိမ့်ချခြင်း၊ ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်း၊ အမှန်တရားကိုမြတ်နိုးခြင်းစသည့် ကောင်းသောလက္ခဏာများရှိပြီး ဝံပုလွေအမည်းကမူ ယင်းတို့နှင့် ဆန့်ကျင်ဘက် ဒေါသကြီးခြင်း၊ မနာလိုဝန်တိုခြင်း၊ အမျက်မာန်စောင်ခြင်း၊ လောဘကြီးခြင်း၊ လိမ်လည်ခြင်း၊ နှိမ်ချစော်ကားခြင်း၊ အတ္တမာနကြီးခြင်းစသည့် မကောင်းသောစရိုက်လက္ခဏာများရှိသည်။

ဝံပုလွေအဖြူနှင့်ဝံပုလွေအမည်းတို့၏ နေ့စဉ်တိုက်ပွဲတွင် မည်သည့်အကောင်က အနိုင်ရပါသနည်း။ “မိမိတို့အစာကျွေးထားသည့် အကောင်ကနိုင်သည်”ဟု စကားပုံက အဖြေပေးထားသည်။ မိမိတို့အားလုံးဝံပုလွေအဖြူကိုသာ အစာကျွေးရန်နှင့် ဝံပုလွေအမည်းကို ခန္ဓာကိုယ်ထဲမှ အပြီးတိုင် မောင်းထုတ်နိုင်ကြပါစေကြောင်း မေတ္တာရေလောင်းကာ နှစ်သစ်တွင်ဆုမွန်ကောင်းတောင်း၍ တိုက်တွန်းအပ်ပါသည်။ ။




## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

၁၄-၄-၂၀၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

(မိုး/ဇလ)

# ရန်ကုန်မဟာသင်္ကြန် မှုခင်းကြိုတင်ကာကွယ်မှုများ အရှိန်မြှင့်ဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၄**

မဟာသင်္ကြန် ပထမအကြတ်နေ့တွင် ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ ရေကစားနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က လုံခြုံရေး၊ ပြစ်မှုကြိုတင်ကာကွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရေကစားသူများ အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေးအတွက် မူးယစ်ရမ်းကားသူများအား ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည့်အပြင် ဘေးအန္တရာယ်ဖြစ်စေသော တုတ်၊ ဓား လက်နက်များကို ရေပက်ခံ မော်တော်ယာဉ်များပေါ်တွင် ကိုင်ဆောင်သွားလာခြင်း မရှိစေရေးအတွက် စစ်ဆေးရှာဖွေသိမ်းဆည်းခဲ့ပြီး အချိုရည်ပုလင်း၊ ဘီယာပုလင်းများကို အသုံးပြု၍ ရန်ပြုတိုက်ခိုက်နိုင်သဖြင့် မော်တော်ယာဉ်များပေါ်တွင် ပါရှိလာသော အချိုပုလင်း၊ ဘီယာပုလင်းများကိုလည်း ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်များဖြင့် လဲလှယ်ပေးကာ ပုလင်းခွံများအား သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

“မိဘ ပြည်သူများအနေဖြင့်လည်း မဟာသင်္ကြန်ပွဲတော်တွင် ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် မိမိအသိတရားများဖြင့် ထိန်းသိမ်းကာ စည်းကမ်းရှိစွာ ရေကစားကြစေလိုကြောင်း”ဟု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ပျော်ရွှင်စွာ ရေကစားကြသည့် မိဘပြည်သူများ စိတ်အနှောင့်အယှက်မဖြစ်စေဘဲ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံရေးကို အပြည့်အဝ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများမှအကူအညီတောင်းခံလာမှုများကို ချက်ချင်းတုံ့ပြန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရေကစားမဏ္ဍပ်အသီးသီးတွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေစဉ် အလစ်အငိုက်အခွင့်ကောင်းယူ၍ လက်ကိုင်ဖုန်းများနှင့် ငွေကြေး၊ ပစ္စည်းများကို အလစ်သုတ်နှိုက်ယူသည့် ခါးပိုက်နှိုက်များကို ဖမ်းဆီးရမိရေး စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ရာ လှိုင်မြို့နယ် ၁၀ ရပ်ကွက်၊ ပြည်လမ်းမပေါ်ရှိ MPT ရေကစားမဏ္ဍပ်တွင် ရေကစားသူများထံမှ ခါးပိုက်နှိုက်မှု သုံးမှု၊ Air Bagan ရေကစားမဏ္ဍပ်တွင် ရေကစားသူများထံမှ ခါးပိုက်နှိုက်မှု ခြောက်မှု၊ ပိတောက်ရွှေဝါရေကစားမဏ္ဍပ်တွင် ရေကစားသူများထံမှ ခါးပိုက်နှိုက်မှု နှစ်မှု၊ လသာ မြို့နယ် ၄ ရပ်ကွက်ရှိ Sky Net ရေကစားမဏ္ဍပ်တွင် ရေကစားသူများထံမှ ခါးပိုက်နှိုက်မှု သုံးမှုနှင့် လှိုင်သာယာမြို့နယ်ရှိ ဗဟိုမဏ္ဍပ်တွင် ရေကစားသူများထံမှ ခါးပိုက်နှိုက်မှုလေးမှု စုစုပေါင်း ခါးပိုက်နှိုက်မှု ၁၈ မှု ဖမ်းဆီးအရေးယူခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**




ဧပြီ ၁၄ ရက် (သင်္ကြန်အကြတ်နေ့)က ရန်ကုန်မြို့ ဆူးလေဘုရားလမ်း၌ သင်္ကြန်ရေကစားသူများ၊ ရေပက်ခံထွက်သူများ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင်များ ကူညီစောင့်ရှောက်ပေးမှုကို တွေ့ရစဉ်

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၄-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၀.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၁.၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၁.၃၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၄၉၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၆၈ |
| တရုတ် | တစ်ယွမ် | ၁၈၂.၅၈ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။

# မဟာသင်္ကြန်အကြတ်ပထမနေ့ အတာရေသဘင်ဆင်နွှဲကြသည့် မြင်ကွင်းပုံရိပ်များ



နေပြည်တော် (ရွာတော်) ရှိ ရေကစားမဏ္ဍပ်တွင် သင်္ကြန်အကြတ်ပထမနေ့က ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။
ဓာတ်ပုံ - သန့်ဇင်ဝင်း



သင်္ကြန်အကြတ်ပထမနေ့က မြိတ်မြို့၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲဆင်နွှဲလျက်ရှိရာ ရေကစားမဏ္ဍပ်များ၌ ရေပက်ခံသူများ၊ ရေကစားကြသူများဖြင့် စည်ကားသည်ကို တွေ့ရစဉ်။
ခိုင်ထူး(မြိတ်)



ရခိုင်ရိုးရာရေသဘင်ပွဲတော်ဖွင့်ပွဲကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၌ သင်္ကြန်အကြတ်ပထမနေ့က တော်ဝင်လခြမ်းမြေကုမ္ပဏီရေကစားမဏ္ဍပ်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြစဉ်။
သူ(ပုဏ္ဏားမြီ)



သင်္ကြန် အကြတ်ပထမနေ့ က ဧရာဝတီတိုင်းဒေသကြီး င ရုတ်ကောင်းမြို့ နံ့သာပုကျေးရွာ အုပ်စုရှိ ဂေါ်ရန်ဂျီ ကျွန်း ပင်လယ် ကမ်းခြေတွင် လာရောက် အပန်းဖြေကြသူများအား တွေ့ရစဉ်။
(ဝ၂၂)



မကွေးတိုင်းဒေသကြီး မြိုင်မြို့တွင် သင်္ကြန်အကြတ်ပထမနေ့က ရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေပက်ခံသူများနှင့် ရေကစားကြသူများကို တွေ့ရစဉ်။
အောင်ကျော်မြင့် (မြိုင်)

# ဆီးရီးယားသမ္မတ အာဆတ်ဦးဆောင်၍ ပါလီမန်ရွေးကောက်ပွဲကျင်းပ



**ဒမတ်စကတ် ဧပြီ ၁၄**
ဆီးရီးယားနိုင်ငံအတွင်း အစိုးရတပ်များထိန်းချုပ်ထားသည့် ဒေသများ၌ ပါလီမန်ရွေးကောက်ပွဲအတွက် မဲပေးမှုများ ဗုဒ္ဓဟူးနေ့က စတင်ပြုလုပ်ခဲ့သည်။ သမ္မတအာဆတ်ကို ဆန့်ကျင်သည့် အုပ်စုများနှင့် အနောက်အုပ်စုများက အဆိုပါမဲပေးမှုမှာ မျှတမှုမရှိဟုရှုတ်ချခဲ့သော်လည်း ရွေးကောက်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ငါးနှစ်ကြာ ဖြစ်ပွားလျက်ရှိသည့် ရှည်ကြာသော စစ်ပွဲကို အဆုံးသတ်နိုင်ရေး ကုလသမဂ္ဂဦးဆောင်၍ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ ယခုကျင်းပသည့် ရွေးကောက်ပွဲမှာ ကုလသမဂ္ဂလွှမ်းမိုးမှုအောက်မှကင်းလွတ်သော ရွေးကောက်ပွဲဖြစ်သည်။ ဒုတိယအကျော့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲမှာ ဗုဒ္ဓဟူးနေ့က ဂျနီဗာမြို့၌ ပြုလုပ်ခဲ့သည်။

ဆီးရီးယားအစိုးရကမူ ယခုကျင်းပသည့်ရွေးကောက်ပွဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ်ကြောင်း ပြောသည်။ အတိုက်အခံအုပ်စုများကမူ နိုင်ငံရေးအကူးအပြောင်းတစ်ခုအပေါ်ဦးတည်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို လိုလားကြသည်။ ထို့အပြင် ယခုကျင်းပသည့် ရွေးကောက်ပွဲမှာ အဓိပ္ပာယ်မရှိကြောင်း ပြောခဲ့သည်။ ဗြိတိန်နှင့် ပြင်သစ်တို့ကမူ အဆိုပါရွေးကောက်ပွဲမှာ ယုံကြည်စရာမရှိကြောင်း၊ အလိမ်အညာပင်ဖြစ်ကြောင်း ပြောခဲ့သည်။
**(ရိုက်တာ )**

# အမေရိကန်နယူးယောက်တိုင်းမ် သတင်းစာကြီးက အိုဘားမားကို ဟီရိုရှီးမားသို့ သွားရောက်လည်ပတ်ရန်တိုက်တွန်း

**ဝါရှင်တန် ဧပြီ ၁၄**
နယူးယောက်တိုင်းမ် အယ်ဒီတာ့အာဘော်က အမေရိကန်သမ္မတ အိုဘားမားကို လာမည့်လ ဂျပန်သို့ သွားရောက်လည်ပတ်မည့်ခရီးစဉ် ၌ ဟီရိုရှီးမားသို့သွားရောက်ရန် တိုက်တွန်းအားပေးကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၁၄ ရက်က ဖော်ပြခဲ့သည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ဟီရိုရှီးမားသို့ သွားရောက်လည်ပတ်ခဲ့စဉ်။

ဩဇာအာဏာရှိသော သတင်းစာတစ်စောင်အနေဖြင့် အမေရိကန်ခေါင်းဆောင်များကို နျူကလီးယားကင်းစင်သော ကမ္ဘာကြီးဖြစ်ရန် ရည်မှန်းချက်ဖြင့် ဟီရိုရှီးမားသို့ သမိုင်းတွင်စေမည့်ခရီးစဉ် ဖြစ်ပေါ်စေရေးအတွက် သွားရောက်လည်ပတ်ရန် တိုက်တွန်းထားကြောင်း သိရသည်။

ယင်းအယ်ဒီတာ့ အာဘော်ကို နယူးယောက်တိုင်းမ် သတင်းစာ၏ ဧပြီ ၁၃ ရက်ထုတ် သတင်းစာတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံတွင် မေလနှောင်းပိုင်း၌ ကျင်းပမည့် ဂျီ-၇ နိုင်ငံခေါင်းဆောင်များ အစည်းအဝေးသို့တက်ရောက်ရန် လျာထားသော အိုဘားမား၏အစီအစဉ်ထွက်ပေါ်လာပြီးနောက် နယူးယောက်တိုင်းမ်အနေဖြင့် ထိုသို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ယခုအပတ် ဂျပန်နိုင်ငံတွင် ကျင်းပခဲ့သော ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတက်ရောက်ပြီး ဟီရိုရှီးမားမြို့သို့ တရားဝင်သွားရောက်လည်ပတ်ခဲ့ခြင်းဖြင့် နျူကလီးယားကင်းစင်သော ကမ္ဘာကြီးဖြစ်ရေး လမ်းခင်းပေးခဲ့ခြင်းဖြစ်ကာ အိုဘားမားအနေဖြင့် ဒုတိယကမ္ဘာစစ် နျူကလီးယားဒဏ်ခံစားခဲ့ရသော ယင်းမြို့သို့ သွားရောက်သော ပထမဆုံး အမေရိကန်သမ္မတအဖြစ် သမိုင်းမှတ်တိုင်စိုက်ထူပြီး နျူကလီးယားကင်းစင်သော ကမ္ဘာကြီးဖြစ်အောင် ဆောင်ရွက်သင့်ကြောင်း နယူးယောက်တိုင်းမ် အယ်ဒီတာ့အာဘော်တွင် တိုက်တွန်းထားကြောင်း သိရသည်။
**(အင်န်အိတ်ချ်ကေ)**

# ဂျပန်-တောင်ကိုရီးယားဆက်ဆံရေးအရေးကြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်လုပ်ဆောင်မည်

**တိုကျို ဧပြီ ၁၄**
ဂျပန်အစိုးရအဖွဲ့အတွင်းရေးမှူး ဆူဂါက ဂျပန်နိုင်ငံအနေဖြင့် တောင်ကိုရီးယားနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ၏ အထွေထွေရွေးကောက်အကြောင်း မေးမြန်းရာတွင် အိမ်နီးချင်းနိုင်ငံ၏ ပြည်တွင်းရေးအပေါ် မည်သည့်ထင်မြင်ချက်မျှ မပေးလိုကြောင်း ပြောခဲ့သည်။

သို့သော်လည်း ဆူဂါက တောင်ကိုရီးယားအစိုးရနှင့် အတိုက်အခံပါတီများအနေဖြင့် ဂျပန်နိုင်ငံနှင့် မိတ်ဖက်ဆက်ဆံရေးသည် အရေးကြီးကြောင်းကို အသိအမှတ်ပြုမည်ဟုယုံကြည်ကြောင်း ပြောသည်။
**(အင်န်အိတ်ချ်ကေ)**

# အိုင်အက်စ်အဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည့် သဲလွန်စရရှိ

**ဘရပ်ဆဲလ် ဧပြီ ၁၄**
လွန်ခဲ့သောနှစ် ပါရီတိုက်ခိုက်မှုတွင်ပါဝင်ခဲ့သော သံသယရှိ အသေခံဗုံးခွဲသမားသုံးဦးကို ဖော်ထုတ်ပြီးနောက် အိုင်အက်စ်အကြမ်းဖက်သမားများက နောက်ထပ်အကြမ်းဖက် တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်သွားမည့် သဲလွန်စကိုရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဧပြီ ၁၄ ရက်က ဖော်ပြခဲ့သည်။

ယင်းအုပ်စုသည် လွန်ခဲ့သောလက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် လူ ၃၂ ဦး သေဆုံးခဲ့သည့် တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သူများဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓဟူးနေ့က အွန်လိုင်းမဂ္ဂဇင်းတွင် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သောသတင်းများတွင် အိုင်အက်စ်အုပ်စုက ဘယ်လ်ဂျီယံနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းမှာ အမေရိကန်ဦးဆောင်သည့် အကြမ်းဖက်တိုက်ဖျက်မှုတွင် ဘယ်လ်ဂျီယံနိုင်ငံက ပါဝင်ခဲ့ခြင်းကြောင့် တုံ့ပြန်လက်စားချေခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ထို့အပြင် ယင်းမဂ္ဂဇင်းတွင် ပါရီကို သတိပေးတိုက်ခိုက်ခြင်းဖြစ်ပြီး ဘရပ်ဆဲလ်ကတော့ အမှတ်တရဖြစ်စေရန်အတွက် ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်ကာ နောက်ထပ်ပိုမိုရက်စက်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။
**(အင်န်အိတ်ချ်ကေ)**

# သားရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများ တရားမဝင်သယ်ဆောင်လာသူအား ဖမ်းဆီး

**နန်နင်း ဧပြီ ၁၄**
တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တရားရုံးတစ်ခုက ဆင်စွယ်၊ ကြံ့ချိုအပါအဝင် သားရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်သယ်ယူပို့ဆောင်မှုဖြင့် လူတစ်ဦးအား ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဈောင်အမည်ရှိ ၄င်းသည် ကွမ်တုန်ပြည်နယ်အနီးတွင် နေထိုင်သူဖြစ်ကြောင်းသိရပြီး ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ် ယွမ် ၅၀၀၀၀ (ဒေါ်လာ ၇၇၄၀) ပေးဆောင်ရန် ရုံးတော်မှအမိန့် ချမှတ်လိုက်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

# အိန္ဒိယဝန်ကြီးချုပ် ဇွန်လအတွင်း အမေရိကန်သို့ သွားရောက်ဖွယ်ရှိ

**နယူးဒေလီ ဧပြီ ၁၄**
အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် အမေရိကန်နိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးပွဲများပြုလုပ်ရန် ဇွန်လအတွင်းအမေရိကန်နိုင်ငံသို့ သွားရောက်ဖွယ်ရှိသည်ဟု သတင်းအရင်းအမြစ်တစ်ခုက ကြာသပတေးနေ့တွင် ပြောသည်။ သွားရောက်မည့်ရက် အတိအကျကိုမူမသိရသေးကြောင်း အခြားကမ္ဘာ့ခေါင်းဆောင်များနှင့်လည်း ဇွန်လပထမဆုံးသီတင်းပတ်တွင် တွေ့ဆုံဖွယ်ရှိကြောင်း ယင်းသတင်းအရင်းအမြစ်က ပြောသည်။

အိန္ဒိယဝန်ကြီးချုပ်သည် ၄င်းအာဏာရရှိပြီးသည့်အချိန်မှစ၍ အမေရိကန်နိုင်ငံသို့ သုံးကြိမ်သွားရောက်ခဲ့ပြီး နောက်ဆုံးအကြိမ်မှာ နျူကလီးယားလုံခြုံရေးထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ဧပြီလအတွင်း သွားရောက်ခဲ့ခြင်းဖြစ်သည်။
**(ဆင်ဟွာ)**

တိုင်လူမျိုးစုပြက္ခဒိန်အရ နှစ်သစ်ကို ကြိုဆိုသော အားဖြင့် ဧပြီ ၁၃ ရက်က တရုတ်နိုင်ငံ ယူနန် ပြည်နယ် ဂျင်းဟုန် မြို့၌ မီးပုံးပျံများ မိုးယံသို့ လွှတ်တင်သည့် ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြစဉ်။
(ဆင်ဟွာ)



# အထနေးသော ရန်ကုန်သင်္ကြန်၊ အတောင်းကြမ်းသောယာဉ်စီးခ

သတင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

***သင်္ကြန်အကြိုနေ့။***

***ရန်ကုန်သင်္ကြန်အကြိုနေ့က အထနေးခဲ့သည်။ ရန်ကုန်-အင်းစိန်ကားလမ်းတစ်လျှောက် မဏ္ဍပ်ကြီးအနည်းငယ်သာရှိပြီး ရေကစားမဏ္ဍပ်လေးများဖြင့်သာ ရေကစားကြသည်။ သင်္ကြန်ပျော်တို့ အရှိန်ယူနေကြ၍လားမသိပေ။ ရန်ကုန်-ကမ္ဘာအေးဘုရားလမ်း အင်းလျားကန်အနီးတစ်ဝိုက်တွင် ယခင်နှစ်ကကဲ့သို့ သင်္ကြန်မဏ္ဍပ်ကြီးများမရှိရာ ကန်ကြောပိတ်ဆို့မှုမရှိသဖြင့် သွားလာရေးအဆင်ပြေလျက်ရှိသည်။***



ဒီနှစ်သင်္ကြန်အကြိုနေ့တွင် ရန်ကုန်-ပြည်လမ်းအင်းလျားကန်ဘက်တွင် မဏ္ဍပ်ကြီးများဖြင့် စည်စည်ကားကားရှိနေသည်။ ဆက်သွယ်ရေးအမ်ပီတီသင်္ကြန်မဏ္ဍပ်၊ အဲပုဂံသင်္ကြန်မဏ္ဍပ်၊ ပိတောက်ရွှေရည်မဏ္ဍပ်၊ ပိတောက်ရွှေဝါမဏ္ဍပ်၊ ပိတောက်ချစ်သူမဏ္ဍပ်ကြီးများအပါအဝင် သင်္ကြန်မဏ္ဍပ်အလတ်နှစ်ခုတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိနေသည်။

ရေပက်သူများ၊ အနုပညာရှင်များဖြင့် ဖျော်ဖြေမှုများ၊ မော်တော်ယာဉ်များဖြင့် ရေပက်ခံထွက်သူများ၊ သင်္ကြန်ပျော်များဖြင့် စည်ကားနေသည်ကို တွေ့ရသည်။ အင်းလျားကန်ပေါင်ဘက်ခြမ်းတွင် ဈေးသည်ကများသည်။ အရောင်းက ပါးသည်။ ကန်ပေါင် အရိပ်ရအပင်များအောက်တွင် သင်္ကြန်ပျော်လူငယ်များ အုပ်စုလိုက်ထိုင်ကာ စားသောက်အနားယူနေကြသည်။ နေပူရှိန်က ပြင်းထန်လွန်းသဖြင့် သင်္ကြန်မဏ္ဍပ်ရှေ့တွင် လူငယ်များ ကခုန်ပျော်ပါးခြင်းများ တွေ့မြင်ရသော်လည်း နည်းပါးသည်။ ယခုနှစ် သင်္ကြန်အကြိုနေ့တွင် သိသိသာသာ နည်းပါးသွားသည်မှာ ရေပက်ခံထွက်သည့်ကားများဖြစ်သည်။ ရေစိုရွှဲကာ သင်္ကြန်ပျော်လူငယ်များအား တင်ဆောင်မောင်းနှင်သွားသောကားများကို ယခုနှစ်သင်္ကြန်အကြိုနေ့၌ များများမတွေ့ရ။

သင်္ကြန်အကြိုနေ့ဖြစ်သော်လည်း အချို့မဏ္ဍပ်များက ညနေ ၅ နာရီမှသာ ဖွင့်ပွဲပြုလုပ်ပြီး ရေပက်ကစားကြမည်ဖြစ်ရာ သင်္ကြန်အကျနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်တွင် သင်္ကြန်မဏ္ဍပ်များစုံစုံလင်လင်ဖြင့် ရန်ကုန်သင်္ကြန်ပွဲတော်က စည်ကားသိုက်မြိုက်တော့မည်ဖြစ်သည်။

ရန်ကုန်သင်္ကြန်အကြိုနေ့တွင် ဘတ်စ်ကားယာဉ်လိုင်းများက ပြေးဆွဲပေးသော်လည်း ဈေးနှုန်းကကြီးသည်။ သင်္ကြန်ကာလမတိုင်ခင်က ဘတ်စ်ကားခများ တိုးမြှင့်ကောက်ခံခြင်းမပြုရန် သတိပေးချက်များ ထုတ်ပြန်ထားသော်လည်း သတ်မှတ်ယာဉ်စီးခထက် ပိုတောင်းနေကြသည်။ နံပါတ် ၅၀ ဘတ်စ်ကားယာဉ်လိုင်းမှ ကားတစ်စီးက အင်းစိန်မှ လှည်းတန်း ငွေကျပ် ၃၀၀၊ လှည်းတန်းမှ မြေနီကုန်းငွေကျပ် ၃၀၀၊ မြေနီကုန်းမှ တာမွေ ငွေကျပ် ၄၀၀ တောင်းနေရာ အင်းစိန်မှတာမွေအထိ ယာဉ်စီးခငွေကျပ် ၁၀၀၀ ခန့် ကုန်ကျနေသည်မှာမဖြစ်သင့်။ စစ်ဆေးသည့်အဖွဲ့များလည်း မတွေ့ရချေ။

အခြားယာဉ်လိုင်းများမှ ဘတ်စ်ကားများလည်း ယာဉ်စီးခများပိုမိုတိုးမြှင့်တောင်းခံနေရာ သင်္ကြန်ကာလအတွင်း အလုပ်ကိစ္စ၊ မသွားမဖြစ်သွားရမည့်ကိစ္စများအတွက် အခက်အခဲကြုံတွေ့ရသည်။ သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့တွင်း၌ ယာဉ်လိုင်းကြီး ၁၄ လိုင်း၊ မီနီဘတ်ယာဉ်လိုင်း ၂၃ လိုင်း၊ ဘီအမ်လိုင်း ၁၅ လိုင်း၊ ဒိုင်နာလိုင်း ၅၄ လိုင်းစသည်တို့ဖြင့် ယာဉ်အစီးရေပေါင်း ၁၆၀၀ ကျော်ပြေးဆွဲပေးမည်ဟု မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက သင်္ကြန်မတိုင်မီက ပြောကြားထားသည်။

"ကျွန်တော်တို့ယာဉ်လိုင်းကတော့ သင်္ကြန်အကြိုနေ့မှာ ဘတ်စ်ကားကိုးစီးနဲ့ ပြေးဆွဲပေးနေပါတယ်"ဟု နံပါတ် ၅၀ ယာဉ်လိုင်းမှ ယာဉ်မောင်းတစ်ဦးက ပြောသည်။ ဘတ်စ်ကားယာဉ်လိုင်းအသီးသီးတွင် သင်္ကြန်ကာလအတွင်းသတ်မှတ်နှုန်းထားအတိုင်း ယာဉ်စီးခတောင်းခံခြင်းများရှိသော်လည်း ပိုမိုတောင်းခံသော ဘတ်စ်ကားများက ပိုများပြားကြောင်း တွေ့ကြုံနေရသည်။ ယာဉ်စီးခအတောင်းကြမ်းသောဘတ်စ်ကားများက ညနေပိုင်းရောက်လေ ယာဉ်စီးခပိုမိုတောင်းခံလေ ဖြစ်သည်။

ယခုနှစ်သင်္ကြန်ကာလအတွင်း ယာဉ်ကြောကျပ်တည်းမှုနှင့် ယာဉ်စည်းကမ်းဖောက်ဖျက်မှုများကို ဖြေရှင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၉၀၀ ကျော် တာဝန်ယူချထားကြောင်း ၅၁ လမ်းယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးက ပြောကြားသည်။ ရန်ကုန်-ပြည်လမ်းအင်းလျားကန်အနီးဝန်းကျင်တစ်ဝိုက်တွင် သင်္ကြန်မဏ္ဍပ်ကြီးများရှိရာနေရာတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ လုံလုံလောက်လောက်ချထားသည်ကို တွေ့ရသည်။ ထို့အတူ ရဲတပ်ဖွဲ့ကားများ၊ မူးယစ်ရမ်းကား ဥပဒေမဲ့ပြုလုပ်သူများအတွက်လည်း ရဲတပ်ဖွဲ့အချုပ်ကားများကိုလည်း ထားရှိပေးထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုနှစ်သင်္ကြန်ပွဲတော်အတွက် မဏ္ဍပ်ပေါင်း ၂၀၀ ကျော် ခွင့်ပြုပေးထားကြောင်း သိရသည်။ ပေ ၁၀၀ နှင့်အထက်မဏ္ဍပ် ၁၉ ခု၊ မဏ္ဍပ်အလတ် နှစ်ခု၊ ပေ ၃၀ နှင့် ပေ ၅၀ အကြားမဏ္ဍပ်အသေး ၁၈၉ ခု ခွင့်ပြုပေး ထားသည်။ "သတင်းမီဒီယာအချို့မှာ ဖော်ပြထားသလို သင်္ကြန်မဏ္ဍပ်ပေါင်း ၃၀၀ ကျော်လောက် ပိတ်လိုက်တယ်ဆိုတာမဟုတ်ပါဘူး။ မမှန်ပါဘူး။ အများပြည်သူနဲ့သက်ဆိုင်တဲ့နေရာတွေမှာ တည်ဆောက်မယ့်မဏ္ဍပ်တွေဟာ အရင်နှစ်က ၁၁ ခုမှ ၁၇ ခုအထိ ရှိနိုင်ပါတယ်။ ဒီနှစ်မှာတော့ ခုံးကျော်တံတားတွေ တည်ဆောက်လိုက်လို့ အဲဒီနေရာတွေက မဏ္ဍပ်ဆောက်လို့မရတော့တဲ့ နေရာတွေဖြစ်သွားတာကြောင့် ခွင့်မပြုခဲ့တာပါ။ ပြည်သူလူထုဘက်က ဦးဆောင်ကျင်းပတဲ့သင်္ကြန်ပွဲတော်ဖြစ်ဖို့ ကျွန်တော်တို့က ထိန်းညှိပေးတဲ့သဘောပါပဲ" ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ယခုနှစ် သင်္ကြန်ပွဲတော်က စတင်လေပြီ။ သင်္ကြန်အကြိုနေ့တွင် သင်္ကြန်ပျော်တို့ အထနေးသော်လည်း ယာဉ်စီးခအတောင်းကြမ်းသော ဘတ်စ်ကားများကြောင့် ချစ်စရာ၊ ပျော်စရာကောင်းသော မြန်မာ့နှစ်သစ်ကူးသင်္ကြန်ပွဲတော်ပုံရိပ်ကိုမထိခိုက်စေလိုသည်မှာ အမှန်ပင်။

**(မြန်မာ့အလင်း)**

# ကျောက်ပန်းတောင်းမြို့နယ်၌ မဟာသင်္ကြန်ပထမအကြတ်နေ့ စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များအား စစ်ဆေးဖမ်းဆီး



**ကျောက်ပန်းတောင်း ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလ မတိုင်မီက စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များကို အရှိန်အဟုန်မြှင့် ဖမ်းဆီးအရေးယူမှုများ ရှိခဲ့သော်လည်း သင်္ကြန်အကြိုနေ့မှစတင်၍ အိတ်ဇောပြောင်းလဲထားသည့် စည်းကမ်းပျက်မော်တော်ဆိုင်ကယ်များ ပိုမိုများပြားလာပြီး မြို့နေလူထု စိတ်မချမ်းမြေ့ဖွယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ သို့ဖြစ်၍ အများပြည်သူ စိတ်ချမ်းမြေ့သာယာစေရန် သင်္ကြန်ချစ်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်စေရန်နှင့် ဥပုသ်သီတင်းသီလဆောက်တည်ကြသူများ တရားဘာဝနာပွားများ နိုင်စေရန်အတွက် မဟာသင်္ကြန်ပထမအကြတ်နေ့ဖြစ်သော ဧပြီ ၁၄ ရက် နံနက် ၉ နာရီမှ စတင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ အိတ်ဇောပြောင်းမော်တော်ဆိုင်ကယ်များအား ဖမ်းဆီးမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိ မော်တော်ဆိုင်ကယ်များမှာ ပုံမှန်မဟုတ်သော အိတ်ဇော ပြောင်းလဲထားသည့် ဆိုင်ကယ်များ၊ အိတ်ဇောလုံးဝဖြုတ်ထားသည့် မော်တော်ဆိုင်ကယ်များ ပါဝင်ပြီး ဖမ်းဆီးရမိ မော်တော်ဆိုင်ကယ် စုစုပေါင်းမှာ ၄၂ စီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မော်တော်ဆိုင်ကယ်ပိုင်ရှင်များအား မြို့နယ်ရဲစခန်းသို့ ခေါ်ယူ၍ ပုံမှန်အိတ်ဇောဖြင့် ပြောင်းလဲတပ်ဆင်စေပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ရဲအုပ်သျှန်အောင်က ပညာပေးဟောပြောခြင်း၊ ခံဝန်ကတိလက်မှတ်ထိုးစေခြင်းများ ပြုလုပ်၍ စနစ်တကျပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# နှစ်သစ်မှာ အမှိုက်ကောက်ကြပါစို့

**ကျော်ရင်မြင့်**

**နှစ်သစ်မှာ အမှိုက်ကောက်ကြရအောင်။**
ဒီစာရေးဆရာ ဘယ်ရွာသွားပြီး အိပ်ပျော်နေပါလိမ့်၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး တစ်နိုင်ငံလုံး အမှိုက်ကောက်ပွဲတော်ဆင်နွှဲခဲ့တာ ခြိမ့်ခြိမ့်သဲ၊ အမှိုက်ကောက်ပြီးခဲ့တာကြာပေါ့လို့ ပြောချင်သူတွေလည်း ရှိမှာပဲ။

ဟုတ်ပါတယ်။ အုတ်အော်သောင်းတင်း အမှိုက်ကောက်ကြတာ သတင်းမီဒီယာတွေမှာ အားပါးတရ မြင်ခဲ့ရပြီးပါပြီ။ အဲဒီလို အမှိုက်မကောက်ကြတော့ဘဲ ပစ်ထားတာကြာပြီမို့ ရွှေနိုင်ငံတစ်ဝန်းလုံး အမှိုက်တွေနဲ့ ပြန်ဖုံးသွားပါပြီ။

နှစ်သစ်မှာ အစိုးရသစ်နဲ့ နိုင်ငံသစ်ထူထောင်ကြမယ့် ရွှေမြန်မာတွေအနေနဲ့ တစ်နိုင်ငံလုံးသန့်စင်သွားတဲ့အထိ အမှိုက်တွေ ကောက်စေချင်တာ။ အမှိုက်တွေကောက်ပြီးရင်လည်း ပွဲပြီး မီးသေမနေကြဘဲ အရိုးစွဲနေတဲ့ အမှိုက်ပစ်တဲ့အလေ့အထဆိုးတွေကအစ ပြုပြင်ကြစေချင်တာပါ။

ရွှေမြန်မာများရဲ့အလေ့ကလည်း မီးစဉ်ကြည့်ကတာ အကျင့်ပါနေတယ်။ ဒေါ်အောင်ဆန်းစုကြည် အမှိုက်ကောက်ရင် လိုက်ကောက်မယ်။ ရေရှားပါးဒေသတွေကို ဒေါ်အောင်ဆန်းစုကြည် ရေလှူမယ်ဆိုရင် တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက် ရေအလှူပွဲ ဆင်နွှဲကြမယ်။ ဒေါ်အောင်ဆန်းစုကြည် မအားလပ်လို့ အဲဒါမျိုးတွေ မလုပ်နိုင်သေးရင်တော့ ကိုကို မမတို့က 'နေမြဲပဲ'။ အဲဒီလိုမဟုတ်ဘဲ နှစ်သစ်ကစလို့ အမှိုက်ကို ပုံမှန်ပြန်ကောက်တာအပါအဝင် လုပ်သင့်လုပ်ထိုက်တာတွေ ကိုယ့်အသိနဲ့ကိုယ်လုပ်ကြဖို့လိုပါပြီ။

အမှိုက်တွေကို သိမ်းသူကတစ်ယောက်၊ ပစ်စလက်ခတ် စွန့်ပစ်သူက ၁၀၀ မို့ မနိုင်မနင်း ရှုပ်ပျက်ဆင်းပျက်ဖြစ်နေရတာပါ။ ဒါကြောင့် ကျွန်တော်တို့အားလုံး အမှိုက်ကို စည်းနဲ့ကမ်းနဲ့ စွန့်ပစ်တတ်တဲ့ အလေ့အထကို စတင်လေ့ကျင့်ကြဖို့ လိုလာပါပြီ။ ဒီကိစ္စက အသိစိတ်ဓာတ်နဲ့ ဆိုင်ပါတယ်။

ဘွဲ့ရပြီးသူ လူငယ်တွေတက်ကြတဲ့ သင်တန်းခန်းတစ်ခုမှာ အသက် ၂၀ ကျော် မိန်းကလေးတစ်ယောက်က သူအသုံးပြုပြီးတဲ့ တစ်ရှူးစက္ကူကို စာသင်ခန်း ကြမ်းပြင်ပေါ် အလွယ်တကူ စွန့်ပစ်လိုက်တယ်။ ဆရာမက "သမီး၊ အမှိုက်ဆိုတာ အဲဒီလိုအလွယ်တကူ ပစ်မချရဘူး။ အမှိုက်ပုံးထဲကို စနစ်တကျသွားထည့်ရတယ်" ဆိုပြီး ပြောတာကို သင်တန်းသူက ပြူးကြောင်ကြောင်မျက်နှာပေးနဲ့ပြန်ကြည့်တယ်။ "သမီးတို့ အိမ်မှာလည်း ဒီလိုပစ်တာပဲ" ဆိုပြီး ပြန်ဖြေတယ်။ ဒီအသက်ဒီအရွယ်သာ ရောက်တယ်၊ ဘွဲ့သာရတယ်၊ အမှိုက်ကို ဘယ်လိုပစ်ရမယ်၊ ဘယ်လို မပစ်ရဘူးဆိုတဲ့ လူယဉ်ကျေးတို့ရဲ့ အခြေခံအသိတောင် ပါမလာတာ တွေ့ရပါတယ်။

အမှိုက်ကို လက်လွတ်စပယ် ပစ်ချင်သလိုပစ်တာဟာ စည်းကမ်းမဲ့တာ၊ ရှက်စရာကောင်းတာလို့တောင်မှ မသိတဲ့သူတွေများတယ်။ ယဉ်ကျေးမှုကင်းမဲ့ပြီး ယိုယွင်းပျက်စီးနေတဲ့ ပတ်ဝန်းကျင်ထဲမှာ မွေးဖွားကြီးပြင်းလာရသူတွေဟာ အမှိုက်စွန့်ပစ်ပုံ ယဉ်ကျေးမှုကိုတောင်မှ နားမလည်ကြဘဲ ဖြစ်နေတယ်။ ဒါကြောင့်လည်း နိုင်ငံနဲ့အဝန်း အမှိုက်လို လူတွေ၊ လူတွေပစ်ထားတဲ့ အမှိုက်တွေနဲ့ မြင်မကောင်းအောင် ရှုပ်ပွနေတာပါ။

> **နှစ်သစ်မှာ အစိုးရသစ်နဲ့ နိုင်ငံသစ်ထူထောင်ကြမယ့် ရွှေမြန်မာတွေအနေနဲ့ တစ်နိုင်ငံလုံးသန့်စင်သွားတဲ့အထိ အမှိုက်တွေ ကောက်စေချင်တာ။ အမှိုက်တွေကောက်ပြီးရင်လည်း ပွဲပြီး မီးသေမနေကြဘဲ အရိုးစွဲနေတဲ့ အမှိုက်ပစ်တဲ့အလေ့အထဆိုးတွေကအစ ပြုပြင်ကြစေချင်**

စာသင်ကျောင်းတွေမှာ ကျောင်းသား ကျောင်းသူတွေကို အမှိုက်စွန့်ပစ်နည်း သွန်သင်ပြသ လေ့ကျင့်ပေးဖို့လိုပါတယ်။ ဆရာ ဆရာမတွေကိုယ်တိုင်ကလည်း နမူနာပြရမယ်။ အမှိုက်ကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်တာ ရှက်စရာကောင်းတယ်ဆိုတာကို သိနားလည်လာအောင်လည်း လူငယ်တွေကို အသိအမြင်ပေးစေချင်ပါတယ်။

မြန်မာနိုင်ငံရဲ့ နေရာဒေသတိုင်းမှာ ကြွပ်ကြွပ်အိတ်စုတ်အမှိုက်တွေ မြင်မကောင်းအောင် စုပုံနေတာ တွေ့ရပါတယ်။ ဝေးလံခေါင်ပါးတဲ့ ချင်းတောင်တန်းလည်း မလွတ်ဘူး။ တနင်္သာရီကမ်းရိုးတန်းလည်း ကြွပ်ကြွပ်အိတ်စုတ်တွေနဲ့ မကင်းဘူး။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားတွေလိုလားသလို ကြွပ်ကြွပ်အိတ်တွေ အလွယ်တကူသုံးတာ၊ လက်လွတ်စပယ်ပစ်တာကို ပြုပြင်ကြဖို့လည်း အချိန်တန်နေပြီဖြစ်ပါတယ်။ မဟုတ်ရင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို ကြွပ်ကြွပ်အိတ်စုတ်တွေက ဝါးမျိုပစ်တော့မယ့်အချိန်နီးလာနေပါပြီ။

မန္တလေးမြို့မှာ မြို့တော်ဝန် ဦးဖုန်းဇော်ဟန် တာဝန်ယူစဉ်က ကြွပ်ကြွပ်အိတ်အသုံးပြုတဲ့ကိစ္စကို ဖိဖိစီးစီး အရေးယူဆောင်ရွက်တာ တွေ့ဖူးပါတယ်။ ဈေးဆိုင်တွေမှာ ပြန်ကျိုလို့မရတဲ့ ပလတ်စတစ်ကြွပ်ကြွပ်အိတ်မျိုး မရောင်းဖို့ ကြပ်ကြပ်မတ်မတ် လုပ်တယ်။ ကြွပ်ကြွပ်အိတ်တွေ တော်တော်လျော့နည်းသွားဖူးတယ်။ အင်မတန်ကောင်းတဲ့လုပ်ရပ်ဖြစ်ပါတယ်။ သူလည်း ပြောင်းသွားရော ဒုံရင်း ဒုံရင်း ပြန်ဖြစ်သွားရော ။

ပြောင်းလဲချိန်တန်ပြီဆိုတဲ့ အသိစိတ်နဲ့ နိုင်ငံကို အရွှေ့တစ်ခုရွှေ့အောင် ညီညွတ်တဲ့အင်အားနဲ့ ကျွန်တော်တို့တွေ ကြိုးပမ်းခဲ့ကြပါပြီ။ ပြည်သူလူထုရဲ့ ညီညွတ်တဲ့အင်အားဟာ အရာရာကို ကောင်းတဲ့ဘက် ပြောင်းယူလို့ရနိုင်တယ်ဆိုတာ လက်တွေ့အကျိုးခံစားကြရပါပြီ။ မြန်မာနိုင်ငံကို လူနေမှုအဆင့်မြင့်ပြီး နေပျော်တဲ့တိုင်းပြည်ဖြစ်အောင် ဒီလိုညီညွတ်ခြင်းစွမ်းအားနဲ့ လုပ်ဆောင်ရင် မအောင်မြင်နိုင်စရာ မရှိပါဘူး။

အရင်အစိုးရလက်ထက်က မန္တလေးမြို့တော်ဝန်ရဲ့ အစည်းအဝေးခန်းမမှာ Green City အကောင်အထည်ဖော်ရေးအတွက် အကြံပေးဖို့ဆိုပြီး အစည်းအဝေးဖိတ်လို့ သွားတက်ဖူးတယ်။ အဲဒီအစည်းအဝေးမှာ ယခုပြောင်းသွားပြီဖြစ်တဲ့ မြို့တော်ဝန်ဟောင်းက ပင်စင်စားကြီးတစ်ဦး၏ပေးစာဆိုတာကို ဖတ်ပြခိုင်းလို့ ကော်မတီအတွင်းရေးမှူးက ဖတ်ပြပါတယ်။ စာရဲ့ဆိုလိုရင်းကတော့ အမှိုက်ပစ်တဲ့လူတွေကို ဒဏ်ငွေထိထိမိမိရိုက်ရင် စင်ကာပူလိုသန့်ရှင်းမယ်ဆိုတဲ့ အကြံပြုချက်ပါ။ အဲဒီစာကို ဖတ်ပြနေချိန်က ကျွန်တော့်အိတ်ထဲမှာ အမှိုက်စတွေ ရှိနေပါတယ်။ စည်ပင်သာယာရေးရုံးကိုလာရင်း လက်ထဲမှာ အမှိုက်ကရှိလာတာပါ။ ပြဿနာက ကျွန်တော်တို့ရဲ့ စည်ပင်သာယာရေးရုံးကြီး တစ်ဝိုက်က လမ်းပေါ်မှာ အမှိုက်ပစ်စရာအမှိုက်ပုံး ရှိမနေတာပါပဲ။ လက်လွတ်စပယ်စွန့်ပစ်တဲ့အမှိုက်တွေ ကင်းစင်ဖို့အတွက် အမှိုက်ပစ်တဲ့ အလေ့အကျင့်တွေကို ပြုပြင်ဖို့၊ စည်းကမ်းမဲ့အမှိုက်ပစ်သူတွေကို အရေးယူဖို့လိုသလို အဆင်ပြေပြေအမှိုက်ပစ်စရာ အမှိုက်ပုံးတွေ လက်တစ်ကမ်းမှာရှိဖို့လည်း လိုပါတယ်။

ယခုအခါ NLD တွေဟာ လူတွေကြားမှာပေါ်ပြူလာဖြစ်တယ်။ နမူနာယူစရာ စံပြတွေလည်း ဖြစ်ကြပါတယ်။ ဒါကြောင့် အမှိုက်ကင်းစင်ရေးကိစ္စကို NLD တွေက ကိုယ့်အသိနဲ့ကိုယ် စလုပ်ကြရင် လူတွေကလည်း အတုယူပြီး လိုက်လုပ်လာကြမှာဖြစ်ပါတယ်။ NLD ရုံးတွေမှာ အမှိုက်ပုံးတွေထားကြမယ်။ အမှိုက်တွေကို စည်းနဲ့ကမ်းနဲ့ နမူနာပြစွန့်ပစ်ကြမယ်။ ကွမ်းစားတာ အကျင့်ပါနေသူတွေကလည်း ရေသန့်ဘူးခွံလေးတွေ ကိုယ်ပိုင်ဆောင်ထားပြီး ကိုယ့်ကွမ်းတံတွေးကို ကိုယ့်ဘူးထဲ ထွေး၊ ကွမ်းတံတွေးဘူးတွေကို အမှိုက်ပုံးထဲ သန့်သန့်ရှင်းရှင်း ထည့်ပစ်ကြမယ်ဆိုရင် အတုယူစရာ ဖြစ်လာကြပါမယ်။

ဒေါ်အောင်ဆန်းစုကြည် မအားလပ်လို့ ဦးဆောင်ပြီး အမှိုက်မကောက်နိုင်သေးပေမယ့် NLD တွေက ကိုယ့်ပတ်ဝန်းကျင်တစ်ဝိုက်မှာ ကိုယ့်အသိနဲ့ကိုယ် အမှိုက်ရှင်းကြမယ်။ အမှိုက်စနစ်တကျစွန့်ပစ်ရေး ပညာပေးစည်းရုံးကြမယ်ဆိုရင် သိပ်ကြာကြာလုပ်စရာမလိုဘဲ အချိန်တိုတိုအတွင်းမှာ ရွှေနိုင်ငံကြီးဟာ ပိုပြီးလှပလာမှာသေချာပါတယ်။ အရေးကြီးတာကတော့ ကောင်းတဲ့အလုပ်ကိုလုပ်ရာမှာ အထက်ကညွှန်ကြားချက်တွေကို စောင့်မနေဘဲ ကိုယ့်အသိနဲ့ကိုယ် စလုပ်ကြဖို့ပါ။

နှစ်သစ်မှာ အမှိုက်ကောက်ကြပါစို့၊ အမှိုက်တွေကို စနစ်တကျစွန့်ပစ်တတ်တဲ့ အလေ့အကျင့်ကောင်းတွေ မွေးမြူကြပါစို့။ စည်းကမ်းမဲ့တာ ရှက်စရာလို့မြင်ပြီး ကိုယ်တိုင်ကစလို့ ပြုပြင်ကြရအောင်ပါ။

# ရန်ကုန်မြို့တော်တစ်ခွင် သင်္ကြန်တေးသံသာများဖြင့် ပျော်ရွှင်စွာရေကစား

**ရန်ကုန် ဧပြီ ၁၄**

၁၃၇၇ ခုနှစ် မဟာသင်္ကြန် ပထမအကြတ်နေ့တွင် ရန်ကုန်မြို့တော်တစ်ခွင် အဓိကလမ်းမကြီးများ၌ ရေပက်ခံကားများ၊ ရေကစားမဏ္ဍပ်များဖြင့် တိုးမပေါက်အောင် အထူးစည်ကား များပြားလျက်ရှိသည်ကို တွေ့ရသည်။

ယနေ့နံနက်ပိုင်းက မြို့တော်ဗဟိုမဏ္ဍပ်၌ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ရုပ်ရှင်အနုပညာရှင်များက သင်္ကြန်တေးသံသာများဖြင့် သီဆိုဖျော်ဖြေခဲ့ရာ ထောင်ပေါင်းများစွာသော ပရိသတ်များက သီဆိုကခုန်မြူးထူးလျက် အားပေးခဲ့ကြသည်ကို တွေ့ရသည်။ မြို့တော်ဗဟိုမဏ္ဍပ်၌ သင်္ကြန် ဒုတိယအကြတ်နေ့ ဧပြီ ၁၅ ရက်တွင် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ဂီတအနုပညာရှင်များ၊ နာမည်ကြီးအဆိုတော်များ လာရောက်ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

နံနက် ၈ နာရီမှ ၉ နာရီတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၃ နာရီထိ တစ်ကြိမ်၊ ညနေ ၅ နာရီ မှ ည ၇ နာရီအထိတစ်ကြိမ် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဂီတဖျော်ဖြေမှုများကို နံနက် ၉ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ ၁၀ နာရီအထိ တစ်ကြိမ် စုစုပေါင်းဂီတအစည်းအရုံးမှ သုံးကြိမ်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့၏ အဓိကလမ်းမကြီးများတစ်လျှောက် ရေပက်ခံကားများဖြင့် အထူးစည်ကားလျက်ရှိသည်။ ရန်ကုန်မြို့တွင်း အဓိကလမ်းမကြီးများအပြင် ရန်ကုန်-ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်း၊ ဆင်ခြေဖုံးရပ်ကွက်လမ်းများအတွင်း ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်။ သို့သော်လည်း မထသယာဉ်လိုင်းမှ City Bus များ ပြေးဆွဲမှုနှုန်းနည်းပါး၍ ယာဉ်စီးခမှာ



ယမန်နှစ်ကထက် နှစ်ဆနီးပါး မြင့်တက်သွားခဲ့သည်။

လမ်းများပေါ်တွင် အများဆုံး တွေ့ရသော ရေပက်ခံကားများ၊ ကိုယ်ပိုင်ယာဉ်များနှင့် အငှားယာဉ်များဖြစ်သည်။ အဆိုတော်နှင့် သရုပ်ဆောင်များသီဆိုသော မဏ္ဍပ်များ၌ အထူးစည်ကားလျက်ရှိသည်။ နေ့လယ် ရေပက်ကစားမှုရပ်နားချိန်တွင် အင်လျားကန်ပေါင်တစ်လျှောက်နှင့် မဏ္ဍပ်ကြီးများရှိရာ အရိပ်ရသည့် နေရာများ၌ အေးချမ်းစွာ အပန်းဖြေအနားယူလျက်ရှိသည်။

ရပ်ကွက် လမ်းများအတွင်း နှစ်ကျိပ်ရှစ်ဆူမဏ္ဍပ်များ၌ ဥပုသ်သီလဆောက်တည်သူများ၊ စတုဒိသာ ကျွေးမွေး လှူဒါန်းကြသူများ၊ မြို့တော်တစ်ခွင် နှစ်သစ်ကူးကာလအခါသမယတွင် ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# နေပြည်တော်သင်္ကြန်အကြတ်နေ့ လေ့ခွင်းတောင်၌ ကြက်ပျံမကျစည်ကား

**နေပြည်တော် ဧပြီ ၁၄**

၁၃၇၇ ခုနှစ် မြန်မာတို့၏ရိုးရာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု လေ့ခွင်းတောင်အနီးရှိ ပေါင်းလောင်းမြစ်တွင် သင်္ကြန်ချစ်သူများ ကြက်ပျံမကျစည်ကားလျက်ရှိနေသည်ကို တွေ့ရသည်။

အဆိုပါလေ့ခွင်းတောင်တော်အနီးရှိ ပေါင်းလောင်းမြစ်ဘေး ကျည်တောင်သင်္ကြန်မဏ္ဍပ်သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အဖွဲ့သည် ယင်းနေ့ညနေ ၃ နာရီတွင် ရောက်ရှိလာပြီး ယိမ်းလှပျိုဖြူများ၏ အကအလှတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ဆုငွေများချီးမြှင့်ခဲ့သည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့်အတူ ပေါင်းလောင်းရေလှောင်တမံ စီမံကိန်းသို့ ဆက်လက်ထွက်ခွာပြီး စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးဇော်မင်းထွန်းနှင့် ဦးစီးမှူးဦးမျိုးဆွေက စီမံကိန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြကာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရုံးတက်၍ လုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သင်္ကြန်အကြတ်နေ့ (မေ ၁၄ ရက်) မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ရုံးတက်၍ အရေးကြီးကိစ္စရပ်များဆောင်ရွက်ခဲ့ကြောင်း သမ္မတရုံးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေး၏ ဖေ့စ်ဘွတ်ခ်၌တင်ထားသော သတင်းစာသားနှင့် ဓာတ်ပုံများအရ သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ညာဘက်မျက်လုံး ခွဲစိတ်ထားမှုအခြေအနေကောင်းမွန်ပြီး အလင်းရောင် အနည်းငယ် စူးရှသည်မှအပ စာများ ကောင်းမွန်စွာ ဖတ်ရှုနိုင်ကာ လက်ရှိအချိန်အထိ ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ညနေ ၆ နာရီ ၁၀ မိနစ်တွင် ရုံးဆင်းသွားခဲ့ကြောင်း သိရသည်။

**ညီညီထွန်း**
**ဓာတ်ပုံ-ကျော်ဇေယျ(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

မိုင်ပေါင်း ၄၀၀ ခန့် ရှည်လျားကြောင်း သိရသည်။

ယခုကဲ့သို့ ကျီခါး -ပလက်ဝ လမ်းမကြီးဖောက်လုပ်ရေးအစီအစဉ်သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုစီးပွားဘဝမြှင့်တင်ရေးအပြင် အိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုနှင့် ကုန်သွယ်မှုပိုမိုတိုးတက်စေရေးတို့အတွက် ရည်ရွယ်လျာထားခြင်းဖြစ်သည်။

လက်ရှိ ချင်းပြည်နယ်၏လမ်းအခြေအနေနှင့်ပတ်သက်၍ ၂၀၁၁-၂၀၁၅ ခုနှစ်အတွင်း ချင်းပြည်နယ်၌ အဆင့်မြှင့်တင်သည့်လမ်းနှင့် အသစ်ဖောက်လုပ်သည့်လမ်း စုစုပေါင်း မိုင် ၁၀၀၀ ခန့်ရှိသည်ဟု ချင်းပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဟောင်း ဦးရမ်မန်းက ပြောသည်။

"အတိအကျတော့ မသိဘူး၊ မြှင့်တင်တဲ့လမ်းနဲ့ အသစ်ဖောက်ပြီးတဲ့လမ်းတွေအားလုံးပေါင်းလိုက်ရင် မိုင် ၁၀၀၀ ကျော်ပါတယ်။ ဥပမာအားဖြင့် ကန်ပက်လက်မှာ ကားလမ်းမရှိသေးတာ အခုငါးနှစ်တွင်းမှာ မိုင် ၂၀၀ ကျော်ရှိလာတယ်။ လုံးဝမရှိသေးတဲ့လမ်းအသစ်ဖောက်ပြီးတာ မိုင် ၄၀၀ကျော်ပါတယ်" ဟု ဦးရမ်မန်းက ပြောသည်။

ချင်းပြည်နယ်အတွင်း လမ်းတည်ဆောက်ရေးစီမံကိန်း၏ အဆိုပြုချက်အရ ၂၀၁၆-၂၀၂၁ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း ကားလမ်းဖောက်လုပ်ရန် အမေရိကန်ဒေါ်လာ ၃၇ သန်းကျော်လျာထားကြောင်း ယခင်အစိုးရအဖွဲ့၏ အစီရင်ခံစာတစ်ခု၌ ဖော်ပြထားသည်။

မီဇိုရမ်ပြည်နယ်ဝန်ကြီးချုပ် ပူးလာလ်ထန်ဟောလ်လာကလည်း ချင်းပြည်နယ်၏ ကားလမ်းများဖောက်လုပ်ရေးအတွက် အိန္ဒိယအစိုးရက ငွေကြေးထောက်ပံ့ရန်အစီအစဉ်ရှိသည်ဟု မေ ၆ ရက်နှင့် ၈ ရက်က ကလေးမြို့သို့ ရောက်ရှိစဉ် ပြောကြားခဲ့သည်။

"ချင်းပြည်နယ်ဘက် လမ်းဖောက်လုပ်ရေးအတွက် အိန္ဒိယဗဟိုအစိုးရက ရူပီးကုဋေ ၂၀၀၀ ကျော် မြန်မာအစိုးရကို ထောက်ပံ့ပေးဖို့ရှိပါတယ်" ဟု မီဇိုရမ်ဝန်ကြီးချုပ်က ပြောသည်။

ယခုအစိုးရအနေဖြင့် ဦးစားပေးတည်ဆောက်မည့် ကျီခါး-ပလက်ဝ အဝေးပြေးလမ်းဖောက်လုပ်ရေးကိစ္စနှင့်ပတ်သက်၍ မကြာသေးခင်ရက်ပိုင်းကလည်း ဟားခါးမြို့၌ ဗြိတိန်နိုင်ငံမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကြောင်းသည် အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံမှ အကျိုးတူပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသော ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်း၏ ဆက်သွယ်ရေးလမ်းတစ်ခုဖြစ်သော ပလက်ဝ-မြိတ်ဝ လမ်းကြောင်းကို တိုက်ရိုက်ချိတ်ဆက်နိုင်ရန် အလားအလာများစွာရှိသည်။

✱ *ရှေ့ဖုံးမှ*

မွန်းလွဲပိုင်းတွင် နေပြည်တော်ရေပန်းဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် ငလိုက်ကန်သာတို့၌ သင်္ကြန်နေပူရှိန်ကို အရိပ်ခို၍ မိသားစုအလိုက်၊ အသင်းအဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် အနားယူ အပန်းဖြေကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များကလည်း သင်္ကြန်ချစ်သူပြည်သူများ ဘေးအန္တရာယ် ကင်းစေရေးအတွက် တာဝန်ယူဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်ရသည်။ သို့ရာတွင် မဟာသင်္ကြန်ကာလအတွင်း လိုက်နာရန်ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုလျစ်လျူရှု၍ ဆိုင်ကယ် အိတ်ဇောပိုက်များဖြုတ်ကာ ဆူညံစွာဖြင့် မောင်းနှင်နေကြသည်မှာ မြို့တော် နေပြည်တော်ကို ရုပ်ဆိုးအကျည်းတန်စေသည်။

မြန်မာ့ရိုးရာအတာရေသဘင်ပွဲတော်ကိုပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများရှိသကဲ့သို့ နေပြည်တော်တစ်ဝန်းရှိ ဘုရား၊ ကျောင်းကန်ဇရပ်တို့၌ ဥပုသ်သီတင်းသီလဆောက်တည်၍ တရားဘာဝနာပွားများအားထုတ်ကြသူများ၊ တစ်ဦးချင်းအလိုက်၊ မိသားစုအလိုက်၊ ရပ်ကွက်အလိုက် စတုဒိသာကုသိုလ်ပြုကျွေးမွေးလှူဒါန်းကြခြင်းဖြင့် ကုသိုလ်ဒါန သီလဆောက်တည်ကြသူများကို ကြည်နူးဖွယ် တွေ့မြင်ရသည်။

**(သတင်းစဉ်)**

# ဇေယျာသီရိမြို့နယ်အတွင်းရှိ တပ်မတော်ရေကစားမဏ္ဍပ်များ၌ ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များ သီဆိုကပြဖျော်ဖြေ

**နေပြည်တော် မေ ၁၄**

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်အကြတ်နေ့ဖြစ်သော ယနေ့တွင် နေပြည်တော် ဇေယျာသီရိကုန်တိုက်အနီးရှိ ရေကစားမဏ္ဍပ်၊ တပ်မတော်ဆေးရုံကြီးရှေ့ရှိ ရေကစားမဏ္ဍပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အိမ်ထောင်သည်လိုင်းအနီး ရေကစားမဏ္ဍပ်များ၌ ရေပက်ခံလာသူများ၊ ရေပက်ကစားသူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး မိသားစုသင်္ကြန်ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များ၊ တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြကာ စတုဒိသာအကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြသည်။

ထို့အတူ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ရေကစားမဏ္ဍပ်နှင့် နေပြည်တော်တည်းခိုရေး စခန်းရှေ့ရှိ ရေကစားမဏ္ဍပ်တို့၌လည်း မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့ သွားရောက်ကြည့်ရှုအားပေးပြီး ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဏ္ဍပ်များအလိုက် ကပြဖျော်ဖြေခဲ့သောယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နေပြည်တော်ရှိSKY NET ရေကစားမဏ္ဍပ်သို့ သွားရောက်၍ ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# စစ်တွေမြို့၌ သင်္ကြန်အကြတ်နေ့တွင် အေးချမ်းပျော်ရွှင်စွာ ရေကစားသူများဖြင့် အထူးစည်ကား

**စစ်တွေ မေ ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ သင်္ကြန်ပထမရက်များတွင် မြို့လုံးကျွတ်ရှိ ပြည်သူများသည် ဗဟိုမဏ္ဍပ်သို့လာရောက်၍ ရေပက်ခံကစားကာ အဆိုအကများအား ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုအားပေးလျက်ရှိသည်။

စစ်တွေမြို့၌ သင်္ကြန်အကြတ် ပထမနေ့တွင် နံနက်ပိုင်းမှစ၍ ရေပက်ကစားသူများသည် တစ်နေ့တာလုံး မြို့တွင်း မြို့ပြင်များသို့ လှည့်လည်ကြပြီး နေ့လယ်ပိုင်းတွင်း ဖျော်ဖြေရေးဗဟိုမဏ္ဍပ်သို့ရောက်ရှိလာရာ ဖျော်ဖြေရေးစင်မြင့်မှ သင်္ကြန်ယိမ်းအကအလှများနှင့် ရခိုင်တေးသံရှင်များက သင်္ကြန်သီချင်း၊ ရခိုင်ရိုးရာတေးသီချင်းများကို သီဆိုဖျော်ဖြေကြရာ သင်္ကြန်ချစ်သူ ရပ်နီးရပ်ဝေးမှ ပရိတ်သတ်များသည် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားကာ ပျော်ရွှင်အေးချမ်းစွာဖြင့် လာရောက်ရေကစားကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မိုးဆက်လက် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၄

**မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။**
(မိုး/ဇလ)

❒ *ကျော်ဖုံးမှ*

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို သိရှိနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည် -

**ဒေါက်တာ ဝင်းမြတ်အေး**

**ပြည်ထောင်စုဝန်ကြီး**

**မေး ။ ကလေးမြို့ကို ဗဟိုပြုပြီး လှုပ်ခတ်ခဲ့တဲ့ ငလျင်နဲ့ပတ်သက်ပြီး ဝန်ကြီးဌာနက ဆောင်ရွက်ထားရှိမှုနဲ့ အခုပျက်စီးဆုံးရှုံးမှုနဲ့ ပတ်သက်ပြီး ရရှိထားတဲ့ သတင်းအချက်အလက် အခြေအနေလေးကို ပြောပြပေးစေချင်ပါတယ်ခင်ဗျာ။**

ဖြေ ။ ငလျင်နဲ့ပတ်သက်လို့ မနေ့ည ၈ နာရီ ၂၈ မိနစ်ခန့်မှာ ကလေးမြို့ အရှေ့တောင်ဘက် ၄၂ မိုင်အကွာကို ဗဟိုပြုပြီး ၆ ဒသမ ၈ အင်အားရှိတဲ့ ငလျင်လှုပ်သွားတယ်ဆိုတာကို မနေ့ညက သတင်းရရှိပါတယ်။ သတင်းရရချင်းမှာပဲ ကျွန်တော်တို့ အမြန်ဆုံးလုပ်နိုင်တာက ဖေ့စ်ဘွတ်ခ်ကနေ Status တင်လိုက်ပါတယ်။

တင်ပြီးတော့ သက်ဆိုင်ရာ တကယ်သိတဲ့သူတွေကို ဘယ်ဒေသတွေက သိလိုက်သလဲဆိုတာနဲ့ ဘာတွေခံစားရသလဲဆိုတာ ဖေ့စ်ဘွတ်ခ်မှာ တင်ပေးကြဖို့ဆိုပြီး ပြောတော့ အများကြီးပဲ တင်လာကြပါတယ်။ တင်လာကြတာတွေအားလုံးကို ညက ကြိုသိလိုက်ရတော့ သတင်းအရ ဘာဖြစ်သလဲဆိုရင် ထိခိုက်မှု အကြီးအကျယ်မရှိဘူး။ လူတွေ၊ အိမ်တွေ ပျက်စီးမှု မဖြစ်ဘူး။ ဒါပေမယ့် လှုပ်ခတ်သွားတာကို ထင်ထင်ရှားရှား၊ သိသိသာသာတစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ အများအပြားသိတယ်ဆိုတဲ့သတင်းကို ကျွန်တော်တို့ ရရှိပါတယ်။

ရတော့ အဲဒီသတင်းကို ဘယ်လိုလုပ်သလဲဆိုတော့ ချက်ချင်းပဲ နီးစပ်ရာဌာနတွေ ဖြန့်ဝေပါတယ်။ နောက်နိုင်ငံတော်ရဲ့ သတင်းဌာနတွေကိုလည်း ညက သတင်းပို့လိုက်တာ ရှိပါတယ်။ အခုမနက်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ဆက်သွယ်လိုက်တော့ ဝန်ကြီးချုပ်ကလည်း ငလျင်လှုပ်တဲ့သတင်းကို သိရှိတဲ့အတွက် လူမှုရေးဝန်ကြီးကို ကနီမြို့ကို လွှတ်လိုက်တဲ့အကြောင်း ပြောပါတယ်။

နောက်ပြီးတော့ သတင်းတွေကိုလည်း ရအောင်ယူပြီးတော့ ဆက်လက်ဆက်သွယ်နေပါမယ်လို့ ဆောင်ရွက်နေပါတယ်ဆိုပြီး ပြောပါတယ်။ ကျွန်တော်တို့က အဓိက သိချင်တာက ငလျင်လှုပ်ခတ်တာနဲ့ ပတ်သက်ပြီးတော့ ပြည်သူလူထုက တစ်တိုင်းတစ်ပြည်လုံးက တော်တော်နေရာအနှံ့က ခံစားလိုက်ရတာရှိတယ်။ ရှိတော့ တချို့က တော်တော်လေးကို တုန်လှုပ်ချောက်ချားတာရှိတယ်။ ဘာကြောင့်လဲဆိုတော့ အင်အားကလည်း တော်တော်လေးကို ပြင်းတာကြောင့်ပါ။ ဒါပေမယ့် သေချာပြန်လေ့လာလိုက်တဲ့အခါ ဒီငလျင်က အနက် ကီလိုမီတာ ၁၃၀ လောက်မှာ ဗဟိုပြုနေတဲ့အချက်ကို သွားတွေ့ရပါတယ်။

အဲဒါကြောင့်မို့ မြေပြင်ပေါ်မှာ အပျက်အစီးနည်းတယ်။ ဒါပေမယ့် ဒီလှုပ်ခတ်မှုကိုတော့ အားလုံးက သိသိသာသာ ခံစားရတယ်ဆိုတဲ့ အကြောင်းလေးတွေ ရှိတယ်။ အရင်ပြီးခဲ့တဲ့ငလျင်တွေနဲ့ ကွာခြားချက်က အနက်က အတော်နက်နက်မှာဖြစ်တဲ့ အတွက်ကြောင့် မြေပြင်ပျက်စီးမှုတွေ နည်းသွားတာကို တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့က သိချင်တာက တကယ့်မြေပြင်မှာ အပျက်အစီး ဘယ်လောက်များသလဲဆိုတာ သိချင်တော့ အခုမနက်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနက လူတွေနဲ့ စုရုံးပြီးတော့ ညကတည်းက ကျွန်တော်တို့ပြင်ဆင်ထားတာပေါ့။ စုရုံးပြီးတဲ့အခါကျတော့ ကျွန်တော်တို့ အားလုံးစုစည်းပြီးတော့ မြေပြင်သတင်းတွေကို ရယူလိုက်တယ်။ ရယူလိုက်တဲ့အခါကျတော့ မြေပြင်သတင်းအရ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မှာ ဘုရားလေးဆူ ထီးတော်ကွဲတယ်။ ကနီမြို့နယ် ဝယားကျေးရွာမှာ သိမ်၊ ဘုရားထီးတော်ယိုင်တယ်။ ရွှေနန်းဦးနဲ့ ဖောင်တော်ဦးဘုရားတွေမှာ စိန်ဖူးတော်မြေခတယ်။ ချောင်းမကျေးရွာ ဆုတောင်းပြည့်ဘုရား အက်ကြောင်းထတယ်။ အုတ်တွင်းကျေးရွာ၊ လက်ပန်စုကျေးရွာ ၊ ခိုတွင်းကျေးရွာ၊ ညောင်တူကျေးရွာတွေမှာ ဘုရားသုံးဆူ အက်ကွဲတယ်။

အဲဒီနောက် ဆားလင်းကြီးမြို့နယ် ဝကန်ကျေးရွာမှာ စိန်ဖူးမြေခတာရှိတယ်။ နောက်ပြီးတော့ ဝက်မှေးကန်ကျေးရွာတွေမှာ ဘုန်းကြီးကျောင်း အက်ကြောင်းထတယ်။ ဒါတွေကိုသတင်းရရှိတယ်။ နောက်တစ်ခါ ယင်းမာပင်ဘက်မှာ မြရိပ်ကျေးရွာ ဘုရားလေးဆူ ထီးတော်စောင်းတယ်။ မုံရွာမြို့ အလုံမြို့နယ် ရွှေပြည်အေးရပ်ကွက် အထက(၂) ကျောင်းအုတ်တံတိုင်း ၁၈ ခန်းပြိုကျတယ်။

နောက်ပြီးတော့ ချောင်းဦး ဘုရားတစ်ဆူဟာ စိန်ဖူးတော်မြေခတယ်။ နောက် ကနီမြို့နယ်ဘက်မှာလည်း ပက်ကြားဝကျေးရွာနဲ့ တောင်ပျောက်ကျေးရွာကြားမှာ ၁၁ ကေဗွီအေ ဓာတ်ကြိုးမီးလောင်ပြီးတော့ ပျက်စီးသွားတာရှိတယ်။ နောက်ပြီးတော့ မိခင်နဲ့ကလေး အဆောက်အအုံ မျက်နှာကြက်ပြိုကျတယ်။ ရေစကြိုမြို့နယ်ဘက်မှာတော့ ဘုရား အက်ကြောင်း ထတာရှိတယ်။ လူအသေအပျောက်၊ အထိအခိုက်ဘာမှ မရှိဘူး။

နောက်တစ်ခုအရေးကြီးတာက ပြည်သူတွေ စိုးရိမ်တာ တစ်ချက်ရှိတယ်။ ဒါကဘာလဲဆိုတော့ နဂိုကတည်းက ဖြစ်ခဲ့တဲ့ ချင်းပြည်နယ် တွန်းဇံမြို့နယ် တီွလွိချောင်းဖျားမှာ ရှိတဲ့ မြေပြိုဆည်ကြီးက အန္တရာယ်ရှိစွာ ခြိမ်းခြောက်နေတဲ့ သဘော ရှိခဲ့တယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း သက်ဆိုင်ရာဌာနတွေနဲ့ ကာကွယ်ရေးလုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာတွေ ညှိနှိုင်းဆောင်ရွက်နေတဲ့ကိစ္စတွေ ရှိပါတယ်။

အဲဒီမြေပြိုဆည်နဲ့ပတ်သက်လို့ကတော့ လက်ရှိသတင်းအရတော့ မြေပြိုဆည်မှာ ထိခိုက်မှုမရှိဘူး။ နောက် ရာဇဂြိုဟ်ဆည်မှာလည်း ဘာမှ ဖြစ်တယ်ဆိုပြီးတော့ မတွေ့ရသေးဘူး။ ဒါကို ဘယ်သူက ပူပင်တာလဲဆိုတော့ ကလေးမြို့နယ်မှာ ရှိတဲ့ ပြည်သူလူထုအနေနဲ့ ဒါကြီးက တစ်ခုခုဆိုရင် သူတို့အတွက်ကို အန္တရာယ်ရှိတယ်ဆိုပြီးတော့ ပူမှာပေါ့။ ဒါကြောင့်မို့ ကလေးမြို့မှာရှိတဲ့ ကျွန်တော်တို့ဝန်ကြီးဌာနက အဖွဲ့တွေ အဲဒီနေရာကို ရောက်အောင်သွားပြီး လေ့လာတာတွေရှိတယ်။ ဒါတွေ ဆက်လက်ဆောင်ရွက်နေပါတယ်။

အဲဒါကတော့ ကျွန်တော်တို့ အခုရတဲ့ မြေပြင်သတင်းဖြစ်ပါတယ်။ ဒီသတင်းတွေအားလုံးနဲ့ နောက်ထပ်ဆက်ရရှိတဲ့သတင်းတွေကို Update လုပ်နေမှာ ဖြစ်ပါတယ်။ အဲဒီမှာ ကံကောင်းတာက ငလျင်ရဲ့ ဗဟိုပြုချက်က ဟိုးအနက် ကီလိုမီတာ ၁၃၀ လောက်မှာ ဖြစ်သွားတဲ့အတွက်ကြောင့် မြေပြင်ပေါ်မှာ အထိအခိုက်နည်းသွားတယ်ဆိုတာ ဒါက ကျွန်တော်တို့အတွက် ဝမ်းသာစရာပါ။

**မေး ။ အခု အယ်နီညိုရာသီဥတုနဲ့ ရာသီဥတု ဖောက်ပြန်မှုကြောင့် သဘာဝဘေးအန္တရာယ်တွေက လွန်ခဲ့တဲ့နှစ်များကထက် ပိုပြီးတော့ ကြုံတွေ့ရတဲ့ အလားအလာတွေရှိတယ်ဆိုပြီး ပြည်သူတွေအနေနဲ့ စိုးရိမ်ပူပန်မှုတွေ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေတဲ့ အခြေအနေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ သဘာဝဘေး အန္တရာယ်ကတော့ ကြုံတွေ့ရမှာပဲ။ ဒီနှစ်က အယ်နီညိုရာသီဥတုကြောင့် ပိုပြီးတော့ အပူချိန်လွန်ကဲတာတွေ ရှိတယ်။ အခုလည်း ဒါတွေကို ခံစားနေရတယ်။ အပူချိန်လွန်ကဲတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီး ရေအလွန်ရှားပါးတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ စာရင်းကောက်တယ်။ Rish Maping ပေါ့။ နောက်ထပ် ဘာများလူတွေ ခံစားပြီးတော့ အန္တရာယ်ရှိမလဲ။

အဲဒီနေရာတွေကို အတတ်နိုင်ဆုံး ရေရရှိရေး၊ သောက်သုံးရေသန့်ရရှိရေးအတွက် ကျွန်တော် အပါအဝင် အဖွဲ့အလိုက် လှျောက်သွားပြီး ကြည့်တယ်။ လေ့လာပြီးတော့ ဆောင်ရွက်နေတာတွေ စနေပါပြီ။ ဒါပေမယ့် ပြည်သူလူထုကလည်း အင်မတန် အားကိုးရပါတယ်။ ကျွန်တော်တို့က ဒါကြောင့်မို့လည်း ပြည်သူကို အများကြီး အားကိုးပါတယ်။ ပြည်သူတွေကလည်း သူ့အဖွဲ့အလိုက်၊ လူမှုရေးအသင်းအဖွဲ့တွေရော၊ ပြည်သူလူထုတွေရော အားလုံးစုပေါင်းပြီးတော့ ပုဂ္ဂလိက အလှူရှင်တွေရော၊ အဖွဲ့အစည်းတွေနဲ့ရော ရေကိစ္စတွေကို ဆောင်ရွက်နေတာ ရှိပါတယ်။

နောက်တစ်ခုကလည်း မီးသတ်တပ်ဖွဲ့နဲ့ တပ်မတော်ကလည်း အများကြီး ကူညီဆောင်ရွက်နေတာတွေ တွေ့ရပါတယ်။ အပူဒဏ်နဲ့ပတ်သက်လို့လည်း ဒီလိုမျိုး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေတယ်၊ လက်တွေ့လုပ်နေတာလည်း ရှိတယ်။ နောက်ပြီး မမျှော်မှန်းနိုင်တဲ့ သဘာဝဘေးအန္တရာယ်ဆိုတာ ရှိတယ်။

အခုပဲ ငလျင်နဲ့ ကြုံတွေ့ရတယ်။ နောက်တစ်ခါ မိုးသည်းထန်စွာရွာတယ်၊ ရေကြီးမယ်၊ မကြာခင်လာတော့မယ့် ဧပြီ၊ မေ၊ ဇွန်မှာ အဖြစ်များတာ မိုးကြီးပေါ့။ အဲဒါနဲ့ပတ်သက်ပြီးတော့လည်း ပညာပေးတာကို ထိထိရောက်ရောက် ပြည်သူကို သိအောင်ဆိုပြီး ဆောင်ရွက်နေတဲ့ အစီအစဉ်တွေ ရှိနေပါတယ်။ ပဲခူးတိုင်းဒေသကြီးဆိုရင် နှစ်တိုင်း မိုးကြီးကြောင့် ရာနဲ့ချီပြီး လူတွေ သေကြတယ်။ ဒါမျိုးတွေကို ကျွန်တော်တို့ ကြိုတင်ကာကွယ်ဖို့၊ သူတို့သိဖို့၊ အသိဆိုတာ ကြိုတင်ကာကွယ်တယ်ဆိုတာ သိထားရင် တကယ်ဖြစ်ရင်တောင် ခံရဖို့နည်းတယ်။ အသေအပျောက် နည်းမယ်။ ဥပမာ မိုးကြီးဆိုတာ ဘယ်လို နေရာကိုသွားရင် ဖြစ်မယ်၊ အဲဒီ အချိန်လေးမှာ ဘယ်လိုရှောင်ရှားရင် လွတ်မယ်ဆိုတာ ပြည်သူလူထု သိအောင် ဆောင်ရွက်နေတာ ရှိပါတယ်။

အလားတူပဲ မမျှော်မှန်းနိုင်ဘဲ ရုတ်တရက် ဖြစ်လာတဲ့အခါကျရင် ကျွန်တော်တို့ ဘယ်လိုကူညီမလဲ။ ကာကွယ်မလဲပေါ့ ဒါတွေကိုလည်း ကျွန်တော်တို့ ဆောင်ရွက် ထားရှိပါတယ်။

**မေး ။ သဘာဝဘေး အန္တရာယ် ကာကွယ်ရေးနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောချင်တာရှိရင် ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ကျွန်တော့်အနေနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေကို ပြောချင်တာက သဘာဝဘေးအန္တရာယ်ဆိုတာ အချိန်မရွေး ကြုံတွေ့နိုင်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရှိတဲ့လူအင်အားနဲ့ အတတ်နိုင်ဆုံး ဆောင်ရွက်ဖို့ ကြိုးစားနေပါတယ်။ ဒါပေမယ့် အဓိကအရေးကြီးတာ ပြည်သူလူထု ပူးပေါင်းပါဝင်ဖို့ လိုပါတယ်။

ကျွန်တော်တို့အနေနဲ့ ပြည်သူနဲ့ အနီးစပ်ဆုံးဖြစ်အောင် ကြိုးစားနေပါတယ်။ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုရရှိအောင်၊ ဝန်ကြီးဌာနဆိုတာ ပြည်သူက ယုံကြည်မှုရဖို့လိုပါတယ်။ ယုံကြည်မှ ပြည်သူက ပူးပေါင်းပါဝင်မယ်။ ပူးပေါင်းပါဝင်မှ ပြည်သူပဲ ပြန်ပြီး အကျိုးရှိမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ပြည်သူတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေနဲ့ တစ်သားတည်းတည်ရှိပြီး ပြည်သူ အကျိုးဆောင်ရွက်မယ့် အစိုးရအဖွဲ့သစ်ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ ဝန်ကြီးဌာနတွေနဲ့အတူ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြပါ။ ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်လို့မရပါဘူး။ ကျွန်တော်တို့ တခြားဝန်ကြီးဌာနတွေနဲ့ အများကြီးပူးပေါင်း ဆောင်ရွက်ရတာတွေ ရှိပါတယ်။ ကျန်ဝန်ကြီးဌာနတွေကလည်း ကျွန်တော်တို့ကို လက်ကမ်းကြိုဆိုနေတယ်။ ကျွန်တော်တို့နဲ့ တွေ့တဲ့အခါတိုင်းမှာ ကူညီမယ်၊ တစ်ခုခုဆိုရင် ပြောပါဆိုတဲ့အတွက် ကျွန်တော်တို့ကလည်း ပူးပေါင်းပြီး ဆောင်ရွက်ဖို့ အစိုးရအဖွဲ့အသစ်အနေနဲ့ အဆင့်သင့်ရှိပါတယ်လို့ ပြည်သူတွေကို ပြောချင်ပါတယ်။



အမြဲတမ်းအတွင်းဝန် ဦးစိုးအောင် မီဒီယာများ မေးမြန်းမှုကို ဖြေကြားစဉ်

**ဦးစိုးအောင်**

**အမြဲတမ်းအတွင်းဝန်**

**မေး ။ ငလျင်ဖြစ်ပွားမှုအပေါ် တုံ့ပြန်ဆောင်ရွက်ခဲ့မှုကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ မနေ့ည ၈ နာရီ ၂၈ မိနစ်ခန့်မှာ ၆ ဒသမ ၈ စကေးရှိတဲ့ မြေငလျင်လှုပ်သွားတာမှာ ချက်ချင်း အင်တာနက်တွေကနေ သတင်းရရှိပါတယ်။ ငလျင်ဗဟိုချက်ကတော့ မော်လိုက်ပတ်ဝန်းကျင်၊ မုံရွာပတ်ဝန်းကျင်မှာ ဖြစ်ပွားတဲ့ အနေအထားပေါ့။ အဲဒီငလျင်ဗဟိုချက်ရှိတဲ့ နေရာတစ်ဝိုက်ကို ဒီအင်တာနက်မှာ သတင်းရရချင်းပဲ စစ်ကိုင်းတိုင်းဒေသကြီးမှာရှိတဲ့ ကယ်ဆယ်ရေး ဦးစီးရုံးကို ဆက်သွယ်ပြီး အဲဒီဘက်က အခြေအနေတွေကို မေးပါတယ်။ ဒီအပြင်လည်း ပြည်ထောင်စုဝန်ကြီး ပြောသလိုပါပဲ ဖေ့စ်ဘွတ်ခ်ကနေ သတင်းတွေ လက်ခံရရှိပါတယ်။

ရရှိတဲ့ သတင်းတွေအရ မြန်မာတစ်နိုင်ငံလုံးနီးပါး ဒီငလျင်လှုပ်ခတ်မှုဒဏ်ကို ခံစားသိရှိလိုက်ရပါတယ်။ ဟိုး ရခိုင်ပြည်နယ်ဘက်ကလည်း ကျွန်တော်တို့ဆီကို သတင်းပို့ပါတယ်။ ချင်းပြည်နယ်ဘက်ကလည်း သတင်းပို့ပါတယ်။ မင်းတပ်၊ မတူပီဘက်ကလည်း ဖုန်းတွေနဲ့ သတင်းပို့ပါတယ်။ ကလေး၊ ကလေးဝဘက်ကလည်း သတင်းတွေ ရရှိပါတယ်။

ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာနအနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးမှာ ဦးစီးမှူးရုံးတွေရှိပါတယ်။ အဲဒီမှာလည်း ကယ်ဆယ်ရေး သိုလှောင်ရုံတွေရှိပါတယ်။ ဖြစ်သွားတဲ့ ငလျင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့ဘက်နေပြီး ချက်ချင်း တုံ့ပြန်နိုင်ဖို့အတွက်ကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့တွေကို တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးရုံးတွေမှာ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။

အဲဒီဖွဲ့တဲ့ အခါမှာလည်း ဘယ်သူတွေပါလဲဆိုရင် ကြက်ခြေနီတွေပါတယ်၊ နောက် မီးသတ်အဖွဲ့တွေပါတယ်။ နောက်ပြီး ပရဟိတလူငယ်တွေ ပါတယ်။ နောက် ရပ်မိရပ်ဖတွေပါတယ်။ ဒီအဖွဲ့အစည်းတွေနဲ့ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ကို ဖွဲ့စည်းထားပြီး ဘေးသင့်သွားတဲ့နေရာက လူတွေကတော့ သူတို့ ကိုယ်တိုင်ဘေးဒုက္ခ ခံစားရသူတွေဖြစ်ပြီးတော့ အနီးပတ်ဝန်းကျင်နေရာကနေပြီးမှ စောစောက ဖွဲ့စည်းထားတဲ့ အဖွဲ့တွေက ဝိုင်းဝန်းကူညီပြီးတော့ လိုအပ်တာတွေ ဖြည့်ဆည်းဆောင်ရွက်သွားဖို့ အဆင်သင့်စောင့်ဆိုင်းနေတဲ့ အနေအထားရှိပါတယ်။

အဲဒီတော့ ဒီငလျင်က ပြည်သူတွေအားလုံးလည်း တစ်ညလုံးပဲ စိုးရိမ်ပူပန်စွာနဲ့ အွန်လိုင်းတွေပေါ်မှာတက်ပြီးတော့ မေးကြတယ်၊ တစ်ယောက်နဲ့ တစ်ယောက်ကနေ ဆက်သွယ်ကြတဲ့အခါမှာ ထိခိုက်ပျက်စီးဆုံးရှုံးမှုဟာ တော်တော်လေးနည်းပါးတာကို တွေ့ရမှာဖြစ်ပါတယ်။ တော်တော်လေးကို နည်းပါတယ်။ ပြီးခဲ့တဲ့ တာလေငလျင်တို့၊ သပိတ်ကျင်းငလျင်တို့ ဆိုလို့ရှိရင် ထိခိုက်ပျက်စီးမှုတွေဟာ ရှိခဲ့ပါတယ်။ အခုဖြစ်ပွားခဲ့တဲ့ ငလျင်ရဲ့ ဗဟိုချက်အနက်က မြေအောက်ကီလိုမီတာ ၁၃၀ ကျော် ပတ်ဝန်းကျင်မှာရှိတဲ့အတွက် အပေါ်ကိုရိုက်ခတ်မှုအားက အထိုက်အလျောက် နည်းပါးခဲ့တာကို တွေ့ရပါတယ်။

အဲဒီအတွက် ကိုလည်း ကျွန်တော်တို့အနေနဲ့ အခုလိုနှစ်သစ်အခါသမယမှာ ပြည်သူ့အစိုးရသစ်ကာလမှာ ဘေးအန္တရာယ်တစ်ခုဟာ တစ်ကမ္ဘာလုံးတောင် စိုးရိမ်သွားတဲ့ အနေအထားမျိုးရှိပါတယ်။ အမေရိကန်ဘူမိဗေဒအသင်းနဲ့ အာဆီယံမှာရှိတဲ့ ဟာစင်တာတို့က အစ စိုးရိမ်ပူပန်ပြီး ကျွန်တော်တို့ဆီ သတင်းတွေစုံစမ်းခဲ့ပါတယ်။ သူတို့တောင်မှ ထိတ်လန့်တကြားဖြစ်ခဲ့ကြပါတယ်။

ဒါပေမယ့် ကံကောင်းစွာနဲ့ ပြည်သူတွေရဲ့ ကံကြမ္မာကောင်းမွန်မှုကြောင့်ပဲ ဒီထိခိုက်ဆုံးရှုံးမှုဟာ အနည်းဆုံးဖြစ်ခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲ့ဒီတော့ အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့တွေရှိသလို ဝန်ကြီးဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေကို ညတွင်းချင်းပဲ ဆက်သွယ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပြည်ထဲရေး ဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာနတို့နဲ့လည်း ဆက်သွယ်ဆောင်ရွက်ပါတယ်။ အားလုံးဟာ တကယ့်အရေးပေါ်အခြေအနေမှာ တုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် ဘယ်လိုကူညီရမလဲ၊ ဘယ်လို ကယ်ဆယ်ရမလဲဆိုပြီး ဥပမာဆိုလို့ရှိရင် ကာကွယ်ရေးဘက်ကဆိုရင် ရဟတ်ယာဉ်တွေ အဆင်သင့်ရှိပါတယ်။ နောက်တစ်ခါ လေယာဉ်ဆိုလို့ရှိရင်လည်း တပ်မတော်ကုန်တင်လေယာဉ်တွေနဲ့ YH တို့နဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို အမြန်ဆုံး နီးစပ်ရာလေယာဉ်ကွင်းကို ပေးပို့၊ အဲဒီကနေဆက်ပြီးတော့မှ မော်တော်ယာဉ်တွေ၊ စက်လှေတွေနဲ့ နီးစပ်ရာနေရာတွေကို ဆက်လက်ပြီးတော့မှ ပေးပို့နိုင်ဖို့အတွက် အဆင်သင့်စောင့်ဆိုင်းနေတဲ့ အနေအထားမျိုးရှိပါတယ်။

**မေး ။ လက်ရှိ ဆောင်ရွက်နေတဲ့ အခြေအနေကိုလည်း ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ လက်ရှိအနေအထားကတော့ အခုဖြစ်သွားတဲ့ အနေအထားမျိုးမှာ ထိခိုက်ပျက်စီးမှု၊ ဆုံးရှုံးမှု တော်တော်လေးလည်း နည်းပါးပါတယ်။ အဓိကအားဖြင့်တော့ ဘုရားစေတီတွေပေါ့၊ စစ်ကိုင်းတိုင်းဒေသကြီးထဲမှာပဲ ကနီ၊ ချောင်းဦး၊ မုံရွာ၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ယင်းမာပင် အဲဒီတစ်ဝိုက်က ဘုရားစေတီအချို့ စိန်ဖူးတော် မြေခတာတွေရှိပါတယ်။ ဖောင်းရစ်တွေ အက်ကွဲတာတွေ ရှိပါတယ်။

ငလျင်တစ်ခုလှုပ်တယ်ဆိုရင် များသောအားဖြင့်တော့ ငလျင်ကြီးတစ်ခုလှုပ်ပြီးလို့ရှိရင် နောက်ဆက်တွဲ ငလျင်သေးသေးလေးတွေ လှုပ်တတ်ပါတယ်။

အခုဖြစ်သွားတဲ့ ငလျင်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဦးစီးဌာနအနေနဲ့က အမြန်ဆုံးပြည်သူတွေကို သတင်းပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ဝန်ကြီးရဲ့ Facebook ကနေပြီးတော့လည်း သူနဲ့သက်ဆိုင်တဲ့ Friend တွေ Follower တွေက တစ်ဆင့်ဆက်ပြီးတော့မှ သတင်းတွေပေးခြင်းအားဖြင့် ပြည်သူတွေကြားထဲမှာလည်း သတင်းတွေအများကြီးရတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်တယ်ဆိုတဲ့ အပိုင်းကိုလည်း ကျွန်တော်တို့ သိရှိရပါတယ်။ ပြည်သူတွေအတွက်လည်း နိုးကြားမှု ပိုပြီးတော့ဖြစ်လာတဲ့ အနေအထားမျိုးဖြစ်ပါတယ်။

**မေး ။ သဘာဝဘေးအတွက် ကြိုတင် ပြင်ဆင်ထားမှုတွေကိုလည်း ပြောပြပေးပါခင်ဗျာ။**

ဖြေ ။ ဒီဧပြီလဆန်း ကတည်းက ဝန်ကြီးဌာနအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ထဲမှာ မိုးဦးကာလဖြစ်တတ်တဲ့ ရေကြီးရေလျှံမှုတွေ၊ မုန်တိုင်းတွေ၊ မိုးကြိုးဘေးတွေ စဖြင့်ပေါ့ ဘေးအန္တရာယ်တွေကျရောက်နိုင်တဲ့အတွက် အရင်တုန်းကဖြစ်ခဲ့တဲ့ အတွေ့အကြုံတွေပေါ်မှာလည်း အခြေခံပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ် အစိုးရအဖွဲ့တွေနဲ့ ကြိုတင်ပြင်ဆင်နိုင်ဖို့ဆိုပြီး ဧပြီလ ၈ ရက်ကတည်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဝန်ကြီးချုပ်တွေဆီကို အကြံပြုချက်စာပေးပို့ပြီး ကြိုတင်ပြင်ဆင်နိုင်ဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။

ဘေးအန္တရာယ်တစ်ခု ကျရောက်လာပြီဆိုရင် ပထမဆုံးထိတွေ့ခံစားရတာက သက်ဆိုင်ရာ ဘေးအန္တရာယ်ကျရောက်တဲ့ ဒေသတွေက ပြည်သူတွေရယ်၊ အုပ်ချုပ်တဲ့ အစိုးရအဖွဲ့တွေ၊ စီမံခန့်ခွဲတဲ့ပုဂ္ဂိုလ်တွေရဲ့ ပထမဦးဆုံး တွေ့ကြုံရတာဖြစ်ပါတယ်။ အဲ့ဒီတော့ ဖြစ်ဖြစ်ချင်းမှာ သက်ဆိုင်ရာဒေသအာဏာပိုင်တွေ စီမံခန့်ခွဲတဲ့သူတွေဟာ သူတို့ရဲ့ ဒေသအတွင်းမှာ ဖြစ်ဖြစ်ချင်းကို ဘာတွေလိုအပ်သလဲ၊ ဘာတွေဖြည့်ဆည်းပေးဖို့ ရှိမလဲဆိုတာကို ချက်ချင်း သတင်းအချက်အလက်တွေ ရယူနိုင်ဖို့လိုပါတယ်။

**အခု နိုင်ငံတော်အနေနဲ့ကလည်း ဝန်ကြီးဌာနမှာရှိတဲ့ ဘတ်ဂျက်အပြင် နိုင်ငံတော်သမ္မတရဲ့ သဘာဝဘေးအန္တရာယ် ကြုံတွေ့လာရင် ပြည်သူတွေကို အရေးပေါ်ထောက်ပံ့ကူညီနိုင်ဖို့အတွက် ဘီလီယံ ၁၀၀ သမ္မတရဲ့ အရေးပေါ်ရန်ပုံငွေထဲမှာပါရှိပြီး ဖြစ်ပါတယ်**

အဲဒီလိုရယူပြီးတာနဲ့ ကိုယ့်ဘက်က လုပ်နိုင်တဲ့အပိုင်းတွေကို အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်လုပ်ကိုင်ပေးမယ်။ ကိုယ်မနိုင်တဲ့ ကိစ္စတွေကို ပြည်ထောင်စုအဆင့်ကို ဆက်လက်သတင်းပေးပို့ပြီး ပြည်ထောင်စုအဆင့်ကလည်း အမြန်ဆုံးကူညီပြီး ဆောင်ရွက်ပေးမယ်။ အားလုံးဟာ တာဝန်ရှိပါလားဆိုတဲ့ အသိစိတ်ဓာတ်တွေနဲ့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါတယ်။

ဘေးအန္တရာယ်နဲ့ပတ်သက်ပြီးတော့မှ အခုအစိုးရသစ်လက်ထက်မှာ သဘာဝဘေးအန္တရာယ်ကျရောက်တဲ့ ပြည်သူတွေအတွက်ကို ဘယ်လိုဖြည့်ဆည်းပေးရမလဲပေါ့။ ပိုမိုပြီးတော့မှ ပြည်သူတွေ သက်သာအောင်၊ ပြည်သူတွေ ပိုပြီးတော့မှ သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေ လျော့နည်းအောင် ပြည်သူတွေမှာ သဘာဝဘေးအန္တရာယ်တွေကြောင့် ပျက်စီးဆုံးရှုံးမှုတွေကို ဘယ်လိုကာမိအောင်ပေါ့။ အဲ့ဒီလိုမျိုး ဆောင်ရွက်နိုင်တဲ့အပိုင်းမှာတော့ အခုလောလောဆယ်ဖြစ်နေတာကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ် တော်တော်များများမှာ လေပြင်းတွေတိုက်ခတ်ပြီးတော့မှ အိုးအိမ်တွေပျက်စီးခဲ့တာတွေ၊ အမိုးလန်တာတွေ၊ ပြိုကျတာတွေ လက်ရှိခံစားနေရတာတွေ ရှိပါတယ်။

အဲ့ဒီအတွက်ကိုလည်း ပြည်သူတွေကို ကယ်ဆယ်ရေးပစ္စည်းတွေ၊ အရင်တုန်းကဆိုရင် လုံးဝပြိုကျပျက်စီးတဲ့အခါကျမှသာ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုး ထောက်ပံ့ပြီး ဒီလိုမျိုး ရိုးရိုးအမိုးလန်တာပဲဖြစ်ဖြစ်၊ တစ်စိတ်တစ်ပိုင်း ပျက်စီးတာပဲဖြစ်ဖြစ် ကယ်ဆယ်ရေးပစ္စည်း လေးမျိုး၊ ငါးမျိုးလောက်ပဲပေးတဲ့ အနေအထားမျိုးဖြစ်ပါတယ်။

အခု ပြည်ထောင်စုဝန်ကြီး တာဝန်ယူတဲ့ ကာလကနေစပြီး သဘာဝဘေးအန္တရာယ်မှာ ထိခိုက်ပျက်စီးလို့ရှိရင် တစ်စိတ်တစ်ပိုင်းပဲ ပျက်စီးပျက်စီး၊ လုံးဝပျက်စီးဆုံးရှုံးမှုပဲဖြစ်ဖြစ် ပြည်သူကို သဘာဝဘေး ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးပေါ့၊ အဲဒါတွေကို ချက်ချင်းပဲ ထောက်ပံ့ပါတယ်။ ထောက်ပံ့တဲ့အခါမှာလည်း ကျွန်တော်တို့ဆီကို တိုက်ရိုက် တင်ပြနေစရာမလိုဘဲ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ခရိုင်ရုံးတွေကနေပြီး သဘာဝဘေးကျရောက်တဲ့နေရာကို အမြန်ဆုံးထောက်ပံ့၊ ထောက်ပံ့ပြီးတာနဲ့ ကျွန်တော်တို့ဆီကို ချက်ချင်းတင်ပြဖို့ အဆင့်ဆင့်တင်ပြနေစရာမလိုဘဲနဲ့ မိမိသတင်းကြားတာနဲ့ကို သွားရောက်ထောက်ပံ့ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

အခု ကျွန်တော်တို့ ထောက်ပံ့သလိုပဲ အိမ်ဆောက်ပစ္စည်းဖိုးအနေနဲ့လည်း ပြည်သူတွေနဲ့ တတ်နိုင်သမျှ အရေးပေါ် ပြုပြင်နိုင်ဖို့အတွက်ကိုလည်း တစ်အိမ်ထောင်ကို ငွေကျပ် ၅၀၀၀၀ နှုန်း ထောက်ပံ့ပေးပါတယ်။ အခု နိုင်ငံတော်အနေနဲ့ကလည်း ဝန်ကြီးဌာနမှာရှိတဲ့ ဘတ်ဂျက်အပြင် နိုင်ငံတော်သမ္မတရဲ့ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာရင် ပြည်သူတွေကို အရေးပေါ်ထောက်ပံ့ကူညီနိုင်ဖို့အတွက် ဘီလီယံ ၁၀၀ သမ္မတရဲ့ အရေးပေါ်ရန်ပုံငွေထဲမှာ ပါရှိပြီးဖြစ်ပါတယ်။

ဒီ့အပြင် ဘီလီယံ ၂၀ ကိုလည်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေထဲမှလည်း ထည့်ဖို့ စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ဒါက လက်ရှိပြည်သူ့အစိုးရကာလမှာ ပြည်သူတွေအတွက်ကို အမြန်ဆုံးထောက်ပံ့ပေးနိုင်ဖို့ စီစဉ်ထားပါတယ်။ ဒါ့အပြင် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးတင်မကဘဲနဲ့ ထပ်မံပြီးတော့မှ အမျိုးသမီးတွေအတွက် လိုအပ်တဲ့ အမျိုးသမီး အသုံးဆောင်ပစ္စည်းတွေကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ဖို့ စီစဉ်ထားတဲ့ အနေအထားမျိုးရှိပါတယ်။

ဟုတ်ကဲ့။ အခုလို ဖြေကြားပေးတဲ့အတွက် ပြည်ထောင်စုဝန်ကြီးနဲ့ အမြဲတမ်းအတွင်းဝန်တို့ကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

## ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**၂၀၁၆ ခုနှစ် ဧပြီလ ၁၄ ရက်**

၁။ ၂၀၁၆ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့ မြန်မာစံတော် ချိန် ည ၈ နာရီ၊ ၂၅ မိနစ်၊ ၁၈ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၁၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း ကလေးမြို့၏ အရှေ့-အရှေ့တောင်ဘက် ၄၂ မိုင်ခန့်အကွာကို ဗဟိုပြု၍ ငလျင်ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး အဆိုပါငလျင်ကြောင့် လူအသေအပျောက်၊ ထိခိုက်မှုနှင့် အဆောက်အအုံများ ပြင်းပြင်းထန်ထန် ပြိုကျပျက်စီးခြင်းမရှိခဲ့ပါ။ ဘုရားစေတီအချို့ ထီးတော်ယိုင်ခြင်း၊ စိန်ဖူးတော် မြေခြင်း၊ ဖောင်းရစ်များ အက်ကွဲခြင်း၊ အဆောက်အအုံအချို့ အနည်းငယ်ပျက်စီးခြင်းတို့သာ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ ငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးရုံးများနှင့် ဆက်သွယ်၍ သတင်းရယူဆောင်ရွက်ခဲ့ပါသည်။

၃။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးများနှင့် ဆက်သွယ်သတင်းရယူမှုအရ ကနီမြို့နယ် မိခင်ကလေးအဆောက်အအုံ မျက်နှာကြက်ပြုတ်ကျပျက်စီးခြင်း၊ ပက်ကြားဝရွာနှင့် တောင်ပျောက်ရွာကြား ဆက်သွယ်သော ၁၁ ကေဗွီဓာတ်ကြိုး မီးလောင်ပျက်စီးခြင်း၊ ဝယား ကျေးရွာ သိမ်၊ ဘုရားထီးတော်ယိုင်ခြင်း၊ ရွှေနန်းဦးနှင့် ဖောင်တော်ဦးဘုရား စိန်ဖူးတော်မြေခြင်း၊ ချောင်းမကျေးရွာအရှေ့၊ ဆုတောင်းပြည့်ဘုရား သပိတ်မှောက် အက်ကြောင်းဖြစ်ခဲ့ခြင်း၊ ထီးတော်ယိုင်ခြင်း၊ အုတ်တွင်းကျေးရွာတွင် အုတ်တိုက်ကျောင်း ဘုရားမြေခြင်း၊ စဉ့်အိုးကျေးရွာအုပ်စု၊ လက်ပန်စုကျေးရွာရှိ ရွှေဘိုဘုရား သပိတ်မှောက်အက်ကွဲခြင်း၊ ခိုတွင်းကျေးရွာ ဘုန်းကြီးကျောင်း၏ဘုရားဆောင် အက်ကွဲခြင်း၊ ကနီပျဉ်ထောင်အုပ်စု၊ ညောင်တူများကျေးရွာ၊ ကိုးနဝင်းကပ်ကျော်စေတီ သပိတ်မှောက် အက်ကွဲခြင်း၊ ဆားလင်းကြီးမြို့နယ်၊ မိုးကြိုးပျဉ်အုပ်စု၊ ဝါးတန်းကျေးရွာ သတ္တဗောဓိကျောင်းတိုက်အတွင်းရှိ အောင်သိဒ္ဓိစေတီ စိန်ဖူးတော်မြေခြင်း၊ ရွာရှင်ကျေးရွာအုပ်စု၊ ဝက်မေးကန်တောရွာ (၂)ထပ်ဘုန်းကြီးကျောင်း အက်ကြောင်းလေးခု ဖြစ်ခြင်း၊ ယင်းမာပင်မြို့နယ်၊ မြရိပ်ကျေးရွာ၊ တောင်ပေါ်ကျောင်းရှိ ရှစ်မျက်နှာဘုရား ထီးတော်မြေခြင်း၊ ဦးဘိုးသံစေတီတော် ထီးတော်စောင်း/ကွဲအက်ခြင်း၊ မယ်ပေါင်းစေတီ ထီးတော်စောင်း/ကွဲအက်ခြင်း၊ ဦးတေဇစေတီထီးတော် စောင်း/ကွဲအက်၊ ဦးဘိုးလှိုင်စေတီ ထီးတော်စောင်း/ကွဲအက်ခြင်း၊ မုံရွာမြို့၊ အလုံမြို့နယ်၊ ရွှေပြည်အေးရပ်ကွက်၊ အထက(၂) ကျောင်း အုတ်တံတိုင်း(၁၈)ခန်းပြိုကျခြင်း၊ ချောင်းဦးမြို့နယ်၊ တောကြီးကျောင်းကျေးရွာ၊ ရွှေဂူကြီးဘုရားအရံစေတီ စိန်ဖူးတော်မြေခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း ကနဦးသတင်း ရရှိခဲ့ပါသည်။

၄။ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ တီွလွီချောင်းဖျားရှိ မြေပြိုဆည် ထိခိုက်မှုမရှိကြောင်း၊ ရာဇဂြိုဟ်ဆည် ထိခိုက်မှုမရှိကြောင်းလည်း သိရှိရပါသည်။ မြေပြိုဆည်နှင့်ပတ်သက်၍ ကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း အသေးစိတ်အခြေအနေကို သွားရောက်ကြည့်ရှုစောင့်ကြည့်လျက်ရှိကြောင်း သိရှိရပါသည်။

၅။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ငလျင်သတင်းရလျှင် ရချင်းတွင် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေး အင်အားစုများဖြစ်သော တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ်အဖွဲ့များနှင့် ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ အရေးပေါ် ထောက်ပံ့ရေးလုပ်ငန်းများအတွက် ကြိုတင်စုဖွဲ့ထားရှိခြင်း၊ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပြည်တွင်း ပညာရှင်အဖွဲ့များဖြစ်သော မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၊ မြန်မာနိုင်ငံ မြေငလျင်ကော်မတီကဲ့သို့သော အဖွဲ့အစည်းများ၊ ပြည်ပအဖွဲ့အစည်းများဖြစ်သော USGS, TMD အဖွဲ့အစည်းများမှလည်း သတင်းများအဆက်မပြတ် ချိတ်ဆက်ရယူခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ငလျင်ကြီး ဖြစ်ပွားပြီးချိန်တွင် နောက်ဆက်တွဲငလျင်ငယ်များ ထပ်မံလှုပ်ခတ်နိုင်သည့်အတွက်လည်း ဖြစ်ပွားနိုင်မှု အခြေအနေကို စောင့်ကြည့်လျက်ရှိပြီး လိုအပ်သည်များလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပါသည်။ ပြည်သူလူထုအနေဖြင့် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း Social Media မှတစ်ဆင့် အသိပညာပေးဆောင်ရွက်ထားရှိပါသည်။ ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ Facebook Account ဖြစ်သော Relief and Resettlement Department-Myanmar တွင်လည်း ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။ ယခုငလျင်ဘေးအန္တရာယ်သည် ငလျင်ဗဟိုချက်၏ အောက်အနက်သည် ကီလိုမီတာ ၁၃၀ ခန့်တွင်ဖြစ်ပွားခဲ့သည့်အတွက် အင်အားပြင်းထန်သော်လည်း ထိခိုက်ပျက်စီးမှု နည်းပါးခဲ့ခြင်းဖြစ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**၁၃၇၇ ခုနှစ် မဟာသင်္ကြန် အကြတ်နေ့က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရန်အောင်မြင်ဘုရားလမ်း အထက(မြို့မ)ကျောင်းရှေ့ရှိ မဟာသင်္ကြန်မဏ္ဍပ်၌ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ သင်္ကြန်ယိမ်းလှုပျိုဖြူများ၏ ကပြသီဆိုဖျော်ဖြေမှုကို ပြည်သူများ ပျော်ရွှင်ကြည်နူးစွာ ပါဝင်ဆင်နွှဲအားပေးနေကြသည်ကို တွေ့ရစဉ်။**
အတ်ကလေး(ရမည်းသင်း)



## သင်္ကြန်ကာလအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကသာ ဧပြီ ၁၄**

ကသာမြို့တွင် မဟာသင်္ကြန်အကြိုနေ့မှစ၍အတက်နေ့ထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မြို့နယ်ကြက်ခြေနီ လူငယ်အဖွဲ့နှင့် ရောကမ်းသာ လူမှုကူညီရေးအဖွဲ့၊ ပစ္စက္ခလူမှုရေးအဖွဲ့တို့မှ တာဝန်ယူလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

သင်္ကြန်ရက်အတွင်း အပျော်လွန်ရာမှ ကျန်းမာရေးမကောင်းသူများကို လူမှုကူညီရေးယာဉ်နှစ်စီးဖြင့် ကသာမြို့ ဆေးရုံရှိ ပြင်ပလူနာဌာနသို့ အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးခြင်း၊ ပြဿနာများဖြေရှင်းပေးခြင်း၊ သက်ကြီးရွယ်အိုများအား ဥပုသ်ကျောင်းပို့ပေးခြင်းစသည့် လူမှုရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း သိရသည်။ အဆိုပါ လူမှုရေးအသင်းများသည် ကသာမြို့ပေါ်တွင် မည်သည့်လူမှုရေးကိစ္စမဆို ထိပ်ဆုံးမှ စွမ်းစွမ်းတမံဆောင်ရွက်နေကြသော လူမှုရေးအသင်းများဖြစ်ကြောင်း သိရသည်။

**လူအောင် (ကသာ)**

# ယာဉ်မောင်းသူများ ပြုသမျှနုရတဲ့ ခရီးသွားပြည်သူများ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

"ပါပါရေ. . . မြမြင့်မိုရ်ဂိတ်ကတော့ ဧပြီလ ၈ ရက်နေ့အထိကားလက်မှတ်မရှိတော့ဘူး" ဆိုပြီး ဇနီးဖြစ်သူထံမှ ဖုန်းဝင်လာရာ စာရေးသူခေါင်းနောက်သွားပါတယ်။ ဇနီးဖြစ်သူက နေပြည်တော်-ချောက် ကားလက်မှတ်ဖြတ်ဖို့အတွက် ဧပြီလ ၁ ရက်နေ့တွင် ဘောဂသီရိကားကြီးဝင်းသို့ ရောက်နေခြင်းဖြစ်ပါတယ်။ သင်္ကြန်ရုံးပိတ်ရက်အတွင်း မိဘများနေထိုင်ရာ အညာဒေသသို့သွားပြီး စာရေးသူတို့ မိသားစု၏ချွေးနဲ့စာဖြင့် လှူဒါန်းထားရှိတဲ့ ဘုရားဆင်းတုများ၊ မုခ်ဦးများနှင့် ကျောင်းခန်းများအား ရေစက်ချအလှူပြုလုပ်ပြီး သမီး နှစ်ဦးကို သာသနာ့နွယ်ဝင်သီလရှင်လေးများအဖြစ်ချီးမြှောက်ပေးဖို့ အစီအစဉ်ရေးဆွဲထားခြင်းဖြစ်ပါတယ်။

"အေး . . . ဒါဆိုလည်း တော်ဝင်ကားဂိတ်ကိုမေးကြည့်ပါဦး" လို့ ဇနီးဖြစ်သူထံဖုန်းပြန်ဆက်ရပါတယ်။ စာရေးသူခေါင်းထဲမှာလည်း အသွား၊ အပြန်ကားလက်မှတ်ကိစ္စနှင့်အလှူကိစ္စတို့အတွက် အပြေးအလွှား စဉ်းစားရလို့ ဦးနှောက်ခြောက်သွားပါတယ်။ ခဏကြာတော့ ဇနီးဖြစ်သူထံမှ "တော်ဝင်ကား လက်မှတ်ရရှိကြောင်း၊ ဧပြီလ ၁၂ ရက်နေ့မှ ၁၇ ရက်အနေ့အထိ ကားများ ပြေးဆွဲမည် မဟုတ်ကြောင်း၊ အပြန်အခက်အခဲဖြစ်နိုင်ကြောင်း" ဖုန်းဝင်လာ ပါတယ်။ "အေး. . . ဒါဆိုလည်း အလှူပြီးရင်ချက်ချင်းပြန်လာတာပေ့ါ"ဆိုပြီး မူလအစီအစဉ်ကို ချက်ချင်းပြောင်းလိုက်ရပါတယ်။

မူလက ဧပြီလ ၁၀ ရက်နေ့တွင်ရေစက်ချအလှူပြုလုပ်ပြီး သင်္ကြန်ကာလအတွင်း ရွာမှာ ဥပုသ်ရက်ရှည်စောင့်ဖို့ စိတ်ကူးထားသော်လည်း အပြန်ခရီးအတွက်ကားအခက်အခဲကြောင့် ၁၁ ရက်နေ့တွင် နေပြည်တော်သို့ ပြန်မည့် ချောက်- နေပြည်တော် မြမြင့်မိုရ်ကားလက်မှတ်ကို ဖုန်းဖြင့် ချက်ချင်းဘွတ်ကင် တင်လိုက်ရပါတယ်။ ကံကောင်းထောက်မစွာနဲ့ ခုံနေရာကျန်နေပါသေးတယ်။ ရွာမှာရှိတဲ့အစ်ကိုကြီးဖြစ်သူကို အကူအညီတောင်းပြီး ချောက်ကားဂိတ်သွားကာ ကားလက်မှတ်ဖြတ်ခိုင်းရပါတယ်။ အသွား၊ အပြန်အတွက် အဆင်ပြေသွားလို့တော်ပါသေးတယ်။ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများရဲ့ အခက်အခဲနှစ်တိုင်းလိုလို ကြုံတွေ့ရစမြဲဖြစ်ခဲ့ပါတယ်။

ရွာမှညီမဖြစ်သူက ဧပြီလ ၈ရက်နေ့တွင် စာရေးသူတို့မိသားစုကိုကြိုဖို့ သုံးဘီးထော်လာဂျီ ဘယ်အချိန်လွှတ်ပေးရမလဲလို့ ဖုန်းဆက်မေးလာပါတယ်။ ပုံမှန်ယာဉ်မောင်းချိန်အတိုင်းဆိုရင် မိုလာလမ်းခွဲကို ၁၂ နာရီခွဲနှင့် ၁ နာရီအကြားရောက်တယ်လို့ပြန်ပြောတော့ ၁ နာရီအရောက်လွှတ်ပေးမယ် ပြောပါတယ်။ အဆင်ပြေသလိုကြည့်လွှတ်ပေးပါလို့ ပြန်ပြောခဲ့ရပါတယ်။ ကိုယ်ပိုင်ကားမဟုတ်တော့ အချိန်အတိကျ ခန့်မှန်းလို့မရပါဘူး။

ဧပြီလ ၈ ရက်နေ့တွင် နေပြည်တော်က ထွက်တော့ မိနစ် ၃၀ နောက်ကျပါတယ်။ ပုံမှန်ထွက်ချိန် နံနက် ၅ နာရီခွဲဖြစ်သော်လည်း ၆ နာရီကျော်မှထွက်နိုင်ပါတယ်။ ထိုင်ခုံတိုင်းတွင် ခရီးသည်အပြည့်တင်ထားသော်လည်း လမ်းမှာတွေ့သမျှလူကိုကောက်တင်နေပါတယ်။ အလယ်ထိုင်ခုံများပြည့်သည့်အပြင် မတ်တတ်ရပ်လိုက်တဲ့ခရီးသည်တွေပါပြည့်နေလို့ ကားပေါ်မှာအသက်ရှူကျပ်လာပါတယ်။ ပူပြင်းလှတဲ့ နွေရာသီ အပူရှိန်အောက်မှာ ချွေးတဒီးဒီးကျနေပါတယ်။ ခရီးသွားပြည်သူများဟာ ကားစီးရတာလွန်စွာပင် ပင်ပန်းနေကြပါတယ်။

ဒီထက်ဆိုးတာကတော့ ပျော်ဘွယ်ရောက်တော့ ဆိုင်ကယ်နှစ်စီးတင်ဖို့ဆိုပြီး ကားရပ်တာ ကြာနေလို့ ခရီးသည်အမျိုးသမီးတစ်ဦးက ယာဉ်နောက်လိုက်အား "ကြာဦးမှာလား၊ ကြာရင် အောက်ခဏ ဆင်းမယ်" ဆိုတော့ ထိုပုဂ္ဂိုလ်က "မကြာပါဘူး" တဲ့။ ဒါပေမယ့် ၁ နာရီကျော်ကြာသွားပါတယ်။ ဆိုင်ကယ်နှစ်စီးကို လူစီးထိုင်ခုံတွေကြားမှာ မရ၊ ရအောင်တင်ပါတယ်။ အဆွေစာရှုသူတွေးကြည့်စေချင်ပါတယ်။ လူစီးကားပေါ်မှ ဆိုင်ကယ်နှစ်စီးတင်ထားလို့ ခရီးသွားပြည်သူများ ဘယ်လောက်ဒုက္ခရောက်မလဲဆိုတာ။ မဒမ်ဝင်းကတော့ "တော်ဝင်ကားကဒီလိုပဲ၊ မြမြင့်မိုရ်ဆိုရင် ဒီလောက်မဆိုးဘူး" ဆိုပြီးမှတ်ချက်ပေးနေပါတယ်။ ဆိုင်ကယ်တင်နေတဲ့အချိန်မှာ ခရီးသည်တွေကို ကားအောက်ဆင်းခိုင်းပြီး သက်သောင့်သက်သာနားခိုင်းရင် ဘယ်လောက်ကောင်းလိုက်မလဲ။

ဒီကြားထဲရွာမှာရှိတဲ့အစ်ကိုကြီးဖြစ်သူက "မိတ္ထီလာရောက်ပြီလား" ဆိုပြီးဖုန်းဆက်လာပါတယ်။ ကားကတော့တပ်ကုန်းမှာ ကျောက်ချတုန်းလို့ ပြန်ဖြေလိုက်ရတယ်။ ကိုယ်တော်ချောများက ဆိုင်ကယ်တင်ပြီးသည့်တိုင်အောင် မဆံ့တော့သည့်ကားပေါ်ကို တွေ့သမျှလူ ကောက်တင်နေတာစာပို့ရထားကြီး ကျနေတာပဲ။ ၁၀ နာရီခွဲလောက်မှ မိတ္ထီလာကိုရောက်ပါတယ်။ မိတ္ထီလာမှာလည်း ထိုနည်းလည်းကောင်း ကျောက်ထပ်ချပါတယ်။ နံနက် ၆ နာရီကနေပြီး ၁၁ နာရီအထိ ကားပေါ်မှာပါလာတဲ့ ခရီးသွားပြည်သူတွေကို အပေ့ါအပါး သွားမလားလို့လည်းမမေး။ ရပ်လည်းမပေး။ ဒီလောက် လူမှုရေးစိတ်ဓာတ်ကင်းမဲ့တဲ့ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်မျိုးကို စာရေးသူ တစ်သက်မတွေ့ဖူးပါဘူး။ ကိုယ်ကျိုးအတွက်သာ ကြည့်နေကြပြီး ထမင်းရှင်ခရီးသွားများကို နည်းနည်း လေးမျှ ကိုယ်ချင်းစာနာမှုမရှိကြပါဘူး။

ထမင်းစားနားတဲ့ဆိုင်ကလည်း လွန်စွာပင် အဆင့်နိမ့်လှပါတယ်။ ဆန်ကြမ်းထမင်း၊ ဆီမပါ၊ အစပ်အဟပ်မတည့်သော ဟင်းများအပြင် ငါးသလောက်ဟင်းခွက်ထဲမှာ ယင်ကောင် နှစ် ကောင်တောင် ရေကူးနေတာကို ဖယ်ပြီးစားခဲ့ရပါသေးတယ်။ မတတ်နိုင်ဘူးလေ။ အနီးအနားမှာ အခြားဆိုင်မှ မရှိတာ။ ဆိုင်နာမည်ကတော့ --ပါတဲ့။ အရသာကတော့ဆွေမျိုးမေ့ပါပဲ။ ကားသမားနဲ့ဆိုင်ရှင်တို့ပေါင်းပြီး ခရီးသွားပြည်သူများကို ရိုက်စားလုပ်နေကြတာပါ။

ပုံမှန်အားဖြင့် ကျောက်ပန်းတောင်းကို ၁၂ နာရီပတ်ဝန်းကျင်လောက်ရောက်ပါတယ်။ အခုတော့ ၁ နာရီကျော်မှကျောက်ပန်းတောင်းဝင်ပါတယ်။ စာရေးသူတို့ကို လာကြိုတဲ့လူတွေက မိုလာလမ်းခွဲကနေ ဖုန်းတဂွမ်ဂွမ်ဆက်နေပါတယ်။ အညာနွေကလည်း အပူချိန် ၄၄ ဒီဂရီဖာရင်ဟိုက်ကျော်၊ ကားကလည်းလွန်စွာနောက်ကျ၊ အိမ်ကလည်းဖုန်းခဏခဏဆက်တော့အလိုလိုနေရင်းစိတ်အချဉ်ပေါက်လာပါတယ်။ မိုလာလမ်းခွဲ ရောက်တော့ ၂ နာရီကျော်သွားပါပြီ။ အိမ်ရောက်တော့ ၃ နာရီကျော်ပါပြီ။ အိမ်ကိုချောချောမောမော ရောက်မှပဲ သက်ပြင်းချနိုင်ပါတယ်။

**ခရီးသွားပြည်သူတွေဟာ နှစ်စဉ် သင်္ကြန်ရောက်တိုင်း ထိုသို့အတိ ဒုက္ခရောက်ကြပါတယ်။ ကား၊ ရထား၊ သင်္ဘော လက်မှတ်မရသည့် အခက်အခဲကိုမည်သူမျှ အရေးတယူဖြေရှင်းပေးခြင်း မရှိ . . .**

မွေးရပ်မြေကျေးရွာမှာ တောဓလေ့အတိုင်း အားလုံးကတက်ညီလက်ညီ ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးမှုကြောင့် ရေစက်ချအလှူဟာ အစစအရာရာ အဆင်ပြေပါတယ်။ ဧပြီလ ၁၁ရက်နေ့ နံနက် ၆နာရီ ၁၅ မိနစ်မှာ ထွက်တဲ့ ချောက်-နေပြည်တော် မြမြင့်မိုရ်ကားဖြင့် နေပြည်တော်ကို ပြန်ခဲ့ပါတယ်။ ထုံးစံအတိုင်းပဲ ချောက်ဂိတ်ကနေပြီး နံနက် ၆ နာရီခွဲ နောက်ပိုင်းမှ ထွက်ပါတယ်။ ကျောက်ပန်းတောင်းမှာ ခရီးသည်နှင့်ကုန်ပစ္စည်းစောင့်တာ မိနစ် ၃၀ ကျော်သွားပါတယ်။ လမ်းမှာတွေ့သမျှလူ အကုန်တင်ပါတယ်။ မိတ္ထီလာရောက်တော့ ၁၀ နာရီ ကျော်နေပါပြီ။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နဲ့ နောက်ဘာမှန်းမသိရသော ပုဂ္ဂိုလ်တစ်ယောက်အပါအဝင် သူတို့ သုံးယောက်ကတော့ အခန့်သား လက်ဖက်ရည်သောက်နေကြပါတယ်။ ခရီးသွားပြည်သူတွေကိုတော့ နေပူပူကားပေါ်မှာ မိနစ် ၃၀ ခန့် နေလှန်းထားပါတယ်။ ခရီးသည်တွေထဲမှာ သက်ကြီးရွယ်အိုများအပြင် ကလေးငယ်များလည်းပါကြပါတယ်။ ကားသမားများ၏ ကိုယ်ချင်းစာတရားခေါင်းပါးသော လုပ်ရပ်များအတွက် လွန်စွာ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။

ဒီလိုနဲ့ ဟိုနားရပ်၊ ဒီနားရပ်နဲ့ လမ်းမှာတွေ့သမျှ လူတင်လိုက်တာ ရမည်းသင်းရောက်တော့ ၁၁ နာရီ ၁၅ မိနစ်ရှိနေပါပြီ။ စာရေးသူရဲ့သမီး ၂ ယောက်က သီလရှင်ဝတ်ထားတော့ ဆွမ်းစားချိန်ကျော်သွားမှာကိုစိုးရိမ်နေရပါတယ်။ ထို့အပြင် ကားပေါ်မှာ ကိုရင်လေး တစ်ပါးလည်း ပါလာပါတယ်။ ကိုရွှေယာဉ်မောင်းကတော့ အေးအေးဆေးဆေးပါပဲ။ တပ်ကုန်းထမင်းဆိုင်ရောက်တော့ ၁၂ နာရီ ၁၅ မိနစ်ရှိနေပါပြီ။ အချိန်ကျော်လည်း မတတ်နိုင်ပါဘူး။ သီလရှင် နှစ်ပါးကို မွန်းလွဲဆွမ်းကပ်ခဲ့ရပါတယ်။ ခရီးသွား ပြည်သူတွေဟာ ယာဉ်မောင်းတွေပြုသမျှ နုနေကြရတာမဟုတ်လား။ ဘာပဲဖြစ်ဖြစ် တစ်နေ့ကျရင်တော့ ကိုယ့်စေတနာက ကိုယ့်ကိုအကျိုးပေးမှာပါ။ "နောက်နောင် ရွာကိုပြန်ရင် လိုင်းကားမစီးတော့ဘူး၊ ကိုယ်ပိုင်ကားဝယ်ပြီးမှပဲ ပြန်တော့မယ်" ဆိုပြီးစာရေးသူရဲ့ စိတ်ထဲတွင်အခိုင်အမာဆုံးဖြတ်ခဲ့ပါတယ်။ မှန်တာပြောသစ္စာပါ။ ပူပြင်းလှတဲ့ နွေရာသီမှာ ကျပ်ညပ်နေသော လိုင်းကားပေါ်မှာနေရတဲ့ ဒုက္ခဟာလွန်စွာခံရခက်ပါတယ်။

တပ်ကုန်းကထွက်တော့ ရွာမှာရှိတဲ့ ညီမဆီက ဖုန်းဝင်လာပါတယ်။ "ရောက်ပြီလားတဲ့၊ အဖေက မေးခိုင်းလို့တဲ့။" "အေး. . . မရောက်သေးဘူး၊ ရောက်ရင်ဖုန်းပြန်ဆက်လိုက်မယ်" လို့ပြန်ဖြေခဲ့ရပါတယ်။ ဒီလိုနဲ့ပဲပင်လောင်းလမ်းဆုံကိုရောက်တော့ ပါလာတဲ့အထုပ်အပိုးတွေချပြီး ဆင်းခဲ့ပါတယ်။ ယာဉ်နောက်လိုက်ဆိုတာ ခရီးသည်များ မနိုင်သောအထုပ်အပိုးကို ကူညီပြီးချပေးရပါတယ်။ ဒါပေမယ့် မြမြင့်မိုရ် ယာဉ်နောက်လိုက်ကတော့ စာရေးသူတို့ မိသားစု မနိုင်မနင်းနဲ့အိတ်တွေချနေတာကို ခပ်တည်တည်ပဲကြည့်နေပါတယ်။ လွန်စွာပင်လူမှုရေးခေါင်းပါးလှတဲ့သူပါပဲ။ အိမ်ရောက်တော့ ၂ နာရီ ၁၅ မိနစ်ရှိနေပါပြီ။ ပုံမှန်အချိန်ထက် ၁ နာရီကျော်နောက်ကျပါတယ်။

အထုပ်အပိုးတွေချ၊ မိဘများထံချောချောမောမော ရောက်ရှိကြောင်း ဖုန်းဆက်လိုက်ပါတယ်။ ရွာကိုပြန်ပြီး အလှူအတန်းပြုလုပ်ရတဲ့အတွက် များစွာပီတိဖြစ်ရပါတယ်။ ဒါပေမယ့် အသွား၊ အပြန်ကားစီးရတဲ့ ဒုက္ခကို တွေးမိတိုင်း ကျောချမ်းလို့နေပါတယ်။ နောက်နောင် ရွာကိုမပြန်ရဲလောက်အောင်ပင် ဒုက္ခရောက်ပါတယ်။ ခရီးသွားပြည်သူတွေဟာ နှစ်စဉ် သင်္ကြန်ရောက်တိုင်း ထိုသို့အတိဒုက္ခရောက်ကြပါတယ်။ ကား၊ ရထား၊ သင်္ဘော လက်မှတ်မရသည့် အခက်အခဲကိုမည်သူမျှ အရေးတယူဖြေရှင်းပေးခြင်း မရှိကြချေ။ ပြည်သူများသည် အစိုးရကို အားကိုးတကြီးမျှော်လင့်ကြသော်လည်း ထိရောက်သော ကိုင်တွယ်ဖြေရှင်းမှုမျိုးကို မပြုလုပ်ခဲ့ကြချေ။

ပြည်သူများကရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရအနေဖြင့် ဖြေရှင်းပေးမလားဆိုပြီး မျှော်လင့်နေကြပါတယ်။ ဒါပေမယ့်သင်္ကြန်ကာလအတွင်း ကားသမားများရဲ့ အနိုင်ကျင့်လုပ်ရပ်များကို အရေးတယူကိုင်တွယ်ဖြေရှင်းပေးမှုများကို မတွေ့ရသေးပါဘူး။ မြို့တစ်မြို့နှင့်တစ်မြို့အကြား ပြေးဆွဲနေသော ယာဉ်လိုင်းများအား သတ်မှတ်ခရီးသည် အရေအတွက်တိုင်းတင်ဆောင်ရန်၊ လူစီးကားကိုကုန်ပစ္စည်းများ တင်ဆောင်မှုမျိုးကို ပိတ်ပင်ထားရန်နှင့် မြို့အလိုက်ဆိုက်ရောက် ရပ်နားရမည့်အချိန်များ သတ်မှတ်ပေးထားသင့်ပါတယ်။ ပုံမှန်အချိန်ထက်နောက်ကျသည့် ယာဉ်လိုင်းများနှင့်သတ်မှတ်ချက်အတိုင်းမတင်သည့် ယာဉ်များကို ခိုင်လုံသောအကြောင်းပြချက်မရှိပါက ထိရောက်စွာအရေးယူဆောင်ရွက်သင့်ပါတယ်။ ထိုသို့ မဆောင်ရွက်ပါက ယာဉ်လိုင်းများသည် ခရီးသွားပြည်သူများကို ထည့်မတွက်ဘဲ ၎င်းတို့ စိတ်တိုင်းကျ ရပ်လိုက ရပ်၊ တင်လိုက တင်၊ သွားလိုကသွားလုပ်နေကြမှာပါ။ တာဝန်ရှိသူများကအချိန်မီဖော်ထုတ်စိစစ်တားမြစ်အရေးယူသင့်ပါတယ်။ သို့မှသာခရီးသွားပြည်သူများ လိုရာခရီးကို စိတ်လက်ချမ်းသာ အချိန်မှန်သွားပြီး အချိန်မှန်ရောက်ရှိနိုင်ကြမည်ဖြစ်ပေသည်။

ခြုံ၍တင်ပြရလျှင် မြန်မာနိုင်ငံတွင် ဆယ့်နှစ်လ ရာသီပွဲတော်အနက် မဟာသင်္ကြန်ပွဲတော်သည် တိုင်းရင်းသားပြည်သူများအတွက် များစွာအရေးပါသောပွဲတော်ကြီးဖြစ်ပေသည်။ ထိုပွဲတော်ကာလတွင် ပြည်သူများသည် ဇာတိချက်ကြွေမွေးရပ်မြေများသို့ သွားရောက်ပြီး မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းပြုခြင်း၊ တရားရိပ်သာဝင်ခြင်း၊ ဒုလ္လဘရဟန်းနှင့် မယ်သီလဝတ်ခြင်း စသည့်ကုသိုလ်ကောင်းမှု အဝဝကိုပြုလုပ်လေ့ရှိကြသည်။ ထိုသို့မွေးရပ်မြေကိုပြန်နိုင်ရန်သည် ကား၊ ရထားနှင့်သင်္ဘောများကိုသာအားကိုးကြရသည်။ ယာဉ်လိုင်းများသည် သင်္ကြန်ကာလတွင် လက်မှတ်များ လွယ်ကူစွာရောင်းကုန်ကြသဖြင့် မာန်တက်လေ့ရှိကြသည်။ ခရီးသွားပြည်သူများကို အမြင်ကြည်လင်စေချင်ပါတယ်။ ယာဉ်ပြေးဆွဲရာ ခရီးစဉ်တစ်လျှောက်တွင်လည်း ၎င်းတို့စိတ်တိုင်းကျ ရပ်လို ကရပ်၊ တင်လိုကတင်၊ နားလိုကနား ပြုလုပ်လေ့ရှိကြတယ်။ ၎င်းတို့ရဲ့ ထမင်းရှင်ခရီးသွားများရဲ့ အခက်အခဲကို မည်သည့်ယာဉ်နောက်လိုက်ကမျှ မေးမြန်းခြင်းမျိုးမရှိကြချေ။ ထို့ကြောင့် ခရီးသွားများသည် ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ၏ ပြုသမျှနုနေကြရသဖြင့် အစိုးရသစ်လက် ထက်တွင် အရိုးစွဲနေသည့် ထို Mindset များကို ပြုပြင်တည့်မတ်ထိန်းကျောင်းပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါတယ်။

## ပျဉ်းမနားမြို့၌ သင်္ကြန်အကြတ်နေ့တွင် ရေကစားသူများနှင့် စည်ကားလျက်ရှိ

**ပျဉ်းမနား ဧပြီ ၁၄**

မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် ဧပြီ ၁၄ ရက် နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့တွင် ရေကစားမဏ္ဍပ်ကြီးများ၊ လမ်းထိပ်များတွင် မိမိအစီအစဉ်နှင့် အုန်းလက်များဖြင့် ရေကစားမဏ္ဍပ်ငယ်လေးများတွင် ရေကစားသူများဖြင့် ပိုမိုစည်ကားလျက်ရှိသည်။

ပျဉ်းမနားမြို့နယ်အတွင်း မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်သူများ၊ ရေပက်သူများသည် ရန်ကုန်-မန္တလေးကားလမ်းမ တစ်လျှောက်နှင့် မြို့တွင်းလမ်းများတွင် စည်ကားလျက်ရှိပြီး ရေကစားသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ခိုက်ရန်ဖြစ်ပွားမှုမရှိစေရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း ရေကစားမဏ္ဍပ်များတွင် ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# စိပ်ပုတီးနှင့်ရိပ်ကြီးခိုသူများ မဟာသင်္ကြန်ကာလအတွင်း အထူးများပြား

သတင်းဆောင်းပါး-ခင်မောင်ထွေး၊ ဓာတ်ပုံ-ဇော်မင်းလတ်

**ရန်ကုန် ဧပြီ ၁၄**

"လှမ်းတယ်၊ သွားတယ်၊ ရပ်တယ်" ဟူသည် ဖြစ်ခိုက်ဖြစ်ခိုက် ရုပ်နာမ်တရားတို့ကို သမ္မဇဉ်ညအပိုင်းဖြင့် စင်္ကြံလျှောက်ရှုမှတ်နေဆဲမှာပင် ပရိဝုဏ်တံတိုင်းကိုကျော်ဖြတ်၍ သင်္ကြန်တေးသီချင်းများက ပျံ့လွင့်လာရာ အတွင်းအာယာတနသောတနှင့် အပြင်အာယာတနသဒ္ဒါတို့၏ တိုက်ခတ်မှုကြောင့် ပေါ်ပေါက်လာသည့် သောတဝိညာဉ်အပေါ် "ကြားတယ်၊ ကြားတယ်"ဟု မောင်ချစ်ဖေ ဆက်လက်ရှုမှတ်နေမိပြန်သည်။

မောင်ချစ်ဖေကဲ့သို့နှယ် ယောဂီအများအပြားသည်လည်း စင်္ကြံကိုချ၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်းရှိ မူလမင်းကွန်းတောရရိပ်သာ စင်္ကြံလမ်းတစ်လျှောက်တွင် စင်္ကြံလျှောက် တရားမှတ်နေသူများကလည်း အများအပြားပင်။

မူလမင်းကွန်းတောရရိပ်သာသို့ ယခုနှစ်သင်္ကြန်ကာလအတွင်း သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်ကစတင်ပြီး တရားစခန်းဝင်ရောက်သူ ယောဂီပေါင်း ၁၀၀၀ ခန့်ရှိကြောင်း၊ အမျိုးသမီးယောဂီများက ပိုများပြီး ဆယ်ကျော်သက်အရွယ်မှ အသက် ၂၅၊ ၃၀ အတွင်း လူငယ်များ အများအပြားပါရှိကြောင်း ဝေယျာဝစ္စရုံးအဖွဲ့မှ သိရသည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ခံ လူငယ်အများစုသည် အတာရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြသကဲ့သို့ ထေရဝါဒဗုဒ္ဓဘာသာဝင်များပီပီ အများစုက အခါကြီး ရက်ကြီးများဖြစ်သည့်အလျောက် ဒါန၊ သီလ၊ ဘာဝနာတရားများကို ကျင့်ကြံအားထုတ်ကြသူများကလည်း အများအပြားပင်။

မရမ်းကုန်းမြို့နယ် ချော်တွင်းကုန်းရှိ ချမ်းမြေ့ရိပ်သာ၌ သင်္ကြန်အကြတ်နေ့ နေ့လယ်အထိ တရားစခန်းဝင်ရောက်၍ ဝိပဿနာတရားတော်အားထုတ်သူပေါင်း ၄၈၁ ဦးရှိကြောင်း ဝေယျာဝစ္စရုံးအဖွဲ့မှ သိရသည်။

အမျိုးသားယောဂီ ၄၆ ဦး၊ အမျိုးသမီးယောဂီ ၂၉၀၊ သီလရှင်အပါး ၄၀၊ ရှင်သာမဏေ ရှစ်ပါး၊ ဒုလ္လဘရဟန်းအပါး ၇၀ တရားစခန်းဝင်ရောက်ခဲ့ကြသည့်အနက် နိုင်ငံခြားသူ သီလရှင်နှစ်ပါး၊ နိုင်ငံခြားသား အမျိုးသားယောဂီတစ်ဦးနှင့် နိုင်ငံခြားသူအမျိုးသမီး ယောဂီတစ်ဦးတို့ ပါဝင်ခဲ့ကြပြီး ဂျပန်၊ တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့ရိပ်သာသည် တစ်နှစ်ပတ်လုံးရိပ်သာဖြစ်ပြီ ယောဂီပုဂ္ဂိုလ်များသည် နံနက် ၄ နာရီခွဲမှ ည ၉ နာရီခွဲအထိ အချိန်ပြည့်နီးနီး ဝိပဿနာတရားတော်များကို အားထုတ်ကြရသည်။

နံနက် အရုဏ်ဆွမ်းစားပြီး စုပေါင်းဘုရားဝတ်တက်ကာ ချမ်းမြေ့ရိပ်သာဆရာတော်ကြီးထံမှ နံနက်ခင်း ဩဝါဒတရားနာယူကြရသည်။

ယင်းနောက် ရှုမှတ်စဉ်ဖြင့် တရားရှုမှတ်ကြပြီး နံနက် ၁၀ နာရီခွဲတွင် နေ့ဆွမ်း သုံးဆောင်ကာ ခေတ္တခဏနား၊ ကိုယ်လက်သန့်ရှင်းပြီးနောက် မွန်းလွဲပိုင်းမှ ညနေအထိ တရားဆက်လက်ရှုမှတ်ကြရသည်။ ထို့နောက် ညနေ ၅ နာရီတွင် ဖျော်ရည်သောက်သုံးပြီး ညပိုင်း ၉ နာရီခွဲအထိ တရားဆက်လက်ရှုမှတ်ကြသည်။ မှော်ဘီမြို့ရှိ ချမ်းမြေ့ရိပ်သာကျောင်း၌လည်း သင်္ကြန်ကာလတရားစခန်းဝင်သူ ယောဂီစုစုပေါင်း ၈၀၀ ကျော်ရှိကြောင်း သိရသည်။

အလားတူ ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ၌ သင်္ကြန်ကာလ တရားစခန်းဝင်မည့် ယောဂီများကို ဧပြီ ၈ ရက်က စတင်လက်ခံခဲ့ပြီး ဧပြီ ၁၂ ရက်စာရင်းပိတ်သည့်ရက်အထိ သတ်မှတ်ဦးရေ ၂၀၀၀ ပြည့်သွားပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မှာ တရားစခန်းဝင်တဲ့သူတွေ ပိုများလာတယ်။ အများစုကတော့ လူငယ်တွေဖြစ်တယ်။ တရားစခန်းဝင်မယ့်သူတွေက သင်္ကြန်တွင်းနေမယ့်သူတွေရှိသလို သင်္ကြန်ပြီးနောက်ပိုင်း ဆက်နေမယ့်သူတွေလည်းရှိတယ်။ ရေအခက်အခဲရှိမှာမို့ တရားစခန်းကို လူဦးရေကန့်သတ်လိုက်ရတယ်။ ရိပ်သာတိုင်းမှာလည်း လက်ခံနိုင်တဲ့ လူဦးရေထက် စာရင်းပေးတဲ့သူတွေ များနေတယ်လို့ သိရတယ်"ဟု မဟာစည်သာသနာ့ရိပ်သာ အတွင်းရေးမှူး ဦးလှမြင့်က ပြောသည်။

မဟာသင်္ကြန်ကာလသည် နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သည့်အားလျော်စွာ လူလတ်ပိုင်း ဝန်ထမ်းအများအပြားလည်း တရားစခန်းရိပ်သာများသို့ ဝင်ရောက်၍ ဝိပဿနာတရားများကို အားထုတ်လျက်ရှိကြောင်း သိရသည်။

ဝန်ထမ်းအများစုအနက် မောင်ချစ်ဖေလည်း တစ်ဦးအပါအဝင်ဖြစ်လေသည်။ မူလ မင်းကွန်းတောရဆရာတော်ကြီး ဦးနာရဒ၏ သတိပဋ္ဌာန်တရားတော်နည်းနာနိဿယအတိုင်း သွားတယ်၊ လှမ်းတယ်၊ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ်ဟူသည့် ဖြစ်ဆဲဖြစ်ဆဲရုပ်နာမ်တရားတို့ကို မောင်ချစ်ဖေ ရှုမှတ်နေခိုက်မှာပင် စိတ်အလျဉ်သည် ဥဒ္ဒစ္စပျံ့လွင့်၍နေလေသည်။

ထိုစဉ်မှာပင် မူလမင်းကွန်းတောရ ယောဂီတို့ ရွတ်ဆိုလေ့ရှိသည့်

"နိဗ္ဗာန်ချမ်းသာ ရလိုပါ
ဇွဲသန်ဝီရိယ အားထုတ်ပါ
မိဘဆရာ ဆွေသဟာ၊ ကူပံ့၍သာမရပါ
ကိုယ်တိုင်ကောင်းစွာရှုမှတ်ပါ
ရှုမှတ်စိတ်ဟာသန့်ရှင်းလာ
ထိုစိတ်ကသာ မြင့်မြတ်ရာ
ဆောင်ပို့လိမ့်မည် နိဗ္ဗာန်ပါ"

ဟူသည့် သံပေါက်လင်္ကာကိုလည်းကောင်း၊

"ရေကြောင့်ဖြစ်တဲ့ရွှံ့နွံကို
ရေနဲ့ဆေးမှစင်ကြယ်သလို
စိတ်ကြောင့်ဖြစ်တဲ့ အကုသိုလ်
စိတ်နဲ့ဆေးမှစင်ကြယ်သလို"

ဟူသည့် သံပေါက်လင်္ကာတို့ကိုလည်းကောင်း ပြန်လည်ကြားယောင်မိခိုက်တွင် မောင်ချစ်ဖေ၏ ပျံ့လွင့်နေသော စိတ်အလျဉ်တို့ကို နှာသီးဖျားထက် ပြန်လည်ဆွဲတင်ကာ ဝင်လေ၊ ထွက်လေတို့ကို သတိကပ်ရှုမှတ်လိုက်ရပါတော့သည်။

သတ္တဝါမှန်သရွေ့တရားတွေ့
ချမ်းမြေ့သာယာရှိကြပါစေ။



ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ၌ မဟာသင်္ကြန်ကာလအတွင်း တရားစခန်းဝင်ရောက်ကြသည့် ဒုလ္လဘရဟန်းများကို တွေ့ရစဉ်



ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာ၌ မဟာသင်္ကြန်ကာလအတွင်း တရားစခန်းဝင်ရောက်ကြသည့် ယောဂီများကို တွေ့ရစဉ်

# မဟာသင်္ကြန်အကြတ်နေ့ ဥပုသ်သီလဆောက်တည်သူများပြား

**ငပုတော ဧပြီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် မဟာသင်္ကြန်ပွဲတော်အကြတ်နေ့ (ဧပြီ ၁၄ ရက်) နံနက် ၇ နာရီက ရပ်ကွက်များရှိ မိသားစုမဏ္ဍပ်များ၌ ရေကစားကြသူများ စည်ကားစွာ တွေ့မြင်ရသည်။

ယင်းနေ့ နံနက်ပိုင်းတွင် အနီးပတ်ဝန်းကျင်ဒေသများမှ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်ကြသူများက ပုသိမ်-ငပုတောလမ်းမကြီးတစ်လျှောက် ပျော်ရွှင်စွာရေကစားကြသည်။

စေတီပုထိုး၊ ဘုန်းကြီးကျောင်းများ၌ ဥပုသ်သီလဆောက်တည်ကြသူများ အလှူဒါနပြုကြသူများ၊ ရဟန်းခံရှင်ပြုပွဲများ၊ တရားစခန်းဝင်ကြသူများဖြင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း သိရသည်။

**မျိုးကျော်သူ(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မေ ၁၃ ရက်နေ့က ငလျင်လှုပ်၊ လေပြင်းတိုက်ခတ်ခဲ့ခြင်းကြောင့် ပျက်စီးမှုများရှိခဲ့

**စစ်ကိုင်း မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏တိုင်းထွာချက်အရ မေ ၁၃ ရက် ည ၈ နာရီ ၂၈ မိနစ်က ကလေးမြို့ အရှေ့တောင်ဘက် ၄၂ မိုင်ခန့်အကွာ မန္တလေးမြို့၏ အနောက်မြောက်ဘက် ၁၁၂ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ရာ ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်၊ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မုံရွာခရိုင် ချောင်းဦးမြို့နယ်တို့တွင် အပျက်အစီးများရှိခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ဝက်မေးရွာသစ်ဘုန်းတော်ကြီးကျောင်း အပေါ်ထပ်လှေကားအတက် အနောက်ဘက်နံရံတွင် နှစ်ပေခန့်၊ လှေကားအတက် အောက်ထပ်တွင် လေးပေခန့် နှစ်နေရာနှင့် အထက်အောက် ငါးပေခန့်အက်ကြောင်းများဖြစ်ခဲ့သလို မိုးကြိုးပြင်အုပ်စု ဝါးတန်းကျေးရွာ သတ္တမဗောဓိကျောင်းတိုက်အတွင်း တည်ထားသော ဉာဏ်တော် ၈၁ ပေရှိ အောင်သိဒ္ဓိဆုတောင်းပြည့်စေတီမှ စိန်ဖူးတော်မြေခခဲ့သည်။ မြေငလျင်လှုပ်စဉ် လျှပ်စစ်ဓာတ်အားလိုင်း ကြိုးနှစ်ချောင်း ပွတ်ခတ်မှုကြောင့် ကနီမြို့နယ်တွင်းအုပ်စု ပက်ကြားဝရွာ စိတ္တာသုခ ဘုန်းတော်ကြီးကျောင်း၏ သစ်သားခြံစည်းရိုးများ မီးလောင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကနီမြို့နယ်အတွင်း အမှတ် ၂ ရပ်ကွက်ရှိ တစ်ထပ်သွပ်မိုးမိခင်နှင့်ကလေး စောင့်ရှောက်ရေး အဆောက်အအုံ မျက်နှာကြက် အမိုးပြားများကွာကျခဲ့သည်။ ပုတ်ကုန်းကျေးရွာ အုတ်တိုင်ကျောင်းအတွင်းမှ စေတီတော်၏ ထီးတော်မြေခခဲ့ကြောင်း စင်အိုအုပ်စု လက်ပံစုကျေးရွာ ရွှေဂူဘုရား သပိတ်မှောက်အောက်တွင် အက်ကွဲခဲ့ပြီး ကင်းတော်အုပ်စု၊ မြောင်သများကျေးရွာအုပ်စု ကိုးနဝင်းကပ်ကျော် စေတီတော်သပိတ်မှောက်အောက်တွင် အက်ကွဲမှုများရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ကနီမြို့နယ်အတွင်းရှိ ဝယာကျေးရွာ သိမ်ဘုရားထီးတော် ယိုင်ခဲ့ပြီး ရွှေနန်းဦးဘုရားနှင့် ဖောင်တော်ဦးဘုရားထီးတော်ထိပ် စိန်ဖူးတော်များမြေခခဲ့ကြောင်း၊ မုံရွာခရိုင် ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာ ရွှေဂူကြီးဘုရားစေတီ သုံးဆူအနက် ဉာဏ်တော် ၄၂ တောင်ရှိသော အရှေ့ဘက်ဆုံးစေတီတော် စိန်ဖူးတော်မြေခခဲ့ကြောင်း သိရသည်။



ထို့ပြင် မေ ၁၃ ရက် ညနေ ၄ နာရီ ၂၀ မိနစ်ခန့်မှ ၄ နာရီ ၅၅ မိနစ်ခန့်အထိ လေပြင်းတိုက်ခတ်ခဲ့ရာ ဗန်းမောက်မြို့နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများဖြစ်ခဲ့ကြောင်း သိရသည်။ ဗန်းမောက်မြို့နယ် မင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်တစ်ဆောင်၊ ဝန်ထမ်းနေအိမ်နှစ်အိမ်၊ ဘုန်းကြီးကျောင်း ဇရပ်တစ်ဆောင်၊ နေအိမ် ၁၄ လုံး အမိုးများလန်ခဲ့ပြီး မကျီးကုန်းကျေးရွာတွင် ဘုန်းကြီးကျောင်းနှစ်ဆောင်၊ အိမ်တစ်လုံးအမိုးလန်ခဲ့ပြီး ရွှေတောင်ကျေးရွာမူကြိုကျောင်းတစ်ဆောင်၊ မူလတန်းကျောင်းတစ်ဆောင်၊ ဝန်ထမ်းနေအိမ်နှစ်လုံး ရွှေမင်းကြီးကုမ္ပဏီအဆောက်အအုံနှစ်လုံးနေအိမ်နှစ်လုံး၊ ရွှေတောင်ရဲကင်းတစ်လုံး အမိုးများလန်ခဲ့ကြောင်း သိရသည်။

အဆိုပါငလျင်လှုပ်ခဲ့သော ဒေသနှင့် လေပြင်းတိုက်ခတ်ခဲ့သော ဒေသများမှ ပျက်စီးဆုံးရှုံးမှုများကို တိုင်းဒေသကြီးအစိုးရ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ ချိတ်ဆက်၍ ကူညီကယ်ဆယ်ရေးများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မျိုးဝင်းထွန်း၊ ဓာတ်ပုံ-(တိုင်းဒေသကြီး ပြန်/ဆက်)**

# ချမ်းမြေ့ကြည်နူးနှစ်သစ်ကူး

**မောင်ခိုင်မာ(အထက်မင်းလှ)**

***ကမ္ဘာ့နိုင်ငံအသီးသီးသည် ၎င်းတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ နှစ်ဆန်းရက်များ(နှစ်သစ်ကူးရက်များ)ကို သတ်မှတ်ကြပြီး နှစ်သစ်ကူးပွဲတော်များကို ကျင်းပလေ့ရှိကြသည်။ မြန်မာနှစ်သစ်ကူးရက်မှာ တန်ခူးလအတွင်း ကျရောက်တတ်ပါသည်။***

သင်္ကြန်အတက်ရက်ပြီး နောက်တစ်နေ့(သင်္ကြန်ပြီးဆုံးသောရက်) ဖြစ်၏။ ယင်းကို နှစ်ဆန်းတစ်ရက်နေ့ဟု ခေါ်ဝေါ်သည်။ မြန်မာနှစ်ဆန်းရက်သည် တန်ခူးလတွင် ကျရောက်သည်ဆိုသော်လည်း အခါခပ်သိမ်းမဟုတ်ကြောင်း။ ထို့ကြောင့် နှစ်သစ်မကူးမီ တန်ခူးလ၏ရက်တို့ကို "နှောင်းရက်"၊ နှစ်သစ်ကူးပြီး တန်ခူးလ၏ ရက်တို့ကို "ဦးရက်" ဟု သတ်မှတ်ပြီး နှောင်းတန်ခူး၊ ဦးတန်ခူးဟုခေါ်ဝေါ်ကြောင်း သိရသည်။ တန်ခူးလသည် အင်္ဂလိပ်လ ဧပြီနှင့် တိုက်ဆိုင်သဖြင့် ဧပြီလ၏ ၁၃ ရက်မှ ၁၇ ရက်အတွင်း မြန်မာနှစ်ဆန်းကျရောက်တတ်သည်ဟုလည်း သိရှိရသည်။ ယခုနှစ် နှစ်ဆန်းတစ်ရက်သည် ၂၀၁၆ ခုနှစ် ဧပြီလ ၁၇ ရက်နေ့ဖြစ်ပါသည်။ မြန်မာသက္ကရာဇ်နှစ်ဟောင်း ၁၃၇၇ ခုနှစ် ကုန်ဆုံးပြီး နှစ်သစ် ၁၃၇၈ ခုနှစ်သို့ ကူးပြောင်းရောက်ရှိတော့မည်ဖြစ်ပါသည်။

**မြန်မာတို့၏တစ်နှစ်တာကာလသတ်မှတ်ပုံနှင့်သင်္ကြန်**

အတာသင်္ကြန်တစ်ကြိမ်မှ နောက်တစ်ကြိမ်ကာလသည် တစ်နှစ်အပိုင်းအခြား ကာလဖြစ်ကြောင်း၊ ကမ္ဘာကြီးသည်နေကိုဗဟိုပြု၍ လှည့်လည်သွားလာသည့်အခါ တစ်ပတ်မြောက်ကာလသည် တစ်နှစ်အပိုင်းအခြား ကာလဖြစ်ကြောင်း၊ ယင်းအပိုင်းအခြား ကာလသည် ၃၆၅ ရက် ၆ နာရီ ၁၂မိနစ် ၃၇ စက္ကန့်ဖြစ်ကြောင်း၊ အနောက်နိုင်ငံ၏ တစ်နှစ်တာကာလအပိုင်းအခြား သတ်မှတ်ပုံနှင့်မတူကြောင်း၊ ကမ္ဘာကြီးသည် နေကိုဗဟိုပြု၍ မိဿရာသီမှစ၍ ပြိဿ၊ မေထုန်၊ ကရကဋ်၊ သိဟ်၊ ကန်၊ တူ၊ ဗြိစ္ဆာ၊ ဓနု၊ မကာရ၊ ကုမ်၊ မိန်ဟူသော ရာသီခွင်များသို့ အစဉ်လိုက် ကူးပြောင်းလှည့်လည်ရာ ၃၆၅ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ကြာမြင့်ကြောင်း၊ ယင်းမှာ ကလိယုဂ်တစ်နှစ်လျှင်ရှိသော ကာလအပိုင်းအခြား ဖြစ်ကြောင်း၊ ယင်းကဲ့သို့ လှည့်လည်ရာ နေသွားလမ်းစက်ဝိုင်းတွင် ရာသီ ၁၂ ပိုင်း ပိုင်းခြား၍ ပဥ္စမ မိဿရာသီအစ သုညအံသာသည် အဿဝဏီ နက္ခတ်နှင့်တနင်္ဂနွေ ရဝိဖုဋ္ဌဂြိုဟ်ယှဉ်သည့်အချိန်တွင် အတာသင်္ကြန်ကျကြောင်း၊ အိန္ဒိယလူမျိုးတို့ကဤအချိန်အခါမှစ၍ နှစ်သစ်ဆန်းချိန်ဟု သတ်မှတ်ကြောင်း၊ မြန်မာတို့အနေဖြင့် သင်္ကြန်ကျချိန်ဖြစ်သော်လည်း နှစ်သစ်မကူးသေးကြောင်း၊ တနင်္ဂနွေရဝိမဇ္ဈဂြိုဟ်သွမ်း မိဿရာသီအစ သုညအံသာသို့ရောက်ရှိသည့် သင်္ကြန်တက်ချိန်မှသာ နှစ်သစ်ကူးချိန်ဟုသတ်မှတ်ကြောင်း၊ သင်္ကြန်ကျချိန်နှင့် တက်ချိန်ကို တွက်ချက်လိုသော် လွန်ခဲ့သောနှစ်၏ သင်္ကြန်တက်ချိန်၏ နေ့ရက်၊ အချိန်များတွင် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်(တစ်ခါတစ်ရံ ၃၆ စက္ကန့်) ထည့်ပေါင်းလျှင် နောက်နှစ် သင်္ကြန်တက်ချိန်ကိုရကြောင်း၊ အင်္ဂလိပ်ရက်ဖြင့် တွက်လိုသော် ဖေဖော်ဝါရီတွင် တစ်ရက်ပိုသောနှစ်(ရက်ထပ်နှစ်)နှင့် မြန်မာသက္ကရာဇ် အတာပြန်နှစ်(၃၆၆ ရက်ရှိသောနှစ်)များတွင် တစ်ရက်နုတ်ရကြောင်း၊ သင်္ကြန်ကျချိန်ကို တွက်လိုပါက သင်္ကြန်တက်ရက်အချိန်နာရီတွင် ၂ ရက် ၄နာရီ ၄မိနစ် မိနစ် ၄၀ စက္ကန့် နုတ်ရကြောင်း၊ သင်္ကြန်ကျရက်နှင့် သင်္ကြန်တက်ရက်အတွင်းရှိ ရက်များကို သင်္ကြန်အကြတ်ရက်ဟု သတ်မှတ်ကြောင်း၊ ဗေဒင်လောကတွင် သင်္ကြန်မည်သည် တနင်္ဂနွေရဝိဖုဋ္ဌဂြိုဟ်စင် ရာသီများသို့ဝင်ချိန်ဖြစ်ကြောင်းစသည်တို့ကို မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၃ တွင် လေ့လာတွေ့ရှိရပါသည်။

**သင်္ကြန်ဟူသောအယူအဆ**

သင်္ကြန်သည် သင်္ကန္တဟူသော ပါဠိပုဒ်မှလာသည့် သက္ကတရရစ်သံနှင့် သင်္ကြန်ဟူသော မြန်မာစကားဖြစ်ပေါ်လာခြင်းဖြစ်ပြီး သင်္ကန္တ၏အနက်မှာ ကူးပြောင်းခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ရောက်ရှိခြင်းဟူ၍ ဖြစ်သည်။ သင်္ကြန်ပွဲသည် ဟိန္ဒူအယူဝါဒမှ သက်ဆင်းခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုကြောင်း၊ ကမ္ဘာဦးကာလက သိကြားမင်းနှင့် ဗြဟ္မာမင်းတို့သည် ဗေဒင်ကိန်းခန်းတစ်ခုကို တစ်ဦးက ခုနစ်နှင့်စားရသည်။ တစ်ဦးက ရှစ်ခုနှင့်စားရသည် စသဖြင့် အချင်းဖြစ်ပွား၍ လူ့ပြည်မှ ကဝိလမိုင်းဆရာထံ အဆုံးအဖြတ်ဝင်သည့်အခါ ဗြဟ္မာမင်းရှုံးသဖြင့် သိကြားမင်းက ဗြဟ္မာမင်း၏ဦးခေါင်းကို ဖြတ်ခွင့်ရကြောင်း၊ သို့သော် ဗြဟ္မာကြီး၏ ဦးခေါင်းကို ဖြတ်ပြီးကာမှ သမုဒ္ဒရာအတွင်းသို့ ပစ်ချပါက သမုဒ္ဒရာရေများခန်းခြောက်ကာ သတ္တဝါများ သေကျေပျက်စီးမည်ဖြစ်ကြောင်း၊ မြေပြင်ပေါ်သို့ ပစ်ချပါကလည်း မီးဟုန်းဟုန်းတောက်၍ သတ္တဝါများ သေကျေပျက်စီးမည်ဖြစ်ကြောင်း၊ သို့အတွက် သိကြားမင်းက နတ်သမီးခုနစ်ဖော်အား တစ်ပါးလျှင် တစ်ရက်ကျစီ ကိုင်ဆောင်စေကြောင်း၊ နတ်ပြည်၏ နတ်သက်တစ်ရက်သည် လူ့ပြည်၏ တစ်နှစ်တာအချိန်ကာလနှင့် တူညီနေသောကြောင့် နတ်သမီးတစ်ပါးမှ နောက်တစ်ပါးထံသို့ ဗြဟ္မာကြီး၏ ဦးခေါင်း လွှဲပြောင်းပေးအပ်ချိန်သည် တစ်နှစ်တာကုန်ဆုံးပြီး နှစ်သစ်သို့ ရောက်ရှိကြောင်း၊ နှစ်သစ်မင်္ဂလာအခါသမယတွင် အေးချမ်းမှုရရှိကြစေရန် သပြေခက်နှင့် ရေပက်ကစားကြရင်းမှ သင်္ကြန်ပွဲတော်ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။

**သင်္ကြန်၊ သိကြားမင်းနှင့် သင်္ကြန်စာ**

သင်္ကြန်ဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပုဂံခေတ် မြန်မာသက္ကရာဇ် ၆၅၃ ခုနှစ်(ခရစ်နှစ် ၁၂၉၁ ခုနှစ်)တွင် ရေးထိုးခဲ့သော စောလှဝန်းဘုရားကျောက်စာ၌ အစောဆုံးတွေ့ရှိရသည်ဟုဆိုသဖြင့် ပုဂံခေတ်ကတည်းက သင်္ကြန်ပွဲတော် ကျင်းပသည့် အစဉ်အလာရှိကြောင်း တွေ့ရပေသည်။ ထိုသို့ သင်္ကြန်ပွဲတော် ကျင်းပရာတွင် ဘုရင်မင်းမြတ်က သင်္ကြန်အမိန့်စာထုတ်ပြန်ကြောင်း၊ ဘုရင်နှင့်မိဖုရားကိုယ်တိုင် ဆင်နွှဲကြောင်း၊ သင်္ကြန်ကျသည့် အချိန်အခါကို ပြည်သူများသိစေရန် ရွှေမောင်းနှင့် ဗဟိုစည်တီးခတ်ပေးကြောင်း၊ အဆိုပါအချက်ပေးသံကြားသည်နှင့် တစ်ပြိုင်နက် သင်္ကြန်အမြောက်သံထွက်ပေါ်လာကြောင်း၊ သင်္ကြန်အမြောက်သံကိုကြားရလျှင် ပြည်သူအပေါင်းက ခုနစ်နေ့နံပန်းများထိုးစိုက်ထားသည့် အတာအိုးဖြင့် လူ့ပြည်သို့ဆင်းသက်၍ "တစ်နှစ်ပြည့်ပြီဖြစ်ကြောင်း၊ ကုသိုလ်ကောင်းမှုပြုကြစေလိုကြောင်း" နှိုးဆော်ရန်လာသည့် သိကြားမင်းကို ကြိုဆိုကြကြောင်း သိရသည်။ လူ့ပြည်သို့ ဆင်းသက်လာသည့် သိကြားမင်းသည် ကောင်းမှုကုသိုလ်ပြုသူများကို ရွှေပုရပိုက်နှင့် ရေးမှတ်ပြီး မကောင်းမှုအကုသိုလ်ပြုသူများကို ခွေးသားရေပိုက်တွင် ရေးမှတ်သွားသည်ဟုလည်း ရှေးလူကြီးများပြောသံကို မှတ်သားဖူးပါသည်။

သင်္ကြန်နှင့် သိကြားမင်း ဒွန်တွဲနေသည်ကလည်း အမှန်ဖြစ်၏။ သိကြားမင်းသည် ယခုနှစ် လူ့ပြည်ဆင်းသက်ရာတွင် မည်သည်ကိုကိုင်ထားပြီး မည်သည်ကို စီးနင်း၍ ဆင်းသက်ကြောင်း အပါအဝင် အရေးအရာများကို ဖော်ပြထားသည့် သင်္ကြန်စာက ကျွန်ုပ်တို့အား အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးထားပါသည်။ အချို့ကျေးလက်ဒေသများတွင် သင်္ကြန်စာဖော်ပြချက်အတိုင်း စိုက်ပျိုးရေးကို ဆောင်ရွက်ကြသည်။ သီးနှံသိုလှောင်ကြသည်။ သင်္ကြန်ကာလတွင် မည်သည့်အရပ်သို့ မျက်နှာလှည့်၍ ခေါင်းလျှော်ရမည်ဆိုသည်ကအစ လိုက်နာကြသည်။

**ချမ်းမြေ့ကြည်နူးနှစ်သစ်ကူး**

သင်္ကြန်ဟူသည် မြန်မာတို့အမွန်အမြတ်ထားရာ နှစ်သစ်ကူး မင်္ဂလာတစ်ပါးဖြစ်သည်။ တစ်နှစ်တွင် တစ်ကြိမ်သာဆင်နွှဲရသော မဟာသင်္ကြန်တွင် တစ်ဦးနှင့်တစ်ဦး အေးချမ်းရွှင်လန်းစေလိုသော ရည်ရွယ်ချက်ဖြင့် အတာရေပက်ဖျန်းကြ၏။ အတာရေတွင် "အေးမြကြည်လင်ခြင်း၊ အညစ်အကြေးများကို ဆေးကြောသန့်စင်နိုင်ခြင်း၊ ရေကိုသား၍ အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်းရှိခြင်း" ဟူသည့် မင်္ဂလာနိမိတ်သုံးပါး ရှိပါသည်။ ထို့ကြောင့် အတာရေသဘင်ဆင်နွှဲခြင်းသည် လွန်စွာကျက်သရေမင်္ဂလာရှိပေသည်။

သို့ဖြစ်၍ ချမ်းမြေ့ကြည်နူးနှစ်သစ်ကူး အခါသမယဝယ် မြန်မာနိုင်ငံသူ နိုင်ငံသားအပေါင်းတို့သည် လူသစ်စိတ်သစ်ဖြင့် ဘဝခရီးလမ်းကို နှလုံးစိတ်ဝမ်း အေးချမ်းစွာ လျှောက်လှမ်းပြီး အောင်မြင်မှုများစွာကို ထွေးပိုက်နိုင်ကြပါစေကြောင်း အတာရေစင်သွန်းလောင်း၍ ဆုမွန်ကောင်းတောင်းအပ်ပါသတည်း။ ။

## သင်္ကြန်အကျနေ့ နိုင်ငံတစ်ဝန်းတွင် မှုခင်းဖြစ်ပွားမှု ၄၅ မှုရှိပြီး လေးဦး သေ၊ ၅၇ ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၄**

သင်္ကြန်အကျနေ့(ဧပြီ ၁၃ ရက်)တွင် နိုင်ငံတစ်ဝန်း၌ အမှုပေါင်း ၄၅ မှုဖြစ်ပွားပြီး လေးဦး သေဆုံးကာ ၅၇ ဦး ဒဏ်ရာရရှိခဲ့သဖြင့် ယမန်နှစ် အလားတူကာလကထက် အမှုသုံးမှု၊ သေဆုံးသူတစ်ဦး ပိုမိုဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူအရေအတွက်မှာ ငါးဦးလျော့နည်းကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတ်တမ်းများအရ သိရသည်။

အကျနေ့ဖြစ်ပွားသည့်အမှုများတွင် ခိုးမှု(နိုက်)/ခိုးမှုမသင်္ကာမှုမှာ ၂၀ မှုဖြင့် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး နာကျင်စေမှု ခုနစ်မှု၊ ဒဏ်ရာရရှိသူ ခုနစ်ဦးရှိကာ ဒုတိယအများဆုံးဖြစ်သည်။ ယစ်မျိုးဖမ်းဆီးမှု ခြောက်မှု၊ လက်နက်မှုနှင့် အခြားအမှုသုံးမှုစီရှိပြီး သေမှုသေခင်းနှင့် ယာဉ်တိုက်မှုမှာ နှစ်မှုစီရှိသည်။ ယာဉ်တိုက်မှုနှစ်မှုတွင် ဒဏ်ရာရရှိသူ ၅၀ ရှိသည်။ လူသတ်မှုတစ်မှုရှိပြီး သေဆုံးသူ တစ်ဦးရှိကြောင်း သိရသည်။

သင်္ကြန်အကြိုနေ့(ဧပြီ ၁၂ ရက်)တွင် နိုင်ငံတစ်ဝန်းမတော်ဆမှု ၁၁ မှုဖြစ်ပွားပြီး တစ်ဦးသေ၊ ၁၄ ဦး ဒဏ်ရာရရှိခဲ့သဖြင့် နှစ်ရက်ပေါင်း ၅၆ မှု၊ သေဆုံးသူငါးဦး၊ ဒဏ်ရာရသူ ၇၁ ဦးရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတ်တမ်းများအရ သိရသည်။

**(သတင်းစဉ်)**

## သင်္ကြန်အကျနေ့ မှုခင်းဖြစ်ပွားမှုတွင် ရန်ကုန်တိုင်းဒေသကြီး၌ အမှုပေါင်း ၂၆ မှုဖြင့် အများဆုံးဖြစ်

**နေပြည်တော် မေ ၁၄**

နိုင်ငံတစ်ဝန်း၌ သင်္ကြန်အကျနေ့ (ဧပြီ ၁၃ ရက်) မှုခင်းများဖြစ်ပွားမှုမှာ အမှုပေါင်း ၄၅ မှုဖြစ်ပွားခဲ့ရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ အမှုပေါင်း ၂၆ မှုဖြင့် အများဆုံးဖြစ်ပြီး မန္တလေး၌ ၆ မှု၊ မကွေးတိုင်းဒေသကြီး၌ သုံးမှု၊ နေပြည်တော်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ နှစ်မှုစီနှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး ရှမ်းပြည်နယ်တို့၌ တစ်မှုစီရှိခဲ့ကြောင်း သိရသည်။

နေပြည်တော်၌ ယာဉ်တိုက်မှု တစ်မှုနှင့် ခိုက်ရန်ဖြစ်ပွားမှု တစ်မှု ဖြစ်ပွားခဲ့ပြီး ယာဉ်တိုက်မှုတစ်ခုတည်း တွင် ဒဏ်ရာရရှိသူ ၄၆ ဦးရှိကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း ဖြစ်ပွားမှုအများဆုံးမှာ ခိုးမှု(နိုက်)၊ ခိုးမှုမသင်္ကာမှုမှာ အများဆုံးဖြစ်ပြီး သင်္ကြန်အကြိုနေ့က ခြောက်မှုနှင့် သင်္ကြန်အကျနေ့တွင် ၂၀ မှု ရှိသည်။

**(သတင်းစဉ်)**



## လေးမျက်နှာမြို့နယ် လဲခုံကြီးရွာ၌ မီးကြွင်းမီးကျန်မှ မီးလောင်

**ဟင်္သာတ မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကွင်းကြီးကျေးရွာအုပ်စု လဲခုံကြီးကျေးရွာ၌ ဧပြီ ၁၃ ရက် မွန်းလွဲ ၂ နာရီက နေအိမ်မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးကူးစက် လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လဲခုံကြီးကျေးရွာနေ ဦးချစ်လှိုင်၏ နေအိမ်မီးဖိုချောင် မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကို လေးမျက်နှာ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမြတ်သူ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် မီးညွန့်ကျိုးကာ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ **(အပေါ်ပုံ)**

မီးလောင်မှုကြောင့် နေအိမ် ၁၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကာ လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ မီးလောင်မှုနှင့် ပတ်သက်၍ လေးမျက်နှာမြို့မရဲစခန်းက အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သင်္ကြန်လည်ယာဉ် အရှိန်လွန်တိမ်းမှောက်ရာ ၄၆ ဦးဒဏ်ရာရ

**နေပြည်တော် မေ ၁၄**

ဧပြီ ၁၃ ရက် (သင်္ကြန်အကျနေ့) မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် နေပြည်တော်မှ လယ်ဝေးမြို့နယ် ကုန်းပေါ်စုရွာသို့ ယာဉ်မောင်း ခင်စိုး(ခ) ဦးပါကြီး မောင်းနှင်လာသည့် သင်္ကြန်လည်ယာဉ် ဖောကားသည် နိဗ္ဗာန်လမ်းပေါ်၌ အရှိန်လွန်တိမ်းမှောက်သွားရာ ယာဉ်ပေါ်လိုက်ပါလာသည့် ကုန်းပေါ်စုရွာသူ ရွာသား ၄၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိကြသူများကို နေပြည်တော်နှင့် လယ်ဝေးဆေးရုံများသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ခင်စိုး(ခ)ဦးပါကြီးအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ လယ်ဝေးမြို့နယ်ကုန်းပေါ်စုရွာသို့ နိဗ္ဗာန်လမ်းအတိုင်း မောင်းနှင်လာသည့် သင်္ကြန်လည်ယာဉ် ဖောကားသည် ရှမ်းစုရွာလယ်အရောက်၌ အရှိန်လွန်တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်လိုက်ပါလာသူ ၄၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**(သတင်းစဉ်)**

## ဘားအံ၌ သင်္ကြန်တွင်း အရက်မူး ဓားကိုင်ရမ်းကားသူအား ဖမ်းဆီး

**ဘားအံ မေ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့ သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ရေကစားသူ မိဘပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မူးယစ်ရမ်းကား ခိုက်ရန်ဖြစ်ပွားမှုများကို သင်္ကြန်ပွဲတော်မတိုင်ခင်နှင့် သင်္ကြန်ကာလအတွင်း တားဆီးကာကွယ် ဆောင်ရွက်လျက်ရှိရာ သင်္ကြန်ပထမအကြတ်နေ့(ဧပြီ ၁၄ ရက်)နံနက် ၁၀ နာရီက အရက်သေစာသောက်စား မူးယစ်ပြီး ဓားကိုင်၍ ရမ်းကားနေသူ အမျိုးသားတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်ထိန်းခေါင်းဆောင် ရဲအုပ်သက်စိုးဦးနှင့်အဖွဲ့သည် လှည့်ကင်းဆောင်ရွက်စဉ် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် အုတ်ဖို(၃)လမ်းနေ ကျော်ဦး(၃၂ နှစ်) အရက်သေစာ သောက်စား မူးယစ်ကာ အရှိုး အသွား ၁၀ လက်မခန့်ရှိ ဓားအိမ်ပါ ဓားဦးချွန်အား ခါးကြားတွင်ထိုးကာ ရမ်းကားနေသည်ကို တွေ့ရှိရသဖြင့် သက်သေများရှေ့၌ ရဲအုပ်သက်စိုးဦးက ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ ထိန်းသိမ်းခဲ့ပြီး ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## သင်္ကြန်လည်ရန် မိခင်ထံမှ ဆိုင်ကယ်တောင်းမရ၍ မိမိကိုယ်ကိုယ် ဆီလောင်းမီးရှို့သေဆုံးမှု ဖြစ်ပွား

**မုံရွာ မေ ၁၄**

သင်္ကြန်လည်ပတ်ရန်အတွက် မိခင်ထံ ဆိုင်ကယ်တောင်းရာ မိခင်က မပေးသဖြင့် မိမိကိုယ်ကိုယ် ဒီဇယ်ဆီလောင်း၍ မီးရှို့အဆုံးစီရင်မှု မုံရွာမြို့နယ် ကျောက္ကာတောင်ရွာ ထန်းဇလုတ်တောတိုက်၌ ဧပြီ ၁၃ ရက် ည ၈ နာရီခွဲတွင် ဖြစ်ပွားရာ ၎င်းအား ဆေးကုသပေးခဲ့သော်လည်း ရရှိသော မီးလောင်ဒဏ်ရာဖြင့် မုံရွာပြည်သူ့ဆေးရုံ၌ ဧပြီ ၁၄ ရက် နံနက်တွင် သေဆုံးသွားကြောင်း သိရသည်။

ကျောက္ကာတောင်ရွာ ထန်းဇလုတ်တောတိုက်၌ ကိုမင်းအောင် (၂၅ နှစ်)က သင်္ကြန်လည်ရန် မိခင်ထံ ဆိုင်ကယ်တောင်းရာ မပေးသဖြင့် နေအိမ်အတွင်း ရေစက်တင်မောင်းရန် အသင့်ဝယ်ယူထားသည့် ဒီဇယ်ဆီတစ်ဂါလန်ကို မိမိကိုယ်ခန္ဓာပေါ်လောင်းကာ ဂက်စ်မီးခြစ် ခြစ်၍ မီးရှို့ခဲ့သည်။ အဆိုပါမီးရှို့လူနာအား ကူညီကယ်ဆယ်ရန် မုံရွာနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဖြိုးမြတ်နှင့် အဖွဲ့က မုံရွာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသခဲ့ကြသော်လည်း ဧပြီ ၁၄ ရက် နံနက်တွင် မီးလောင်ဒဏ်ရာများဖြင့် သေဆုံးသွားကြောင့် မုံရွာနယ်မြေရဲစခန်းမှ သိရသည်။

"ကိုယ့်ကိုယ်ကိုယ်မီးရှို့တဲ့သူ ဒီနေ့မနက်မှာပဲ သေဆုံးသွားပါပြီ။ သင်္ကြန်မှာ ဆိုင်ကယ်မရလို့ သေကြောင်းကြံတာဟာ မကြုံဖူးတဲ့အဖြစ်အပျက်ပါ။ မိခင်ဆီက ဆိုင်ကယ်မရလို့ ကိုယ့်ကိုယ်ကိုယ်မီးရှို့ရလောက်တဲ့ အတိတ်က အရိပ်ပါလာတယ်လို့ပဲလို့ ပြောရမှာပါ"ဟု မုံရွာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ချင်းစိန်က ပြောသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသွားသူကို မုံရွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မော်တော်ယာဉ်ဖြင့် သင်္ကြန်ရေကစားထွက်စဉ် ယာဉ်ပေါ်မှ လူသုံးဦး ပြုတ်ကျ၊ တစ်ဦးသေဆုံး

**တောင်တွင်းကြီး မေ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် တောင်ပြင်(၂)ရပ်ကွက် ဆက်သွယ်ရေးရုံးရှေ့၌ ဧပြီ ၁၄ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ က သင်္ကြန်ရေကစားထွက်သည့် ယာဉ်ပေါ်မှ လူသုံးဦး ပြုတ်ကျပြီး တစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရွှေကြာအင်း(၂)ရပ်ကွက်မှ တောင်ပြင်(၂)ရပ်ကွက်ဘက်သို့ သင်္ကြန်ရေကစားရန် လည်ပတ်နေသည့် ယာဉ်မောင်း လှိုင်မင်းစိုး(၃၀ နှစ်) ပြည့်ညင်ကျေးရွာနေသူ မောင်းနှင်သည့် 2H/---- ယာဉ်နောက်ခန်းမှ လိုက်ပါလာသူ ၃၀ တို့က ကခုန်နေကြစဉ် ယာဉ်နောက်ခန်း ဝဲဘက်ခြမ်း သံချောင်းကျိုး၍ ကျော်ကျော်(၃၆ နှစ်) ပြည့်ညင်ကျေးရွာနေသူ ပြုတ်ကျသည်ကို တစ်ရွာတည်းနေ ဇော်လွင်ဦး(၁၇ နှစ်)နှင့် ချစ်မျိုးဇော် (၁၈ နှစ်)တို့က လှမ်းဆွဲရာ သုံးဦးစလုံး ဝဲဘက်ခြမ်းသို့ ပြုတ်ကျကာ ကျော်ကျော်တွင် ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဇော်လွင်ဦးနှင့် ချစ်မျိုးဇော်တို့တွင် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်အား ယာဉ်/စည်း ရဲတပ်ကြပ်ကြီးရဲဝင်းနှင့်အဖွဲ့က အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ လှိုင်မင်းစိုးကို ဥပဒေအရအရေးယူပေးရန် ရဲတပ်ကြပ်ကြီးရဲဝင်းက တရားလိုပြုတိုင်တန်းသဖြင့် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ဝ၈၅)**

## လူမှုစီးပွားအားကစား အချပ်ပို ထုတ်ဝေမှု နှစ်ပတ် ရပ်နားမည်

မြန်မာ့အလင်း သတင်းစာမှ သောကြာနေ့တိုင်း အပတ်စဉ် ထုတ်ဝေလျက်ရှိသည့် လူမှုစီးပွားအားကစားအချပ်ပို ထုတ်ဝေမှုကို သင်္ကြန်ကာလဖြစ်သော ဧပြီ ၁၅ ရက် (သင်္ကြန်အကြတ်ဒုတိယနေ့) နှင့် ဧပြီ ၂၂ ရက်တို့တွင် ထုတ်ဝေမှုမရှိဘဲ နှစ်ပတ်ရပ်နားမည်ဖြစ်ကြောင်း သတင်းစာဖတ်ပရိသတ်များအား ကြိုတင်အသိပေး တင်ပြအပ်ပါသည်။

စာတည်းအဖွဲ့



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် သင်္ကြန်အကျနေ့က ရေသဘင်ပွဲတော်ဆင်နွှဲနေသူများအား နှုတ်ဆက်စဉ်
ဓာတ်ပုံ - စိုးညွန့်




နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး ကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ် သင့်ကလေးကို
နွားနို့တိုက်ပါစို့


## မြန်မာ့ရုပ်မြင်သံကြား News Channel

၁၅-၄-၂၀၁၆(သောကြာနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၃၅ - ပြည်သူတို့ရဲ့စကားသံများ
- ၈:၃၅ - ခါသင်္ကြန်အဆိုအကများ
- ၉:၀၀ - ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သဒ္ဓမ္မသီတဂူချောင် စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူ ဆောက်တည်ခြင်း
- ၉:၃၀ - ၁၃၇၇ ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ ရန်ကုန်မဟာသင်္ကြန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၃၀ - ၁၃၇၇ ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ မန္တလေးမဟာသင်္ကြန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၃:၂၀ - ၂၀၁၄-၂၀၁၅ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲ အခမ်းအနား ထုတ်လွှင့်မှုအစီအစဉ်(အပိုင်း-၁)

**ညပိုင်း**

- ၁၅:၀၀ - ၁၃၇၇ ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ မန္တလေးမဟာသင်္ကြန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၇:၀၀ - ၁၃၇၇ ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ ရန်ကုန်မဟာသင်္ကြန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၇:၃၀ - ၁၃၇၇ ခုနှစ် မဟာသင်္ကြန်အကြတ်နေ့ မန္တလေး မဟာသင်္ကြန်မြင်ကွင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၁၈:၃၅ - ခါသင်္ကြန်အဆိုအကများ
- ၂၀:၀၀ - ချစ်သော ဉာဏ်မွှာမြေ ဆေးရောင်စုံရုပ်ရှင် **ယောက္ခမဆိုတာ တစ်ခါတုန်းက သမက်ပါပဲ** (အပိုင်း-၁) ကျော်သူ၊ ရန်အောင်၊ လွင်မိုး၊ မို့မို့မြင့်အောင်၊ ခိုင်သင်းကြည် ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)

မှတ်ချက်။ ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# သီပေါ၌ သင်္ကြန်ကာလ ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်



**သီပေါ ဧပြီ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် မဟာသင်္ကြန်ကို ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယနေ့မဟာ သင်္ကြန်အကြတ်ပထမနေ့တွင် ဘုရားကျောင်းများ၌ ဥပုသ်သီလစောင့်သူ များ၊ ခြေကျင်လျှောက်၍ တန်ခိုးကြီးဘုရားများသို့ သွားရောက်ပြီး ရေသပ္ပာယ်သူများနှင့် မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ်များဖြင့် လှည့်လည်သွားလာ စည်ကားလျက်ရှိသည်။

ထိုသို့ ရိုးရာယဉ်ကျေးမှုနှင့်အညီ ဆင်ယင်ကျင်းပသော မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ ရေကစားနိုင်ရေးအတွက် သီပေါမြို့နယ် မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လုံခြုံရေးကင်းလှည့်ဆောင်ရွက်ကြမည့် တပ်ဖွဲ့ဝင်များအား ပြည်သူအားကိုးယုံကြည်သော ပြည်သူ့ရဲများဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း လုံခြုံရေးမထွက်ခွာမီ တန်းစီစုဝေးချိန်၌ မြို့နယ်ရဲတပ်ဖွဲ့မှူးက မှာကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## အက်ဖ်အေဖလား ကွာတား ဒုတိယအကျော့ ရလဒ်

ဝက်စ်ဟမ်း ၁-၂ မန်ယူ

**အကြိုဗိုလ်လုပွဲစဉ်**

အဲဗာတန် Vs မန်ယူ ဧပြီ ၂၃
ပဲလေ့စ် Vs ဝက်ဖို့ဒ် ဧပြီ ၂၄

# အက်သလက်တီကို ဘာစီလိုနာကိုအနိုင်ယူ၊ ဘင်ဖီကာနှင့် ဘိုင်ယန် သရေကျသော်လည်း ဘိုင်ယန်တို့ အကြိုဗိုလ်လုပွဲတက်

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၄ ရက်က ဆက်လက်ကျင်းပရာ အက်သလက်တီကိုက ဘာစီလိုနာကို အနိုင်ရပြီး ဘင်ဖီကာနှင့် ဘိုင်ယန်မြူးနစ်တို့ နှစ်ဂိုးစီ သရေဖြစ်ခဲ့သည်။

အက်သလက်တီကိုတို့အနေဖြင့် ဘာစီလိုနာအိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားရာ ပွဲစသည်နှင့် ဂိုးရရှိရေး ဖိကစားခဲ့သည်။ ဘာစီလိုနာတို့က အက်သလက်တီကိုတိုက်စစ်ကို ထိန်းရင်း တစ်ခါတစ်ရံမှ ထိုးဖောက်ခဲ့သည်။ ပွဲချိန် ၃၆ မိနစ်တွင် တိုက်စစ်မှူး ဂရေ့ဇ်မန်းကခေါင်းတိုက်၍ အဖွင့်ဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းအပြီး အက်သလက်တီကိုက တစ်ဂိုး-ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘာစီလိုနာတို့ကချေပဂိုးရရှိရေးအတွက် မက်ဆီ၊ ဆွာရက်ဇ်နှင့် နေမာတို့နေရာပေါင်းစုံမှထိုးဖောက်၍ ဂိုးသွင်းနိုင်ရန် ကြိုးစားသော်လည်း အက်သလက်တီကိုနောက်တန်းနှင့် ဂိုးသမားတို့ ကာကွယ်ဖျက်ထုတ်နိုင်မှုကြောင့် ဂိုးမရခဲ့ပေ။ ပွဲချိန် ၈၈ မိနစ်တွင် ဘာစီလိုနာတို့ဖိကစားရင်းမှ အက်သလက်တီကိုတို့ဘောလုံးရပြီး ဘာစီလိုနာဂိုးစည်းအတွင်း ဖြတ်တင်ပေးသည်ကို အင်နီယေစတာ ကာကွယ်ရင်း လက်ထိ၍ ပယ်နယ်တီအပေးခံရရာ ဂရေ့ဇ်မန်းကပင် ကန်သွင်းခဲ့၍ အက်သလက်တီကို ဒုတိယဂိုးရရှိခဲ့သည်။ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အက်သလက်တီကိုတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး လက်ရှိချန်ပီယံဘာစီလိုနာတို့ ကွာတားနှင့်သာ ကျေနပ်ခဲ့ရသည်။



နောက်ထပ်ပွဲစဉ် တစ်ပွဲဖြစ်သည့် ဘင်ဖီကာနှင့် ဘိုင်ယန်မြူးနစ်တို့ပွဲတွင် နှစ်ဂိုးစီ သရေကျခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-နှစ်ဂိုးဖြင့် ဘိုင်ယန်မြူးနစ်တို့ အကြိုဗိုလ်လုပွဲ တက်ရောက်သွားသည်။ အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၁၅ ရက်တွင် မဲနှိုက်ရွေးချယ်သွားမည် ဖြစ်သည်။

**သီဟ**


GOLDEN STAR ခရီးသွားလုပ်ငန်း
- ကျိုက်ထီးရိုး(နေ့စဉ်)
- ချောင်းသာ/ငွေဆောင်
ဟိုတယ် စီစဉ်ပေးသည်။
Ph: 209200, 544383, 430480, 705968, 703448


### ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တပ်ကုန်းမြို့နယ်၊ တရားရုံး
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၁၅

| ကိုနေမျိုးလှိုင်(ဘ)ဦးမောင်နိုင် ဖုန်းဆိုးကြီးကျေးရွာ၊ တဲမြင့်အုပ်စု တပ်ကုန်းမြို့ | နှင့် | မဇာဇာအောင်(ဘ)ဦးအောင်မြင့်စိန် ပေတောကျေးရွာ၊တဲမြင့်အုပ်စု တပ်ကုန်းမြို့ |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

တပ်ကုန်းမြို့နယ်၊ တဲမြင့်အုပ်စု၊ ပေတောကျေးရွာနေ မဇာဇာအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလို ကိုနေမျိုးလှိုင်က သင့်အပေါ် လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဧပြီ၂၆ ရက် (၁၃၇၇ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် မတ် ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇော်ဇော်အောင်)
ဒုတိယမြို့နယ်တရားသူကြီး
တပ်ကုန်းမြို့နယ်တရားရုံး

# ရှမ်းပြည်နယ်(တောင်ပိုင်း)မှ သွေးချင်းကယန်းလထာမျိုးနွယ်စုတို့အကြောင်း

**မြန်ဂုဏ်ဆောင်**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြောက်စလုံးကျေးရွာသည် ကယန်းတိုင်းရင်းသား သွေးချင်းမျိုးနွယ်စုတို့ နေထိုင်ရာကျေးရွာဖြစ်သည်။

တောင်ပေါ်ဒေသပျော် သွေးချင်းကယန်းလထာများသည် ဗုဒ္ဓဘာသာနှင့် ရိုမန်ကက်သလစ်ဘာသာတို့ကို ယုံကြည်ကြသည်။ ပင်လောင်း၊ ဖယ်ခုံ၊ ဒီမောဆို၊ တောင်စလုံး၊ မြောက်စလုံးတို့တွင်နေထိုင်ကြသည်။

ပွင့်လင်းမှု၊ ရိုးသားမှု၊ တည်ကြည်ဖြောင့်မတ်မှုဂုဏ်များဖြင့် စိတ်ထားမွန်ရည်ကောင်းမြတ်သော ကယန်းလထာသွေးချင်းတို့က 'အိမ်သာလျှင် ဧည့်လာသည်'ဟူသော ယူဆချက်ဖြင့် အစဉ်ဖော်ရွေကြသည်။ ပျူငှာကြသည်။ ဧည့်သည်လာရောက်ခြင်းကို ဂုဏ်ယူကြသည်။

ကယန်းလထာမျိုးနွယ်စုသည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်၌ ၄၃ ရွာ၊ ပင်လောင်းမြို့နယ်၌ ၁၉ ရွာ၊ ကယားပြည်နယ်၌ သုံးရွာ၊ နေပြည်တော်၌ ၂၅ ရွာ၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်တွင် ၆၅ ရွာ၊ လူဦးရေ ၁၅၂၄၅ ဦးနေထိုင်ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ သံတောင်မြို့နယ်မြောက်ပိုင်း၊ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အရှေ့ဘက်တောင်ပေါ်ဒေသများတွင် အခြားတိုင်းရင်းသားများနှင့် ရောနှောနေထိုင်ကြသည်။

ကယန်းလူမျိုးစု၏ အမည်နာမကွဲပြားမှုများမှာ နေထိုင်ကျက်စားရာဒေသပေါ်တွင် တည်မှီနေသည်။ တောင်ဘက်အရပ်တွင်နေထိုင်ကြသော ကယန်းကို ကယန်းလဟွီ (တောင်ပိုင်းကယန်း)ဟူ၍လည်းကောင်း၊ မြောက်ဘက်အရပ်တွင် နေထိုင်ကြသော ကယန်းကို ကယန်းလထာ (မြောက်ပိုင်းကယန်း)ဟူ၍ လည်းကောင်း ခေါ်ဆိုကြသည်။

ကယန်းလထာက အမျိုးသား၊ အမျိုးသမီးတို့၏ ရိုးရာဝတ်စုံမှာ အမျိုးသားက ကိုယ်ပေါ်တွင် မေးရိုးအောက် လည်ပင်းနေရာကို ဦးချိုနှစ်ဖက် အောက်သို့ ကွေးဆင်းသည်။ ကွဲခေါင်းပုံသဏ္ဌာန် ဆေးမင်ကြောင်ထိုးရုပ်ပုံ၊ ခေါင်းပေါ်ကဆံပင်အတို ထားသည်။ နားကိုအပေါက်ဖောက်ထားသည်။ ငွေနားတောင်းပန်ဆင်သည်။ ဖားစည်ပုံ အခေါင်းပွငွေနားတောင်း၊ မေးရိုးအောက် လည်တိုင်အပေါ်ဆုံးနေရာတွင် အဖြူရောင်တစ်လုံး၊ အနီရောင်တစ်လုံးစီ တွဲသီထားသော ရောင်စုံပျူခေတ်သုံးပုတီးကို လည်မှာဆွဲသည်။ အမည်းရောင်၊ အနီရောင်၊ အဖြူရောင်၊ အဝါရောင်ပုတီးများကို ဆင်မြန်းကြသည်။ လက်တွင် လက်ကောက်ဝတ်ကြေးကွင်း ၁၀-၁၅ ကွင်းဝတ်သည်။ ဂျပ်ခုတ်လက်ရက်ထည် အဖြူရောင်၊ အောက်ပိုင်း ဂျပ်ခုတ်အဖြူရောင် ဘောင်းဘီတို၊ ခြေချင်းဝတ်နေရာတွင် ခြေတစ်ဖက်စီ ချူသီးငါးခုစီ ဆွဲထားသည်။

ကယန်းလထာအမျိုးသမီးက ဦးခေါင်းမှာ ဆံပင်အရှည်ထုံး တစ်ပတ်လျှို၊ နားနှစ်ဖက်တွင် ဆံပင်ခွဲ၍ ဆံမြိတ်ချသည်။ နားတွင် ငွေသားနားတောင်းပန်သည်။



ငွေသားနားဆွဲ ဝတ်ဆင်သည်။ လည်ပင်းတွင် ပုတီးအထပ်ထပ် ချိတ်ဆွဲဝတ်ဆင်သည်။ ပျူပုတီး အကြီးအသေး၊ ဖန်ပုတီး၊ ကနုကမာ၊ ကြွေများဝတ်ဆင်ကြသည်။

ခန္ဓာကိုယ်တွင် အဖြူရောင် အနီစင်းအလှဆင်အင်္ကျီ၊ ကိုယ်အောက်ပိုင်းတွင် ထမီအဖြူ ချည်မည်းကန့်လန့်စင်း ရက်လုပ်ဝတ်ဆင်သည်။ ဒူးခေါင်းအောက်တွင် ကြေးကွင်းဝတ်၊ ချူသီးဆွဲကြသည်။ အဖြူရောင်အထည်တွင် ပန်းနုရောင်အပွင့်ထိုး ပန်းဖွားအဆောင်လေးများတပ်ဆင်ကြသည်။

ကယန်းလထာတို့က ဆင်ဖြူတော်ကို အမြတ်တနိုးပြုကြသည်။

ကယန်းလထာ အပျိုလူပျိုသဘာဝတွင် မိမိတို့သဘောအရ ချစ်သူနှစ်ဦး လက်ထပ်မှုထက် ရွာမိရွာဖ မိဘနှစ်ဦး၏ သဘောတူညီမှုကို အဓိက ခံယူသည်။ ယောကျ်ားလေးလူပျိုဘက်က တောင်းရမ်းမှုဓလေ့ကို ညပိုင်းမှာသာပြုလုပ်သည်။ မိဘများက ညတံခါးပိတ်ချိန်၌ စကားတောင်းကြသည်။ တောင်းရမ်းပွဲတွင် စကားရည်လုပွဲဖြင့် စတင်တောင်းဆိုကြသည်။ ယောကျ်ားလေးဘက်မှအနိုင်ရပါက တံခါးကိုဖွင့်သည်။ သားရေးသမီးရေးအတွက်တံခါးကိုဖွင့်၍ စေ့စပ်ကြောင်းလမ်းပွဲပြုလုပ်ကြသည်။ ယောကျ်ားလေးဘက်ကရှုံးပါက စေ့စပ်ကြောင်းလမ်းမှုကိုဖျက်သိမ်းသည်။ စေ့စပ်ပွဲပျက်သည်။

လက်ထပ်ပွဲတွင် ရပ်မိရပ်ဖ နှစ်ဖက်လူကြီးများက ကျန်းမာချမ်းသာပါစေကြောင်း ဂါထာရွတ်ဆိုကြသည်။ သတို့သား သတို့သမီးတို့၏လက်တွင် ချည်ကို ချည်ပေးသည်။ နှစ်ဖက်မိဘများကို ကန်တော့ကြသည်။ ကယန်းလထာရိုးရာမင်္ဂလာပွဲ အောင်မြင်စွာပြီးစီးသည်။

ကယန်းလထာသွေးချင်းမျိုးနွယ်စုက ရိုးရာအိမ်သစ်တက်ပွဲ၊ နာရေးဓလေ့၊ သင်္ဂြိုဟ်ဓလေ့များရှိကြသည်။

နယ်ခြားတော်လှန်ရေးနှင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်ထင်ရှားသော ကယန်းအမျိုးသားခေါင်းဆောင် ဦးဘိုးဘဟန်၊ နိုင်ငံတော်ကောင်စီဝင် (ငြိမ်း) ဝဏ္ဏကျော်ထင် ဦးသိုင်းသန်းတင်၊ ပဒေသရာဇ်မိုးဗြဲနယ် နောက်ဆုံးနယ်ရှင် စော်ဘွား ဦးအိုက်မောင်ဦး၊ ဝဏ္ဏ ကျော်ထင်ဦးလွှီးဇီ (အငြိမ်းစားမြို့ပိုင်)၊ သီရိပျံ့ချီ ဦးအေးမြလေး ကယားပြည်နယ်ဦးစီးအဖွဲ့ဥက္ကဋ္ဌ (ငြိမ်း)၊ ခေတ်သစ်နိုင်ငံရေးအတွေးအခေါ် ဦးရွှေအေး (ငိကယန်း ထန်)၊ ဦးဘီပျံ (သီဟဗလ-ဗိုလ်ပျံ)၊ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဘီကင်းမြို့ပိုင်ဟောင်း ဦးတိုဘီယား၊ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲတိုက်နယ်သူကြီးဟောင်း ဦးဟိန်စာ၊ ကယန်းစာပေ နှင့်ယဉ်ကျေးမှုဗဟိုကော်မတီ နာယကဆရာတော် မာတိယဦးရွှေ၊ သဒ္ဓမ္မသိဒ္ဓိပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တကောဝိဒ၊ ကယန်းစာပေပညာရှင် ဘုန်းတော်ကြီး Fr ကာ မဲလိုအိုက်ချစ်မောင်၊ ဖယ်ခုံမြို့နယ် ကုန်းဆုံကျေးရွာအုပ်စု ကသဲကျေးရွာ ဓမ္မကာရိက သဲကျောင်းတိုက်ရွှေတံဆိပ်ဆုရှင် နိုင်ငံတော်အစိုးရပထမကျော် အရှင် ဣန္ဒက ဝိသိဋ္ဌာလင်္ကာရာဘိဝံသ၊ ကယန်းစာပေပညာရှင် ဘုန်းတော်ကြီး Fr အက်ဒွပ်နန်း၊ ဒေါ်ဉာဏဝီလင်္ကာရ (သာသနလင်္ကာရ သီလရှင်အကျော်လေးဘွဲ့၊ အစိုးရ နိကယ်ဝိနယဝိဒူ၊ သာသနဓဇဓမ္မစရိယ)တို့သည် သွေးချင်းကယန်းလထာတို့၏ ထူးချွန်ပြောင်မြောက်မှုပြယုဂ်ပင်ဖြစ်သည်။

ယခုမျက်မှောက်ကာလတွင် ကယန်းလထာမျိုးနွယ်စု ဝင်များက ၂၀၀၀ ပြည့်နှစ်မှစတင်၍ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခဲ့ရာ ၂၀၁၅ ခုနှစ်က ဧကဒသမအကြိမ်အဖြစ် ပင်လောင်းမြို့နယ် မြောက်စလုံးကျေးရွာတွင် ပြုလုပ်နိုင်ခဲ့သည်။

တောရိပ်တောင်ရိပ်ခိုပြီး ရိုးသားစွာအသက်မွေးနေထိုင်ကြသော ရှမ်းကုန်းပြင်မြင့်မှ သွေးချင်းကယန်းလထာမျိုးနွယ်စုတို့က ကိုယ့်ရိုးရာစာပေ၊ ယဉ်ကျေးမှုဘဝဓလေ့၊ ထုံးတမ်းစဉ်လာများကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် သွေးချင်းသားချင်းများနှင့် ဆိုးတူကောင်းဖက်၊ အေးအတူပူအမျှနေထိုင်ခဲ့ကြသည်။

နယ်ခြားတော်လှန်ရေး၊ မြန်မာ့လွတ်လပ်ရေး၊ ဒီမိုကရေစီနိုင်ငံထူထောင်ရေးတို့တွင် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုတိုင်းရင်းသားများနှင့်အတူတွဲသောလက်များ မဖြုတ်စတမ်း နေထိုင်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

# မဟာသင်္ကြန်အကျနေ့မြိတ်တွင် စည်ကားသိုက်မြိုက်စွာ ရေကစား




မြိတ် ဧပြီ ၁၄

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အကျနေ့တွင် မြိတ်မြို့နေပြည်သူများ မြိတ်မြို့သို့ လာရောက်လည်ပတ်သော ခရီးသွားပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားလျက်ရှိကြောင်း သိရသည်။

ထိုသို့ရေကစားရာတွင် လူငယ်များစုပေါင်း၍ မိမိတို့အိမ်ရှေ့၌ ရေကစားမဏ္ဍပ်များတည်ဆောက်၍ ရေပိုက်ငယ်များဖြင့် ရေပက်ကစားခြင်း၊ ကလေးငယ်များက ဓနိခက်များ၊ အုန်းခက်များဖြင့် ယာယီရေလောင်းမဏ္ဍပ်လေးများဆောက်လုပ်၍ ဆောင်းဘောက်များဖြင့် သင်္ကြန်သီချင်းများထည့်ကာ ရေပက်ကစားခြင်း၊ လူငယ်အုပ်စုအလိုက်၊ မိသားစုအလိုက် မော်တော်ကားများဖြင့် မြို့တွင်းလှည့်လည်ကာ ရေပက်ခံထွက် ရေကစားသူများ၊ အကမဏ္ဍပ်များ၌ သင်္ကြန်သီချင်းအကအလှများ သီဆိုကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ထိုသို့ရေပက်ခံထွက်သူများ၊ ရေကစားသူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ရဲဝန်ထမ်းများနှင့်တာဝန်ရှိသူများက သင်္ကြန်မဏ္ဍပ်များ၊ လူစည်ကားသောနေရာများ၊ ယာဉ်အသွားအလာများသောနေရာများ၌ အထူးလုံခြုံရေးများ ချထားခြင်းဖြင့်လည်းကောင်း၊ မြို့တွင်း မော်တော်ယာဉ်များဖြင့်လှည့်လည်၍ လည်းကောင်း ပြည်သူများအန္တရာယ်ကင်းစွာ ရေကစားနိုင်ရေးနှင့် ယာဉ်ကြောရှုပ်ထွေးမှုမရှိစေရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်(ပြန်/ဆက်)**




# စုပေါင်းသီလရှင်ဝတ်ပွဲနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**မြစ်ကြီးနား ဧပြီ ၁၄**

ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း စုပေါင်းသီလရှင်ဝတ်ပွဲနှင့် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ဧပြီ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် သမိဒ္ဓေါဒယ သီလရှင်စာသင်ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် သီလရှင်ကျောင်းတိုက်ဆရာကြီး ဒေါ်ဉာဏေသီ၏အဖွင့်ဩဝါဒကို ဆရာလေး ဒေါ်ဩဘာက ဖတ်ကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ဂျေကော့ဘူက အမျိုးသမီးများ ယဉ်ကျေးလိမ္မာပြီး စာရိတ္တမြင့်မားစေရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အလှူရှင်များက စုပေါင်းသီလရှင်ဝတ်ပွဲအတွက် အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး သီလရှင်ဆရာကြီးများနှင့် သီလရှင်အပါး ၃၀၀ တို့အား အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်ကလေးကြီးကြပ်မှု စောင့်ရှောက်ရေးအသင်းဝင်များနှင့်အတူ နာယကနှင့် ဥက္ကဋ္ဌ ဒေါ်သီတာအောင်တို့က ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြသည်။

**စိန်ဝင်း(ပြန်/ဆက်)**

# သင်္ကြန်တွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာ ရေကစား

**မြင်းခြံ ဧပြီ ၁၄**

သင်္ကြန်အကျနေ့တွင် မြင်းခြံမြို့ရှိ ရေကစားမဏ္ဍပ်များတွင် ဧပြီ ၁၃ ရက်က ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေပြီး မြင်းခြံမြို့တွင် မိသားစုရေကစားမဏ္ဍပ်များသာရှိကြောင်း သိရသည်။

ထိုသို့ပြည်သူများ ဥပုသ်သီလဆောက်တည်ခြင်း၊ အစားအသောက်များ စတုဒိသာကျွေးမွေးခြင်း၊ အတာသင်္ကြန်ရေကစားခြင်းများ အေးချမ်းပျော်ရွှင်စွာဆောင်ရွက်နိုင်ရန်အတွက် မြင်းခြံမြို့နယ် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးတာဝန်ကို အဖွဲ့များခွဲ၍ ၂၄ နာရီ အလှည့်ကျဆောင်ရွက်ပေးခြင်း၊ စိတ်ကြွရူးသွပ်ဆေးများ ရောင်းဝယ်မှုမရှိအောင် ဆေးဆိုင်များကို ရှာဖွေစစ်ဆေးခြင်း၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက်လည်း ယာဉ်ထိန်းတပ်ဖွဲ့များက ရှင်းလင်းပေးခြင်း၊ ဆိုင်ကယ်အိတ်ဇောများဖြုတ်၍ စီးနင်းခြင်းနှင့် အိတ်ဇောသံဆူညံသော ဆိုင်ကယ်များကိုလည်း ဖမ်းဆီးထိန်းသိမ်းထားပြီး သင်္ကြန်ပြီးမှသာ ပြန်လည်၍ ထုတ်ယူနိုင်အောင်ဆောင်ရွက်ထားသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# ကနီမြို့နယ် ပေါက်အင်းတောင်ဒေသတွင် ရေရှားပါး၍ ပြည်သူများအား ရေလှူဒါန်း

**ကနီ ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပေါက်အင်းတောင်ဒေသတွင် ပြည်သူများနှင့် ၎င်းတို့၏ စိုက်ပျိုးရေးခွင်တွင် အသုံးပြုကြသည့် ကျွဲနွားများအတွက်ပါ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသောကြောင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ကိုတို့၏ စီစဉ်မှုဖြင့် ကနီမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးထိန်လင်းထွန်းက ကြီးကြပ်၍ ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေများသယ်ယူပြီး ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မိုးနည်းပြီး ရေရှားပါးသော ရပ်ဝန်းဒေသဖြစ်၍ ရေတွင်းများတူးဖော်ရန် ပေလေးရာကျော် ငါးရာကျော်အထိတူးရပြီး နှစ်စဉ် နွေရာသီရောက်ရှိလာချိန်တွင် သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရသဖြင့် ယခုကဲ့သို့ ရေသယ်ယာဉ်များနှင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ယင်းပေါက်အင်းတောင်ဒေသ ယခုကဲ့သို့ သောက်သုံးရေအခက်အခဲကြုံတွေ့နေရမှုကို မြို့နယ်မှ ရေများသယ်ယူဖြန့်ဝေဆောင်ရွက်မှုကို ဧပြီ ၁၁ ရက်က စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ လွှတ်တော်ဒုဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်နှင့် ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက ကွင်းဆင်း၍ အင်းတိုင်းတောရှိ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် စက်ရေတွင်းတူးဖော်ပြီး၍ရေတင်စဉ် ရေမော်တာပန့်တွင်း ထဲပြုတ်ကျမှုကို ကူညီပေါင်းစပ်ဆောင်ရွက်နိုင်ရေးကြည့်ရှုခဲ့ပြီး ယခုနှစ်သည် အယ်နီညိုရာသီဥတုကြောင့် လွှတ်တော်ဥက္ကဋ္ဌက ကြိုတင်ဆောင်ရွက်ထားရှိရန် ဆောင်နိုင်မည့် အခြေအနေများ ဆွေးနွေးပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်နှစ်စီးဖြင့် ဧပြီ ၁၁ ရက်တွင် ရေ ၆၄၀၀ ဂါလန် သယ်ယူဖြန့်ဝေပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း ရေဖြန့်ဝေလှူဒါန်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**



# တွံတေး၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**တွံတေး ဧပြီ ၁၄**

ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးမှုစာပေများကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ကျွန်ဘင်/ ကရင်ချောင်းကျေးရွာအုပ်စု ကရင်ချောင်းကျေးရွာတွင် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်တွင် ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၁၂ ရက် နံနက် ၇ နာရီက ရှင်ညိုတန်ဆောင်၌ ကျင်းပခဲ့သည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက အမှာစကားပြောကြားပြီး သင်တန်းဆရာတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းသည်။ သင်တန်းတွင် ထက်၊ လယ်၊ မူမှ ကျောင်းသား ၁၀၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၁၁ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးမျိုးလှိုင်(တွံတေး)**

# ဆားလင်းကြီးမြို့နယ် မိုးကြိုးဆာလဖျူရစ်အက်စစ် စက်ရုံအကြီးစား ပြုပြင်မည်

**ဆားလင်းကြီး ဧပြီ ၁၄**

ဆားလင်းကြီးမြို့နယ် မြန်မာ-ယန်စီကုမ္ပဏီ ကြေးနီစီမံကိန်းဧရိယာအနီး မိုးကြိုးဆာလဖျူရစ်အက်စစ်စက်ရုံကို သင်္ကြန်တွင်းပိတ်ထားမည်ဖြစ်ပြီး မကြာခင် အကြီးစားပြင်ဆင်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဧပြီ ၁၂ ရက်က စက်ရုံမှူး ဦးသာဒွန်းစံက ကံကုန်းကျေးရွာဒေသခံများအား ပြောကြားသည်။

ဧပြီ ၁၂ ရက်က မိုးကြိုးဆာလဖျူရစ်အက်စစ်စက်ရုံမှ လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာတွင် ထွက်လာသော အက်စစ်ငွေ့အနံ့ဆိုးများကြောင့် စက်ရုံမှူး ဦးသာဒွန်းစံနှင့်တွေ့ဆုံရန် ကံကုန်းကျေးရွာမှ တင့်အောင်စိုးနှင့်အတူ ဒေသခံကံကုန်းကျေးရွာသူ ကျေးရွာသား ၅၀ တို့ အက်စစ်စက်ရုံရှေ့စုရုံးရောက်ရှိလာစဉ်စက်ရုံမှူးက ရှင်းပြခြင်းဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ပူတာအိုခရိုင်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရာသီဥတုဆိုးရွားမှုကြောင့် ရက်ရွှေ့ဖွင့်လှစ်

**ပူတာအို ဧပြီ ၁၄**

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့ နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ဗဟိုမဏ္ဍပ်၌ ကျင်းပရာ တာဝန်ရှိသူများက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက ' မြနန္ဒာ' သင်္ကြန်သီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကြပြီး ပညာရေး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မိသားစုယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေကြရာ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြသည်။

ပူတာအိုခရိုင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့ ညနေ ၃ နာရီတွင် ဖွင့်လှစ်နိုင်ရန်စီမံဆောင်ရွက်ခဲ့သော်လည်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် မိုးထစ်ချုန်းခြင်း၊ ရာသီဥတုဆိုးရွားခြင်းတို့ကြောင့် ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့သို့ ရက်ရွှေ့ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပြန်/ဆက်)**

# ကရင်-မြန်မာချစ်ကြည်ရေးမိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၁၄**

၂၀၁၆ ခုနှစ် မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြိုရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၇)ရပ်ကွက် ပါရမီလမ်း၊ အေဒီမီးပွိုင့်ထောင့်ရှိ ကရင်-မြန်မာချစ်ကြည်ရေးမိသားစု ရေကစားမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက်က ကျင်းပသည်။



အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် KNU-KNLA ငြိမ်းချမ်းရေးကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်မှ ဗိုလ်မှူးနော်ကဖောထူးတို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် KNU-KNLAငြိမ်းချမ်းရေးအဖွဲ့ မိသားစုများဖိတ်ကြားထားသူများက ကရင်အမျိုးသားရိုးရာယဉ်ကျေးမှု ဒုံးယိမ်းအကဖြင့် လည်းကောင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု၊ ပိတောက်ရွှေဝါဖူးအဖွဲ့က သင်္ကြန်ယိမ်းအကဖြင့်လည်းကောင်း ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်လျက် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကျနေ့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ရေကစားသူပြည်သူများ ပျော်ရွှင်အေးချမ်းစွာဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ် (ခရိုင် ပြန်/ဆက်)

## ကျောက်တော်မြို့၌ ဘုရားရေသပ္ပာယ်ပွဲ ကျင်းပ

**ကျောက်တော် ဧပြီ ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့၌ စစ်တွေမြို့မှ အဓိဋ္ဌာန်ဆရာတော် ဦးဆောင်ပြီး ရဟန်းရှင်လူပြည်သူများ တည်ထားကိုးကွယ်သော ကျောက်တော်မြို့ရှိ ကစ္ဆပနဒီတံတားအနီး မဟာကံကြီးသျှင်ဘုရားကြီး၏ တတိယအကြိမ်မြောက် ဘုရားရေသပ္ပာယ်ပူဇော်ပွဲကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီက ကျင်းပရာ ရခိုင်ရိုးရာအကများဖြင့် ချီးမြှင့်ပူဇော်ကြပြီး အသင့်ပြုလုပ်ထားသော နံ့သာဖြူ နံ့သာနီတို့ဖြင့် ဘုရားရေသပ္ပာယ်ရန်ရောက်ရှိလာကြသည့် ဗုဒ္ဓဘာသာဝင်များက အမွှေးနံ့သာရည်များဖြင့် ဘုရားရေသပ္ပာယ်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နှစ်သစ်လက်ဆောင်

* ထူးထွေဆန်း
မြူးဝေလန်းသလို၊
ဘေးမသန်း
အေးချမ်းသကို၊
နှစ်သစ်ကိုကြို
နိမိတ်ဆိုကောင်း။
ရန်ပြေပြေ
သင်္ကြန်ရေ ပက်ကာဖျန်း
အေးချမ်းစေကြောင်း။

* လမ်းတစ်လျှောက်
ပန်းပိတောက်မြိုင်၊
ဝါဝါအဆင်းရယ်နဲ့
သင်းပျံ့ပျံ့လှိုင်၊
စစ်အမှန်ခိုင်
ချစ်မတ္တိုင်မြဲစေသား။
လန်းဖြာဝေ
ကျန်းမာစေ နှစ်သစ်တွက်
ဆုလက်ဆောင်ပါး။

* အမှန်ပေ့
မြန်ခလေ့ထင်၊
အစဉ်ရှေးရှု
ယဉ်ကျေးမှုပင်။
အမှန်ယုံစေချင်
မြန်ဂုဏ်အင် အစဉ်ကိန်း။
စကားမထောင့်
တရားစောင့် မြတ်နှလုံးရယ်နဲ့
သက်ဆုံးတိုင် ယိုင်မလဲ
မြဲမြံအောင်ထိန်း။ ။

ဖိုလေးလုံးသောင်းကိုကို

## နှစ်ဆန်း ၁ ရက်နေ့ သက်လွှတ်ငါးများရောင်းချပေးမည်

**ရန်ကုန် ဧပြီ ၁၄**

လာမည့်နှစ်ဆန်း ၁ ရက်နေ့တွင် ဇီဝိတဒါနသက်စေ့ငါးလွှတ်လိုသူများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာန ရေချိုငါးဉယျာဉ်မှ ငါးများလိုသလောက် စျေးနှုန်းသက်သာစွာရောင်းချပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အခုလို နှစ်ဆန်း ၁ ရက်နေ့ အခါသမယမှာ သက်စေ့ငါးလွှတ်လိုသူတွေရှိကြပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ဒီလိုနှစ်ဆန်း ၁ ရက်နေ့မှာ တန်ခိုးကြီးဘုရားတွေမှာ သက်စေ့ငါးလွှတ်လေ့ရှိပါတယ်။ ဒီအတွက် ငါးလွှတ်လိုသူတွေ လွယ်ကူအဆင်ပြေစေဖို့ရည်ရွယ်ပြီး အလယ်အလတ်ရှိတဲ့ငါးတွေကို ရောင်းချပေးသွားမှာဖြစ်ပါတယ်။ တစ်ကောင်ကို ငွေကျပ် ၅၀၊ ၁၀၀ အစရှိသဖြင့် ရောင်းချပေးသွားမှာဖြစ်ပါတယ်"ဟု ရေချိုငါးဉယျာဉ်မှ ကိုအောင်မျိုးဝင်းက ပြောသည်။

မြန်မာတို့၏ဓလေ့ထုံးတမ်းအစဉ်အလာအရ နှစ်ဆန်း ၁ ရက်နေ့ အခါသမယတွင် မကောင်းမှုများမှ ကျွတ်လွတ်ရန်ရည်မှန်း၍ သက်လွှတ်ပွဲများကျင်းပလေ့ရှိသည်။ ငါးအပြင် အခြားတိရစ္ဆာန်များဖြစ်သည့် ငှက်လေးများ၊ ကျွဲ၊ နွား၊ ဆိတ်အစရှိသည့် သက်လွှတ်ပွဲများကျင်းပလေ့ရှိသည်။ သို့သော် ရန်ကုန်မြို့ တန်ခိုးကြီးဘုရားများ၌ ငါးနှင့်ငှက်များကိုသာ အများဆုံးသက်လွှတ်ကြလေ့ရှိသည်။

နှစ်ဆန်း ၁ ရက်နေ့တွင် သက်စေ့ငါးလွှတ်လိုသူများအနေဖြင့် ရေချိုငါးဉယျာဉ်၌ သက်လွှတ်ငါးများ ရောင်းချပေးသွားမည်ဖြစ်ရာ ဖုန်း ၀၁-၅၅၅၆၁၃ နှင့် ၀၉-၂၅၀၆၇၆၈၀၂ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**မြင့်မောင်စိုး**



မဟာသင်္ကြန်အကျနေ့တွင် မုံရွာမြို့ရှိ လမ်းများတစ်လျှောက်၌ ရေပက်ခံထွက်သည့် ကား၊ ဆိုင်ကယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်
ဖိုးချမ်း(မုံရွာ)

## မြန်မာ့အလင်းသတင်းစာ ဆက်သွယ်မှာယူနိုင်. . .

ရန်ကုန်မြို့တွင်း မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ သတင်းစာမှာယူလိုခြင်း၊ ပုံနှိပ်အရည်အသွေးမကောင်းခြင်း၊ ကြားညှပ်အချပ်ပိုများ အပြည့်အဝမပါခြင်းစသည့် ကိစ္စအရပ်ရပ်အတွက် ဖြန့်ချိရေးဌာန ဖုန်း ၀၁-၅၄၄၃၁၇ သို့ဖြစ်စေ၊ အောက်ပါကိုယ်စားလှယ်များနှင့် စုရပ်ခေါင်းဆောင်များထံသို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | ဆက်သွယ်ရန် ဖုန်းနံပါတ် | မြို့နယ်စုရပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးပြည့်ဖြိုး | ၀၉-၃၂၃၆၅၈၅၉ | ဗဟန်း | စုရပ်ခေါင်းဆောင် |
| ၂ | ဦးမောင်မူ | ၀၉-၅၃၀၀၇၁၂၊ ၀၉-၇၃၀၅၃၉၆၀ | သာကေတ | စုရပ်ခေါင်းဆောင် |
| ၃ | ဦးထွန်းဦး | ၀၉-၂၅၄၃၁၆၅၉၇ | စမ်းချောင်း | စုရပ်ခေါင်းဆောင် |
| ၄ | ဒေါ်သီတာအောင် | ၀၉-၂၆၀၀၃၄၇၉၅ | တောင်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၅ | ဦးစန်းဝင်း(ဒေါ်ထားထားဝင်း) | ၀၉-၃၁၀၃၃၁၅၈ | မြောက်ဒဂုံ | စုရပ်ခေါင်းဆောင် |
| ၆ | ဦးဌေးကို | ၀၉-၇၃၀၇၆၀၀၁ ၀၉-၂၅၄၀၄၈၀၉၆ | မရမ်းကုန်း | စုရပ်ခေါင်းဆောင် |
| ၇ | ဦးစိုးနိုင်ဦး | ၀၉-၄၃၁၂၅၄၆၂ | အင်းစိန် | စုရပ်ခေါင်းဆောင် |
| ၈ | ဦးအောင်မှို(စထမာ) | ၀၉-၂၅၉၈၁၃၈၈၃ | မင်္ဂလာဒုံ | စုရပ်ခေါင်းဆောင် |
| ၉ | ဦးညဏ်တေဇာထွန်း | ၀၉-၂၅၀၄၉၃၂၇၀ | သဃ်န်းကျွန်း | စုရပ်ခေါင်းဆောင် |
| ၁၀ | ဦးအောင်ကျော်ထွန်း(ဒေါ်ကြည်မြ) | ၀၉-၃၁၀၂၅၂၀၁ | တောင်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၁ | ဦးရွှေပေါ်သာ | ၀၉-၄၃၀၂၆၈၃၅ | မြောက်ဥက္ကလာပ | စုရပ်ခေါင်းဆောင် |
| ၁၂ | ဒေါ်တိုး | ၀၉-၇၉၉၇၇၃၃၄၇ | ကြည့်မြင်တိုင် | ကိုယ်စားလှယ် |
| ၁၃ | ဦးထွန်းဦး | ၀၁-၅၂၅၅၁၃ | စမ်းချောင်း | ကိုယ်စားလှယ် |
| ၁၄ | ဦးထွန်းဦး | ၀၉-၃၁၀၆၉၇၇၉ | အလုံ | ကိုယ်စားလှယ် |
| ၁၅ | ဦးအောင်မြင့် | ၀၉-၇၃၂၁၆၈၀၁ | ပန်းဘဲတန်း | ကိုယ်စားလှယ် |
| ၁၆ | ဦးစိုးအောင် | ၀၁-၂၅၃၂၅၅ | လသာ | ကိုယ်စားလှယ် |
| ၁၇ | ဦးကျော်ကျော် | ၀၉-၃၀၂၄၅၃၆၀ | လမ်းမတော် | ကိုယ်စားလှယ် |
| ၁၈ | ဒေါ်စန်းမြင့် | ၀၉-၇၃၁၀၄၀၆၁ | ဗိုလ်တထောင် | ကိုယ်စားလှယ် |
| ၁၉ | ဒေါ်မြင့်ကြည် | ၀၉-၂၁၅၇၀၃၉ | ပုဇွန်တောင် | ကိုယ်စားလှယ် |
| ၂၀ | ဦးခင်မောင်လှိုင် | ၀၉-၂၅၄၂၀၁၆၀၁ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၁ | ဦးထွန်းရွှေ | ၀၉-၇၃၀၆၃၄၂၃ | ကျောက်တံတား | ကိုယ်စားလှယ် |
| ၂၂ | ဒေါ်ကြည်ကြည်ဌေး | ၀၉-၂၅၄၇၁၉၃၃၁ | ဗဟန်း | ကိုယ်စားလှယ် |
| ၂၃ | ဦးကျော်ကျော် | ၀၉-၂၅၄၀၆၃၀၅၉ | ဒဂုံ | ကိုယ်စားလှယ် |
| ၂၄ | ဦးညို | ၀၉-၉၇၂၃၆၆၉၀၁ | တာမွေ | ကိုယ်စားလှယ် |
| ၂၅ | ဦးအေးငွေ | ၀၉-၃၂၂၅၄၆၈၂ | တာမွေ | ကိုယ်စားလှယ် |
| ၂၆ | ဦးတင်စိုး | ၀၉-၇၃၅၄၈၃၄ | လှိုင်သာယာ | ကိုယ်စားလှယ် |
| ၂၇ | ဦးခင်မောင်အေး | ၀၉-၂၆၃၉၉၈၈၂၃ | အင်းစိန် | ကိုယ်စားလှယ် |
| ၂၈ | ဦးသန်းအေး | ၀၉-၇၃၁၁၈၀၆၈ | မြောက်ဥက္ကလာပ | ကိုယ်စားလှယ် |

# သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးနှိုးဆော်လျက်ရှိ



**ဂန့်ဂေါ ဧပြီ ၁၄**
ဂန့်ဂေါမြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် ဆွေးနွေးပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းတို့ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် လမ်းဆုံများ၊ အသွားအလာများသည့် နေရာများ၌ အသိပေးနှိုးဆော်ခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ကြကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

သင်္ကြန်ကာလအတွင်း ဆိုင်ကယ်စီးနင်းသူများ အန္တရာယ်ကင်းရှင်းစေရန် ဆိုင်ကယ်စီးသူတိုင်း ဦးထုပ်ဆောင်းရေး၊ ပါဝါအိတ်ဇောတပ်ဆင်ခြင်း၊ သံစုံဟွန်းတပ်ဆင်ခြင်း၊ နှစ်ဦးထက် ပိုမိုစီးခြင်းမပြုရေးတို့နှင့် စက်သံဆူညံစွာမောင်းနှင်ခြင်းမပြုရေးတို့ကို အသိပေးနှိုးဆော်ကြကြောင်း သိရသည်။

(၁၀၁)

## သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရန် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များ

၁။ သင်္ကြန်ပွဲတော်အတွင်း အရက်သေစာ လွန်ကဲစွာ သောက်စားမူးယစ်ခြင်း၊
၂။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊
၃။ တုတ်၊ ဓား လက်နက်များ ဝှက်သိမ်းကိုင်ဆောင်ခြင်း၊
၄။ ကာမရာဂကို နိုးထစေသော ဆေးများရောင်းချခြင်းနှင့် ဝယ်ယူသုံးစွဲခြင်း၊
၅။ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသည့် ဝတ်စားဆင်ယင်ခြင်း၊
၆။ မိန်းကလေးများ ဆွေမျိုးသားချင်းမဟုတ်သူများနှင့် အတူလည်ပတ်ခြင်း၊ ၎င်းတို့မှ ကျွေးသော အစားအသောက်များကို မချင့်မချိန်စားသောက်ခြင်း၊
၇။ အချိန်လွန်ရေပက်ကစားခြင်းနှင့် လည်ပတ်ခြင်း၊
၈။ ရေပက်ကစားပြီး နားသည့်အချိန်၌ ဆိတ်ကွယ်ရာ၌ အနားယူခြင်း၊
၉။ အရက်သေစာ၊ မူးယစ်ဆေးဝါးသောက်စားခြင်း၊ ဝန်ပိုများတင်ဆောင်၍ မော်တော်ယာဉ်များ မောင်းနှင်ခြင်း၊
၁၀။ ရေပက်ကစားသူအချင်းချင်း နောက်ပြောင်ကျီစယ်လွန်ခြင်း၊
၁၁။ သင်္ကြန်ကာလအတွင်း အရက်မူးပြီး ရေကန်၊ ချောင်းများ၌ ရေကူးခြင်းနှင့် ရေချိုးခြင်း။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# သင်္ကြန်ကာလနှင့် မြို့တွင်းသွားယာဉ်လိုင်းများ

**ရန်ကုန် ဧပြီ ၁၄**
သင်္ကြန်အကြိုရက် . . .။

လမ်းမတော်မြို့နယ်အတွင်းရှိ ထားဝယ်အသင်းတိုက်သို့ သတင်းရယူရန် နံနက် ၆ နာရီခွဲက ကြည့်မြင်တိုင်ရှေ့ မှတ်တိုင်မှ ၃၈ လိုင်းကားစီးခဲ့သည်။ ကားပေါ်ရောက်သည်နှင့် ဗဟိုစည် ကျပ် ၃၀၀၊ ပန်းဆိုးတန်း ကျပ် ၅၀၀ ဟု ယာဉ်နောက်လိုက်က ဆိုသည်။ ပုံမှန်ငွေကျပ် ၂၀၀ ပေးစီးနေရသော ခရီးလမ်းဖြစ်သည်။

ထားဝယ်အသင်းတိုက်တွင် သတင်းကိစ္စပြီး၍ လှိုင်မြို့နယ် အင်းစိန်လမ်းပေါ်ရှိ ဘာတာမှတ်တိုင်အနီး အနောက်ပိုင်းခရိုင် သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲသို့ နံနက် ၈ နာရီတွင် ဘုန်းကြီးလမ်းမှတ်တိုင်မှ ၁၂၄ လိုင်းကားကြီးစီးခဲ့သည်။ သူကလည်း ထုံးစံအတိုင်း ငွေကျပ် ၅၀၀ တောင်းသည်။ မေးကြည့်သည့်အခါ လိုင်းကား မဟုတ်၊ အောက်ဆိုက်ကားဟု ဆိုသည်။ မဏ္ဍပ်ဖွင့်ပွဲပြီး၍ ထိုမှတ်တိုင်မှ မြေနီကုန်းသို့ ၅၀ လိုင်းကားစီးခဲ့သည်။ သူကလည်း ငွေကျပ် ၃၀၀ တောင်းယူသည်။ မြေနီကုန်းမှတ်တိုင်တွင် တစ်ထောက် နားပြီး ၁၀၇(အပြာ) ၂၀၄၊ ၃(အစိမ်း)၊ ၃၈ လိုင်းများ၏ ယာဉ်စီးခများကို လေ့လာမေးကြည့်ခဲ့သည်။ အချို့ကားမှာက တက်စီးသည်နှင့် ကျပ် ၅၀၀ တောင်းသည်။ အချို့ကားမှာက ရွှေဂုံတိုင် အထိ ကျပ် ၃၀၀၊ တာမွေအထိ ကျပ် ၅၀၀ တောင်းယူနေကြသည်။ မေတ္တာလှိုင်း (၄) ယာဉ်အကူအား မေးကြည့်ရာ ကားမစီးဘဲမမေးနှင့် ကားပေါ်ရောက်မှ ယာဉ်စီးခပြောမည်ဟု ဆိုသွားသည်။

ထူးဆန်းသောကိစ္စရပ်တော့ မဟုတ်ပေ။ နှစ်စဉ်ကြုံတွေ့နေရသော ကိစ္စတစ်ရပ်ဖြစ်သည်။ ကြီးမားသောပြဿနာတစ်ရပ်တော့ မဟုတ်တော့ပြီ။ ရောင်းသူဝယ်သူ အသံတူဆိုသကဲ့သို့ စီးသူနှင့်တောင်းသူ ညီမျှနေသည်။

မ. ထ. သ အနေဖြင့် နှစ်စဉ်ညွှန်ကြားချက်များ ထုတ်သည်။ ယာဉ်စီးခများ ပိုမတောင်းရဟု ဆိုသည်။ နှစ်စဉ်အရေးယူမှုများ ပြုခဲ့ရသည်။ ဤသည်ကလည်း "မကောင်းသူထိပ်ကောင်းသူထိပ်" ဆိုသကဲ့သို့ တိုင်ကြားသူအချို့၏ တိုင်ကြားမှုကြောင့်သာ အရေးယူခဲ့ရခြင်းဖြစ်သည်။ မ. ထ. သအနေဖြင့် သူ့လိုင်းကားများပေါ် ချော့တစ်ခါ ခြောက်တစ်လှည့်ဖြင့် ကိုင်တွယ်နေရသည့် အနေအထားဖြစ်သည်။

ဤတွင် ကားမှတ်တိုင်၌ ရွှေရင်အေး ရောင်းနေသည့် အမျိုးသားတစ်ဦးက "ဆရာက ယာဉ်စီးခတွေ လိုက်မေး နေတာလား။ ကျွန်တော်လည်း ခု (အစိမ်း) လိုင်းက စပယ်ယာပါ။ သင်္ကြန်ရက်တွင်းကားနားထားတယ်။ တော်ကြာ ယာဉ်စီးခ ပိုတောင်းမိလို့ အတိုင်ခံရရင် ထမ်းပိုးထက် လက်ခက ပိုကြီးနေမယ်။ ဒါပေမယ့် ပိတ်ရက်ရှည်ဆိုတော့ ဝမ်းရေးကရှိသေးလို့ မောင်းနေကြတာ။ အလွန်အန္တရာယ်များပြီး ဖြစ်လိုက်ရင် အလျော်အစားများတယ်။ နောက်သင်္ကြန် ထွက်ပြီးရင် ကားပြင်ဆင်စရိတ် ပိုကြီးတယ်။ ဒါကို ယာဉ်စီးခ ပိုတောင်းလို့ အရေးယူတဲ့ကိစ္စက နှစ်ဖက်မျှမျှတတ စဉ်းစားသင့်ပါတယ်" ဟု ဆိုလာသည်။

ယနေ့ မ. ထ. သ ၏ အနေအထားသည် "မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအပိုင်းမှာ ဩဇာသက်ရောက်မှု နည်းနေတာတွေ့ရတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က အင်တာဗျူးတစ်ခုတွင် ပြောကြားထားသည်ကို တွေ့ရသည်။

ညွှန်ကြားချက်ထုတ်မှုအပေါ် လိုက်နာထားမှုအားနည်းခြင်းများအတွက် မ. ထ. သ အနေဖြင့် ပြန်လည်ဆန်းစစ်မှုများ ပြုသင့်ပေသည်။ လက်ရှိပြေးဆွဲနေကြသော ယာဉ်လိုင်းများ ယာဉ်မောင်းများ၏ ခံစားနေရသော ဒုက္ခရပ်များကိုအဖွဲ့ဖြင့် လူမြင်သူမြင် မဆင်းတစ်လှည့် ဆင်းတစ်လှည့်ကွင်းဆင်းဆောင်ရွက်နေခြင်းထက် တစ်ဦးချင်းတစ်ယောက်ချင်း ခရီးသည်အသွင်ဆောင်ယူ၍ အနိမ့်ဆုံးအဖြေ၊ အမှန်နိုင်ဆုံးသော အဖြေများကို ရှာကြ၍ ပြုပြင်သင့်သည်များကို ရဲရဲဝံ့ဝံ့ပြုပြင်သင့်ပြီဟု တင်ပြရေးသားလိုက်ရပါသည်။

**ရွှေတိုင်သား**



**မဟာသင်္ကြန်အကျနေ့တွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရန်အောင်မြင်ဘုရားလမ်း အထက (မြို့မ)ရှေ့ရှိ အမျိုးသားကြီးပွားတိုးတက်ရေးအုပ်စု ကုမ္ပဏီနှင့် မြို့နယ် ဂီတအစည်းအရုံးမဏ္ဍပ်၌ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် အဆိုတော်များ သီဆိုဖျော်ဖြေမှုနှင့်အတူ ဒေသခံပြည်သူများ ပျော်ရွှင်စွာ မဟာသင်္ကြန်ပွဲတော် ဆင်နွှဲနေကြသည်ကို တွေ့ရစဉ်။**

အတ်ကလေး(ရမည်းသင်း)




## လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသော နေအိမ်များအားထောက်ပံ့

**ကြံခင်း ဧပြီ ၁၄**
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ၌ ဧပြီ ၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံး မိုးကြိုးထိမှန်ပြီး ၁၅ လုံး ပြိုကျပျက်စီး၍ ဘုန်းတော်ကြီး ကျောင်းနှစ်ကျောင်းနှင့် အိမ်ခြေ ၅၅ လုံး အမိုးများလန်ကာ ပျက်စီးသွားခဲ့သည်။

အဆိုပါဖြစ်ပွားရာနေရာသို့ ဧပြီ ၁၀ ရက် နံနက်ပိုင်းက မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးအောင်ကို၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြိုကျပျက်စီးသွားသော နေအိမ်တစ်လုံးလျှင် ဆန်ရှစ်ပြည်နှင့် ငွေကျပ် ၂၀၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မြိတ်မြို့၌ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်

**မြိတ် ဧပြီ ၁၄**
မြိတ်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ရက်က တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြိတ်အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် သပြေခက်နဲ့ရေပက်ဖျန်းကြကာ သင်္ကြန်လှပျိုဖြူ ယိမ်းအကအဖွဲ့များက ယိမ်းအကအလှများဖြင့် ဖျော်ဖြေတင်ဆက် ကပြခဲ့ကြသည်။ အဆိုပါမဏ္ဍပ်တွင် Emperor Music Bandနှင့် တေးသံရှင်ဇော်ဝင်းထွဋ်တို့အဖွဲ့က မြူးမြူးကြွကြွတေးသီချင်းများဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထူး (မြိတ်)**

## မဘိမ်းမြို့၌ သင်္ကြန်အကျနေ့ အေးချမ်းပျော်ရွှင်စွာ ရေကစား

**မဘိမ်း ဧပြီ ၁၄**
မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲကို ရှမ်းပြည်နယ် မြောက်ပိုင်း မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့က အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း သိရသည်။
မဘိမ်းမြို့ မြို့မသင်္ကြန်ရေကစားမဏ္ဍပ်နှင့် ကုန်းခါးရပ်ကွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကစားမဏ္ဍပ်တို့တွင် သင်္ကြန်ယိမ်းအကများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ စတုဒိသာများ ကျွေးမွေးခဲ့ကြသည်။

မြို့မပရိယတ္တိစာသင်တိုက် ကုန်းခါးဘုန်းတော်ကြီးကျောင်းတိုက်နှင့် နမ့်ပုံးပုံးဘုန်းတော်ကြီးကျောင်းတိုက်တို့တွင်လည်း သင်္ကြန်ကာလ ဝိပဿနာတရားစခန်းဖွင့်လှစ်ပြီး တရားဘာဝနာပွားများအားထုတ်သူများ၊ ဥပုသ်သီလဆောက်တည်သူများ၊ ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းဦး(ပြန်/ဆက်)**

# တိုးချဲ့ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးတော့မည်ဖြစ်၍ မကြာမီရေလုံလောက်စွာရရှိတော့မည်

**ကျိုင်းတုံ ဧပြီ ၁၄**

ကျိုင်းတုံမြို့၌ တိုးချဲ့ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ပြီးစီးတော့မည်ဖြစ်၍ မကြာမီရေလုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း ဧပြီ ၁၂ ရက်က ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွဲဆိုင်းသည် မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့တို့တွင် သက်ဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲမှ သိရသည်။

တွေ့ဆုံပွဲ၌ မိုင်းဖြတ်မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်လှရီနှင့် ဆရာ ဆရာမများက မိုင်းဖြတ်မြို့နယ်အတွင်း ပညာရေးကဏ္ဍတွင် လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အသုံးပြုသော ဟောင်းနွမ်းလျက်ရှိသည့် ကျောင်းဆောင်ကိစ္စ၊ လက်ရှိကြုံတွေ့နေရသည့် ရေရှားပါးမှုနှင့် သောက်သုံးရေကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်စည်ပင်သာယာရေးဌာနခွဲ ကျိုင်းတုံတာဝန်ခံ ဦးလုကာက ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်နှင့် အမှန်ရရှိမှုအခြေအနေ၊ အသုံးစရိတ်အခြေအနေ၊ အခွန်နှင့် သာမန်ရငွေတိုးတက်မှုအခြေအနေ၊ နယ်စပ်ဖြတ်သန်းခ လွှဲပြောင်းလက်ခံရရှိမှုအခြေအနေ၊ ဘဏ္ဍာနှစ်အလိုက် အခွင့်အရေးလုပ်ငန်းလိုင်စင်များ လေလံရောင်းချမှုအခြေအနေ၊ သားသတ်ကြီးကြပ်မှုအခြေအနေ၊ အစိုးရထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းအခြေအနေ၊ မြို့ပြတံတား၊ မြို့ပြလမ်း၊ မြို့ပြရေပေးရေးနှင့် PPP စနစ်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်နှင့် သာမန်၊ ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်၊ သက်တမ်းတိုးနှင့် လေလံရောင်းစာရင်း၊ အသားထုတ်လုပ်ရောင်းချခွင့် ဆောင်ရွက်မှုအခြေအနေများနှင့် တိုးချဲ့ရေပေးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် မြို့နယ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ၊ တာဝန်ခံများက လုပ်ငန်းလိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။



ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ တိုးချဲ့ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးမှ လျာ့ဒါန်းငွေ ၃၅၄ ဒသမ ၆၅ သန်းနှင့် ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ထည့်ဝင်ငွေ ၁၅၅ ဒသမ ၃၅ သန်း စုစုပေါင်း သန်း ၅၁၀ ဖြင့် လွယ်မွေဆောက်လုပ်ရေးကုမ္ပဏီသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခု မေလ ဒုတိယပတ်တွင် ရေပေးဝေတော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**တာချီလိတ် ဧပြီ ၁၄**

တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ကျထီးနားကျေးရွာမှ မီးဘေးသင့်ပြည်သူများအား ဧပြီ ၁၃ ရက်က ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့သည့်ပစ္စည်းများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများ၊ အလှူရှင်များကထောက်ပံ့သည့် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများအား သွားရောက်လှူဒါန်းကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ပစ္စည်းကိုးမျိုးပါ အိမ်ထောင်စု ၁၂ စုအတွက် အိမ်ဆောက်ရန်နှင့် ဆန်ဖိုး စုစုပေါင်းငွေကျပ် ၁၀၈၆၀၀၀ ကို လည်းကောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းက မိသားစုသုံးပစ္စည်းပုံး ၁၃ ပုံး၊ အမျိုးသမီးသုံးပစ္စည်းအိတ် ၁၃ အိတ်၊ ဆောက်လုပ်ရေးပစ္စည်းအိတ် အိမ်ထောင်စုနှစ်စုလျှင် တစ်အိတ်နှုန်းဖြင့် ခြောက်အိတ်ကိုလည်းကောင်း၊ အလှူရှင်များက ထောက်ပံ့ငွေများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## သင်္ကြန်ရက်များတွင် နေပြည်တော်တိရစ္ဆာန်ဥယျာဉ်၌ မိသားစုများလာရောက်အပန်းဖြေ

**နေပြည်တော် ဧပြီ ၁၄**

သင်္ကြန်ရုံးပိတ်ရက် တစ်ရက်အပါဝင်ဖြစ်သော သင်္ကြန်အကြိုနေ့က နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်သည့် ဝန်ထမ်းများ၊ ပြည်သူများ မိသားစုလိုက် အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူ၍ တိရစ္ဆာန်အကောင်များ၊ တိရစ္ဆာန်အရုပ်များနှင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးနေကြသည်ကို တွေ့ရသည်။

“ကျွန်မတို့က အခုလို သင်္ကြန်ရုံး ပိတ်ရက်မျိုးတွေ ရက်ရှည်ပိတ်မှ သီလဆောက်တည်ခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းနဲ့ အိမ်နားနီးချင်းများကို ရိုးရာမုန့်များ ပြုလုပ်ဝေငှခြင်းတွေ ဆောင်ရွက်နိုင်ပါတယ်။ သား သမီးတွေကိုလည်း စိတ်ပျော်ရွှင်စေဖို့အတွက် နေပြည်တော် သတ္တသတ္တာဟမဟာဗောဓိစေတီတော်၊ ဥပ္ပါတသန္တိစေတီတော်၊ တိရစ္ဆာန်ဥယျာဉ်၊ ရေပန်းဥယျာဉ်တွေကို လိုက်ပို့ဖြစ်ပါတယ်” ဟု တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက်မှ အမျိုးသမီးတစ်ဦးက ပြောပြသည်။

**တင်စိုးလွင်**



## သင်္ကြန်ကာလ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေး ရဲတပ်ဖွဲ့မှ လှည့်လည်ပညာပေး

**တောင်သာ ဧပြီ ၁၄**

တောင်သာမြို့နယ်တွင် ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့က နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်သန်းစိုးဦး ဦးဆောင်သောအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် သင်္ကြန်ကာလ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မြို့တွင်းမြို့ပြင်ရှိ ပြည်သူများနှင့် ဒေသခံလူငယ်များအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာရေး၊ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေးနှင့် မူးယစ်ရမ်းကားမှုများ၊ ရေကစားသူအချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများ၊ ယာဉ်မတော်တဆမှုများ မဖြစ်စေရေးတို့အတွက် သတင်းရယူ၍ တွေ့ဆုံပညာပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းသိရပြီး အများပြည်သူတို့မှ အကူအညီလိုအပ်ပါက အကြောင်းကြားဆက်သွယ်နိုင်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**



## မော်လူးမြို့ပေါ်၌ လျှပ်စစ်လုပ်ငန်းများဆောင်ရွက်

**မော်လူး ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးမြို့ လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းနှင့် ဝန်ထမ်းများသည် ဧပြီလဒုတိယပတ်က မော်လူးမြို့ပေါ်ရပ်ကွက်များရှိ သွယ်တန်းထားသော ၁၁ ကေဗွီ ၄ လိုင်း ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဆွေးမြည့်သံဓာတ်တိုင်များ ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်း၊ မော်တော်ယာဉ်များ မောင်းနှင်စဉ် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးကို ဆောင်ရွက်ပေးခြင်း၊ ထရန်စဖော်မာများ ကြံ့ခိုင်ရေးအတွက် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ခင်မောင်ဆွေ(မော်လူး)**

## တနင်္သာရီကမ်းလွန်လုပ်ကွက် လုပ်ငန်းဆောင်ရွက်မည့် ဧရိယာအတွင်း ရေယာဉ်ဖြတ်သန်းသွားလာခြင်းနှင့် ငါးဖမ်းခြင်းမပြုရန် အသိပေးကြေညာ

**နေပြည်တော် ဧပြီ ၁၄**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun West Block (YWB) တွင် 2D Seismic Survey လုပ်ငန်းများကို MV POLARCUS ASIMA ဖြင့် ၂၀၁၆ ခုနှစ် ဧပြီ ၂၂ ရက်မှ မေ ၂၃ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Seismic Survey လုပ်ငန်းများဆောင်ရွက်သွားမည့် ဧရိယာတည်နေရာများမှာ Point B1 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀ မိနစ် ၃၇ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀ မိနစ် ၃၇ ဒသမ ၈၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၂၄ ဒသမ ၉၇ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ် ၂၂ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၀ မိနစ် ၂၄ ဒသမ ၉၇ စက္ကန့်၊ Point B4 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ် ၂၂ ဒသမ ၁၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၅၉ ဒသမ ၁၄ စက္ကန့်၊ Point B5 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၅၉ ဒသမ ၁၄ စက္ကန့်၊ Point B6 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ Point B7 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၃ မိနစ် ၃၃ ဒသမ ၀၀ စက္ကန့်နှင့် Point B8 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၀၀ ဒသမ ၀၀ စက္ကန့်တို့အတွင်း၌ ဖြစ်သည်။

သို့ဖြစ်၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun West Block (YWB) တွင် 2D Seismic Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV POLARCUS ASIMA ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ဆိပ်ဖြူ-ချောက် အနော်ရထာတံတားပေါ်၌ ဆိုင်ကယ်တစ်စီးမီးလောင်

**ဆိပ်ဖြူ ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အနော်ရထာတံတားပေါ်၌ ဆိုင်ကယ်တစ်စီး ဧပြီ ၁၃ ရက် နံနက် ၉ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ခရီးသွားပြည်သူများနှင့်ရေကစားလာသူများက တံတားရဲကင်းသို့ ဆိုင်ကယ်တစ်စီး မီးလောင်နေကြောင်း သတင်းပေးမှုကြောင့် အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းငြိမ်းသတ်ခဲ့သည်။ တံတားပေါ်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အန္တရာယ်မဖြစ်ပေါ်စေရေး ဆောင်ရွက်ပေးခဲ့သည်။

မီးလောင်ကျွမ်းခဲ့သည့် ဆိုင်ကယ်မှာ MDL(110) အမျိုးအစားဖြစ်ကြောင်း သိရှိရပြီး အင်ဂျင်အပူရှိန်များကာ မီးလောင်မှုဖြစ်နိုင်ကြောင်း၊ ဆိုင်ကယ်ပိုင်ရှင်မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်းသိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

## အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွား

**ကသာ ဧပြီ ၁၄**

ဧပြီ ၁၃ ရက် နံနက် ၁ နာရီက ကသာမြို့ရပ်ကွက်(၇)နေ သာဦး၏ အမိုးရှိပြီး အကာမရှိသော ဒေါက်လှည်းဖိုဟောင်း (၁၀×၁၂)ပေခန့်ရှိ တဲမှာ လူမနေဘဲ လေးပေ မီးချောင်းတစ်ချောင်းထွန်းထားရာမှ အပူလွန်ကဲ၍ ဝိုင်ယာရှော့ခ်ဖြစ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကသာမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီး၊ တပ်ဖွဲ့ဝင် ၂၅ ဦး၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ လျှပ်စစ်မီးကို ပေါ့ဆစွာအသုံးပြုသူ သာဦး(၃၄ နှစ်)အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများ ဖမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၄**

မြန်မာ့ရိုးရာသင်္ကြန်ကာလတွင် အများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးကိစ္စများ ဦးစားပေးဆောင်ရွက်နေရသည်ကို အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများ ပြုလုပ်နိုင်သဖြင့် တားဆီးနှိမ်နင်းရေးကို စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု ၂၀ လွိုင်ကော်မှ တပ်ဖွဲ့ဝင်များသည် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စု ကျောက်ကြီးမြောက်ကျေးရွာ တောင်ဘက် ဆီဆိုင်-လွိုင်ကော်သွား ကားလမ်းမပေါ်၌ မောင်လှ မောင်းနှင်ပြီး တမောင်း လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ မောင်လှ၏ ခါးတွင်ပတ်ထားသည့် ခါးပတ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၅ ပြား၊ 45 Auto ပစ္စတိုသေနတ်တစ်လက်၊ ယင်းကျည်ခုနစ်တောင့်၊ ပြုပြင်ထားသော 45 Auto ကျည် ၁၂ တောင့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများမှာယူသူ လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာအုပ်စု စက်မှုဇုန်ရပ်ကွက်နေ မင်းမင်းအား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိ သဖြင့် မောင်လှ(ခ) ကိုလှ(၃၆ နှစ်)၊ တမောင်း(၃၉နှစ်)နှင့် မင်းမင်း(ခ)မင်းမင်းဦး(၃၅နှစ်)တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



## မြန်မာ့မီးရထားမှ ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်း၌ ဝန်ထမ်းအထူးရထားများနှင့် သင်္ကြန်အထူးရထားများ အစုန်/အဆန်ပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၁၄**

မြန်မာ့မီးရထားမှ သင်္ကြန်ကာလအတွင်း ဝန်ထမ်းများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်- မန္တလေးလမ်းပိုင်း၌ လက်ရှိပြေးဆွဲပေးနေသော ပုံမှန်ရထားများအပြင် ဝန်ထမ်းအထူးရထားများနှင့် သင်္ကြန်အထူးရထားများကို ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။

(က) နေပြည်တော်မှဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လက်ရှိပြေးဆွဲနေသော အမှတ်(၃၁) အဆန်၊ အမှတ်(၃၂) အစုန်၊ အမှတ်(၇) အဆန်၊ အမှတ်(၈) အစုန်ရထားများအပြင် ဝန်ထမ်းအထူးရထားများအား အောက်ဖော်ပြပါ အချိန်စာရင်းအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ရက်စွဲ | ရထားအမှတ် | ခရီးစဉ် | | ခရီးစ ထွက်ချိန် | ခရီးဆုံး ရောက်ချိန် |
|---|---|---|---|---|---|---|
| | | | မှ | သို့ | | |
| ၁ | ၁၉-၄-၂၀၁၆ | အဆန်အထူးရထား(၁) | ရန်ကုန် | နေပြည်တော် | ၁၉း၃၀ | ၀၃း၅၀ |
| ၂ | ၂၀-၄-၂၀၁၆ | အဆန်အထူးရထား(၂) | ရန်ကုန် | နေပြည်တော် | ၁၉း၃၀ | ၀၃း၅၀ |
| ၃ | ၂၀-၄-၂၀၁၆ | အဆန်အထူးရထား(၃) | ရန်ကုန် | နေပြည်တော် | ၂၁း၀၀ | ၀၅း၁၅ |
| ၄ | ၂၀-၄-၂၀၁၆ | အစုန်အထူးရထား | မန္တလေး | နေပြည်တော် | ၂၂း၀၀ | ၀၃း၄၅ |

အထက်ပါဝန်ထမ်းအထူးရထားများအား နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် လမ်းခရီး၌ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-မန္တလေးခရီးစဉ်တွင် လမ်းခရီး၌ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ သဲတော၊ ကျောက်ဆည်တို့၌ ရပ်တန့်ပေးမည်ဖြစ်သည်။

(ခ) ထို့ပြင် ရန်ကုန်-မန္တလေးလမ်းပိုင်း၌လည်း လက်ရှိပြေးဆွဲပေးနေသော အမှတ်(၁၁) အဆန်၊ အမှတ်(၁၂)အစုန်၊ အမှတ်(၃) အဆန်၊ အမှတ်(၄)အစုန်၊ အမှတ်(၅)အဆန်၊ အမှတ်(၆) အစုန်ရထားများအပြင် သင်္ကြန်အထူးရထားများအား အောက်ဖော်ပြပါအချိန်စာရင်းအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | ရက်စွဲ | ခရီးစဉ် | | ခရီးစထွက်ချိန် | ခရီးဆုံးရောက်ချိန် |
|---|---|---|---|---|---|
| | | မှ | သို့ | | |
| ၁ | ၁၂-၄-၂၀၁၆ | ရန်ကုန် | မန္တလေး | ၁၆း၀၀ | ၀၆း၀၀ |
| ၂ | ၁၇-၄-၂၀၁၆ | မန္တလေး | ရန်ကုန် | ၁၆း၀၀ | ၀၆း၃၀ |
| ၃ | ၁၈-၄-၂၀၁၆ | မန္တလေး | ရန်ကုန် | ၁၆း၀၀ | ၀၆း၃၀ |

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅မိနစ်ခန့်ကြိုလိမ်းရန်နှင့် နေရောင်ခံ လိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန်ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သည့် အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်းကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကိုအရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ(သို့)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့်ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## သင်္ကြန်ကာလအတွင်း ပခုက္ကူ-မြိုင်-ကျော မြန်မာ့မီးရထား အစုန်အဆန် ပုံမှန်ပြေးဆွဲလျက်ရှိ

**မြိုင် ဧပြီ ၁၄**

ပြည်သူများ အလွယ်တကူ သွားလာရေး အဆင်ပြေချောမွေ့စေရန် မြန်မာ့မီးရထားလုပ်ငန်းမှ မကွေးတိုင်းဒေသကြီး ပခုက္ကူ-မြိုင်-ကျော အစုန်အဆန် ပုံမှန်ပြေးဆွဲနေသည့် မီးရထားသည် သင်္ကြန်ကာလအတွင်း မနားဘဲ အချိန်မှန်ပြေးဆွဲလျက်ရှိရာ ဧပြီ ၁၃ ရက် နံနက် ၅ နာရီက ပခုက္ကူမှ မြိုင်သို့ထွက်ခွာလာသည့် အဆန်မီးရထားမှာ မြိုင်ဘူတာသို့ နံနက် ၆ နာရီ ၃၉ မိနစ်တွင်ရောက်ရှိ၍ ခေတ္တရပ်နားသည်။

အဆိုပါ ရထားသည် မြိုင်ဘူတာမှ နံနက် ၆နာရီ ၄၉ မိနစ်တွင် ကျောဘူတာသို့ ဆက်လက်ထွက်ခွာရာ ကျောဘူတာသို့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိကြောင်း သိရသည်။

ကျောမှ မြိုင်- ပခုက္ကူသို့ ထွက်ခွာသည့် အစုန်ရထားမှာလည်း ကျောမှ နံနက် ၆ နာရီတွင်ထွက်ခွာ၍ မြိုင်ဘူတာသို့ မွန်းလွဲ ၁ နာရီ ၅၆ မိနစ်တွင် ရောက်ရှိပြီး မြိုင်ဘူတာမှ ပခုက္ကူသို့ ဆက်လက်ထွက်ခွာရာ ပခုက္ကူဘူတာသို့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် အချိန်မှန်ရောက်ရှိကြောင်း သိရသည်။

ယင်းရထားတွင် လူစီးတွဲ သုံးတွဲရှိပြီး လူကြီးတစ်ဦးလျှင် ပခုက္ကူ-မြိုင် ရထားစီးခနှုန်း ငွေကျပ် ၂၅၀ ဖြစ်ပြီး မြိုင်-ကျော ခရီးတွင် ငွေကျပ် ၉၀၀ ပေးချေရသည်။

ကလေးတစ်ဦးလျှင် လူကြီးတစ်ဦးစီးနှုန်းထက် တစ်ဝက်ပေးချေရကြောင်း၊ သင်္ကြန်ကာလအတွင်း ရထားစီးခနှုန်း လက်မှတ်ဈေးမတက်ဘဲ ပုံမှန်ပြေးဆွဲနှုန်းအတိုင်း အလွယ်တကူ ဝယ်ယူစီးနင်းနိုင်ကြောင်း သိရသည်။

မြို့နေပြည်သူများ၊ ရုံးဝန်ထမ်းများ၊ အလုပ်သမားများ၊ သင်္ကြန်ပိတ်ရက်တွင် မိမိနေရပ်များသို့ သင်္ကြန်ကာလ အလည်ပြန်လာသူ များပြားလာခြင်း၊ ရထားစီးခနှုန်းမှာလည်း ဈေးနှုန်းသက်သာ၍ အလွယ်တကူ ဝယ်ယူနိုင်ပြီး လူပင်ပန်းမှုမရှိဘဲ စိတ်ချမ်းသာစွာဖြင့် စီးနင်းရခြင်းကြောင့် ပုံမှန်ရထားစီးဦးရေထက် ပိုမိုစီးနင်းလာကြကြောင်းနှင့် ပြည်သူများ ခရီးသွားလာရာ၌ နှစ်သစ်သင်္ကြန်တွင် စိတ်ချမ်းမြေ့စွာ စီးနင်းနိုင်ရေးအတွက် ပြည်သူ့ဝန်ထမ်းအသိစိတ်ဖြင့် ပြည်သူ့အကျိုးသယ်ပိုးပေးလျက်ရှိကြောင်း မြိုင်ဘူတာ ဒုတိယရုံပိုင်ကြီး ဦးစိုးတင့်က ပြောပြသည်။

(၁၃၅)




## ကင်းစံပြကျေးရွာ၌ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲ ရေးဖြေစာမေးပွဲဖြေဆိုပွဲကျင်းပ



**ကနီ ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကင်းစံပြကျေးရွာ သိမ်းကုန်းကျောင်း၌ ဖွင့်လှစ်ထားသော မဟာဓမ္မစကူးစင်တာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ရေးဖြေစာမေးပွဲကို ဧပြီ ၁၁ ရက်က အဆိုပါကျောင်းတိုက် ဓမ္မာရုံ၌ကျင်းပသည်။

အဆိုပါ မဟာဓမ္မစကူးစင်တာတွင် ကင်းကျေးရွာမှ ကျောင်းသားကျောင်းသူများကို တနင်္ဂနွေနေ့တိုင်း သင်ကြားခြင်းနှင့် နွေရာသီကျောင်းပိတ်ရက်များတွင် မျှိုင်း၊ မြောင်းကုန်း၊ ကုန်းသာ၊ ရေသာရွာမ၊ နံစုနှင့် ကျောက်တန်းကျေးရွာများမှ ယဉ်ကျေးလိမ္မာ ဓမ္မစကူးသင်တန်းများတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယခင်နှစ်က သင်တန်းသားပေါင်း နှစ်ရာမကျော်သည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်စာမေးပွဲကို အထက်မြန်မာပြည်စင်တာ မန္တလေးမြို့မှာ သွားရောက်ဖြေကြားရပြီး ယခုနှစ်တွင် သင်တန်းသား နှစ်ရာကျော်ရှိသည့်အတွက် မိမိတို့ကျေးရွာတွင်စာဖြေစင်တာရရှိကာ စာမေးပွဲဖြေဆိုခွင့်ရရှိခဲ့ကြောင်း သင်တန်းနည်းပြတစ်ဦးထံမှ သိရသည်။

"မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်စာစစ်ဌာန ၁၁ ခုရှိပြီး ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ စာစစ်ဌာနစင်တာကို ဒီနှစ်မှာ စတင်ရရှိပါတယ်။ ကျွန်တော်တို့ ကင်းကျေးရွာ မဟာဓမ္မပါလဓမ္မ စကူးစင်တာနဲ့ ရွှေဘိုခရိုင်မှ သမရိုးကျေးရွာတွေမှာ ဖြေဆိုခွင့်ရရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းစာမေးပွဲမှာ ရေးဖြေစာမေးပွဲဖြစ်သည်။ သုံးကြိမ် ဖြေဆိုမည်ဖြစ်ပြီး ကဆုန်လပြည့်နေ့တွင် လူတွေ့စာမေးပွဲဖြေဆိုကာ ဖြေဆိုထားသူများထဲမှ ထူးချွန်စွာ အောင်မြင်သူများမှာ ရန်ကုန်မြို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်ကာ ကျောင်းသားကျောင်းသူလေးများလည်း ဗုဒ္ဓဘာသာကို ငယ်ရွယ်စဉ်ကပင် သိရှိနိုင်ပြီး သက်ဝင်ယုံကြည်မှုများရရှိသည့် သင်တန်းဖြစ်ခြင်းကြောင့် မြို့နယ်တိုင်း၊ ကျေးရွာတိုင်း ဖွင့်လှစ်သင်ကြားကြစေလိုကြောင်း သင်တန်းနည်းပြတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**

## နေပြည်တော်နှင့် အနီးဝန်းကျင်နေရာများတွင် မဟာသင်္ကြန်အကျနေ့၌ စည်ကား

**နေပြည်တော် ဧပြီ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ရွှေနံ့သာရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းမကြီးဘေးတွင် ယခုနှစ်မြန်မာ့ရိုးရာ မဟာသင်္ကြန် ဧပြီ ၁၃ ရက် (အကျနေ့) တွင် ယခင်နှစ်များနှင့်မတူဘဲ အဆိုပါ ရပ်ကွက်အတွင်းရှိ ပရဟိတလူငယ်အသင်းများနှင့် ဝဏ္ဏသိဒ္ဓိ အားကစားမောင်/မယ်များ ပူးပေါင်းစီစဉ်၍ ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များဖြင့် ပျော်ရွှင်စည်ကားစွာ ရေကစားကြသည်ကို တွေ့ရသည်။

"ဒီကနေ့ ငလိုက်ဆည်လမ်းအထိ ပျဉ်းမနား-တောင်ညိုလမ်းမတစ်လျှောက် ဖျော်ဖြေရေးနဲ့ ရေကစားမဏ္ဍပ် ခုနစ်ခုလောက်ရှိတယ်။ များသောအားဖြင့် နေပြည်တော်အပါအဝင် မြို့ကြီးတွေမှာ ဗဟိုမဏ္ဍပ်ကြီးတွေမှာပဲ လူစည်ကားပြီး ကျန်တဲ့ရပ်ကွက်တွေ၊ လမ်းတွေ ကျေးရွာတွေမှာ ခြောက်ကပ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပရဟိတလူငယ်တွေစုပြီး ကိုယ့်အားကိုယ်ကိုး စည်ကားအောင် ဆောင်ရွက်ကြတာပါ။ လူငယ်အားလုံးလည်း စနစ်တကျ ပျော်ရွှင်နိုင်အောင် ကျွန်တော်တို့ဝိုင်းပြီး တာဝန်ရှိသူတွေကပါ ထိန်းသိမ်းဆောင်ရွက်ထားပါတယ်"ဟု ရွှေနံ့သာရပ်ကွက် ပရဟိတလူငယ်ခေါင်းဆောင် တစ်ဦးက ပြောသည်။

**ကိုပေါက်(ဥက္ကာမြေ)**




## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၄၁၂၁၀၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)** ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၇၇)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်** အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)** အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)** လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၂၇၂၉ ၊ ၀၂-၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)** ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)** နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)** မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)** အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)** အမှတ်(၄၁) ဧရာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)** ရမ္မာဝတီလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်း၊ မိန်းစက်ကြီးအနီး၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း-၀၄၃-၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)** ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)** မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၀၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)** ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)** နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

# ကျိုင်းတုံစွမ်းအင်ကုမ္ပဏီပိုင်ဓာတ်အားပေးစက် ဧပြီလကုန်တွင်လည်ပတ်မည်



**ကျိုင်းတုံ ဧပြီ ၁၄**
ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့ စွမ်းအင်ကုမ္ပဏီက ရေအားအသုံးပြု၍ တည်ဆောက်ထားသည့် နမ့်စိုဓာတ်အားပေးစက်ကို ဧပြီလကုန်ပိုင်းတွင် စတင်လည်ပတ်မည်ဖြစ်ကြောင်း ကုမ္ပဏီအထွေထွေမန်နေဂျာဦးမြင့်နိုင်က ဧပြီ ၁၀ ရက်တွင် ပြောသည်။

"ယခင်ရှိနေတဲ့ နမ့်လပ်နဲ့ နမ့်ဝုတ်ရေအားသုံး ဓာတ်အားပေးစက်တွေကို ၂၀၁၄ ခုနှစ်မှာ စွမ်းအင်ကုမ္ပဏီက လွှဲပြောင်းတာဝန်ယူပြီး ကျိုင်းတုံမြို့ကို ဓာတ်အားပေးခဲ့ပေမယ့် မလုံလောက်လို့ နမ့်ဝုတ်(၂) စက်ရုံတည်ဆောက်တဲ့အပြင် ဒီဇယ်အင်ဂျင်စက် ကြီးငါးလုံးနဲ့ပါ ဓာတ်အားဖြန့်ဖြူးတယ်။ မလုံလောက်သေးဘူး။ ဒါကြောင့် နမ့်စိုစက်ရုံ ထပ်ပြီးတည်ဆောက်ရပါတယ်" ဟု ၎င်းက ပြောသည်။

ကျိုင်းတုံမြို့၏ အရှေ့တောင်ဘက် ရှစ်မိုင်ခန့်အကွာတွင်ရှိသော နမ့်စိုချောင်းမှ ရေအားကိုယူ၍ တစ်လုံးလျှင် ၁၂၅၀ ကီလိုဝပ်စွမ်းအားထွက်သည့် ဓာတ်အားပေးစက်နှစ်လုံးကို တစ်နှစ်ခွဲအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကျိုင်းတုံမြို့ကို၂၄ နာရီဓာတ်အားရဖို့ ကုမ္ပဏီက ကတိပေးထားတယ်။ ဒါပေမယ့် အရင်စက်တွေအချိန်မရွေး ပေါက်ကွဲနိုင်ပြီး ရေလှောင်ကန်တွေကလည်း ပြိုကျတော့မယ့် အခြေအနေဖြစ်နေတယ်။ ဒါကိုမွမ်းမံပြီး လက်ပူတိုက်ဆောင်ရွက်ပေမယ့် မလုံလောက်လို့ အလှည့်ကျပေးရပါတယ်။ သဘာဝကိုအသုံးပြုပြီး စွမ်းအင်ထုတ်ရတော့ ရာသီဥတုအခြေအနေ အရ စက်မလည်ပတ်နိုင်တာရှိတယ်။ ဒီဇယ်အင်ဂျင်တွေကလည်း အတိုင်းအတာတစ်ခုအထိပဲ ဓာတ်အားထုတ်နိုင်တယ်။ မီးပျက်လို့ ဝေဖန်တဲ့သူတွေဟာ အရင်က ရှယ်ဆိုတဲ့ မီးလိုင်းကို အသုံးပြုခဲ့တဲ့ လူတွေသာဖြစ်တယ်။ စီမံကိန်းမပြီးခင် ဒီလျှပ်စစ်ဖြန့်ဖြူးရေး တာဝန်ကို လွှဲပြောင်းတာဝန်ယူနိုင်သူရှိရင် လွှဲပေးပါမယ်။ လွှဲယူမယ့်သူက ကျိုင်းတုံဒေသခံဖြစ်ရမယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

၂၄ နာရီပတ်လုံး ဓာတ်အားပေးထားသည့် ရှယ်မီးလိုင်းဆိုသည်မှာ ယခင်ကရှိခဲ့သော်လည်း ယခုအခါတွင် ပြည်သူ့ဆေးရုံနှင့် မြန်မာ့ဆက်သွယ်ရေးအပြင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တပ်ရင်းတပ်ဖွဲ့ဝင်များကို ၂၄ နာရီ လျှပ်စစ်မီးပေးနေရဆဲဖြစ်သည်။

ကျိုင်းတုံမြို့၏ လျှပ်စစ်ဓာတ်အားအသုံးပြုမှုသည် ၅၃၀၀ ကီလိုဝပ်ခန့်ရှိပြီး ကုမ္ပဏီက လက်ရှိပေးနိုင်သော ပမာဏမှာ ၃၅၀၀ ကီလိုဝပ်သာရှိသည်။ နမ့်စို ဓာတ်အားပေးစက် လည်ပတ်လျှင် စုစုပေါင်း ၇၀၀၀ကီလိုဝပ် အထိရှိမည်ဖြစ်၍ လုံလောက်စွာ လျှပ်စစ်မီးဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# (၄၅၁)ကြိမ်မြောက် ရှမ်းလေးရွာသဲပုံစေတီ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**တွံတေး ဧပြီ ၁၄**
မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်နေ့သည် မြန်မာလူမျိုးတို့၏ နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းသောကာလ နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ နှစ်စဉ် ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရှေးဟောင်းသမိုင်းဝင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော မေရုဒကုန်းတော်ထက်၌ တည်ထားကိုးကွယ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်ရင်ပြင်၌ ဧပြီ ၁၇ ရက် နံနက် ၅ နာရီမှစတင်ကာ ရှမ်းလေးရွာ၏ သဲပုံစေတီ တည်ထားပူဇော်မည်ဖြစ်သည်။

နှစ်သစ်အခါသမယ တွံတေးမြို့နယ်တွင် ရှမ်းလေးရွာမှရှမ်းလူမျိုးတို့၏ "တစ်မူးရလို့တစ်ပဲလျှုတို့ရှမ်းတောင်သူတူနိုင်းရိုးလား"ဟူသော တေးသံများနှင့် မြူးကြွလှသည့် ရှမ်းအိုးစည်သံများ ခြိမ့်ခြိမ့်ညံလျက်ရှိသည်။ နှစ်စဉ်မပျက်မကွက်ကျင်းပမြဲ ရှမ်းတိုင်းသားတို့၏ ရိုးရာယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ ရွှေဆံတော်စေတီ၏ ရင်ပြင်၌နေ့ချင်းပြီး သဲပုံစေတီတည်ရန် ရှမ်းစုကြီး၊ ညောင်တံခါး၊ မူလမန်းစသော ရှမ်းလေးရွာမှ ခေါင်းလောင်းတော်၊ ငှက်မြတ် နားတော်၊ စိန်ဖူးတော်တို့ကို လက်ယာရစ်လှည့်၍ သုံးကြိမ်တိုင်တိုင် ပူဇော်သမှု ပြုကြကြောင်း သိရသည်။

ရှမ်းတိုင်းရင်းသားတို့သည် မြို့တွင်း၊ ကျေးရွာအတွင်း ရှမ်းအိုးစည်သံများ ညံလျက်ရှမ်းရိုးရာဓလေ့အရ သက်ကြီးရွယ်အိုများကို ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ကန်တော့ခြင်းဖြစ်သည်။ ကန်တော့ခံ ရှမ်းတိုင်းရင်းသား အဘိုးအဘွားအိမ်များကလည်း ဆုတောင်းမေတ္တာများပြန်လည်ပို့သပေးကြသည်။

**မျိုးလှိုင်(တွံတေး)**

# ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပ

**ကျောက်တံခါး ဧပြီ ၁၄**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းနောက်ရပ်ကွက် လျှပ်စစ်ပိုင်းဓမ္မာရုံ၌ ဧပြီ ၁၂ ရက်က မြို့နယ်သာသနာ့နုဂ္ဂဟအဖွဲ့ကကြီးမှူးဖွင့်လှစ်သော နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကွင်းနောက်ရပ်ကွက် လျှပ်စစ်ပိုင်း ရပ်မိရပ်ဖ ဦးအုန်းမြင့်၊ ရပ်ကွက်အထောက်အကူပြုဥက္ကဋ္ဌ ဦးမောင်အေးနှင့် ဦးမြင့်သိန်းတို့က အမှာစကားပြောကြားခဲ့ပြီး သင်တန်းနည်းပြဆရာ ဦးဝင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းကာလငါးရက်တွင် သင်တန်းသား ၅၅ ဦး ကို ပထမ၊ ဒုတိယ၊ တတိယဆုနှင့် စာစီစာကုံးဆုရ သင်တန်းသား သင်တန်းသူ ၁၁ ဦးအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ကော့သောင်းမြို့ မဟာသင်္ကြန်ပွဲတော် ဗဟိုဆုပေး မဏ္ဍပ်ဖွင့်

**ကော့သောင်း ဧပြီ ၁၄**
မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုဆုပေး မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီက ကော့သောင်းမြို့ အင်္ဂဏ္ဍဝါရပ်ကွက် ဆိပ်ကမ်းသာလမ်း ဗဟိုဆုပေးမဏ္ဍပ်၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနဝန်ကြီး ဦးမြင့်မောင်၊ ကော့ သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးက နှစ်ကူးသင်္ကြန် အမှာစကား ပြောကြားသည်။

ထို့နောက် မြူမှောင်ဝေကင်း တေးသီချင်းဖြင့် ဧည့်ခံဖျော်ဖြေပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များက သင်္ကြန်ယိမ်းပျိုဖြူများအား သပြေခက်ဖြင့် အတာရေပက်ဖျန်းကြသည်။

အဆိုပါ ဗဟိုဆုပေးမဏ္ဍပ်တွင် ဧပြီ ၁၂ ရက် ညမှစတင်၍ ဧပြီ ၁၅ ရက်အထိ ညစဉ် ကော့သောင်း မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်မှ ယိမ်းအကအဖွဲ့ လှပျိုဖြူလေးများက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအကများဖြင့် ယှဉ်ပြိုင်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**




# မဟာသင်္ကြန်ကာလ ယာဉ်မောင်းသူများ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်) မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို၊ ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။
- (၁၂) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်၊ မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း မပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

(ဂ) ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/ မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်နေပါသည်။

(ဃ) သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်သည်။

(င) ယခုအခါ အချက်အချာကျသော လမ်းဆုံ၊ လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(စ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# ကလေးမြို့မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကျင်းပ



**ကလေး ဧပြီ ၁၄**

ကလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီက ကလေးဝ သွားလမ်း၊ ချန်းစားသောက်ဆိုင်အနီး ဗဟိုမဏ္ဍပ်တွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမီး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းရွှေနှင့် မြို့မိမြို့ဖ ဦးအောင်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပညာရေးယိမ်းနှင့် ရပ်ကွက် ၁၉ ရပ်ကွက်မှ ယိမ်းအကအဖွဲ့များက မန်းတောင်ရိပ်ခိုသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကြစဉ် တက်ရောက်လာသူများ အတာရေဖြင့် ပက်ဖျန်းကြသည်။ ထို့နောက် ယိမ်းအကအဖွဲ့များနှင့် ဝမ်းဝေး ခေတ်ပေါ်တေးဂီတအဖွဲ့များက ခေတ်ပေါ်တေးသီချင်းများဖြင့် သင်္ကြန်ချစ်သူများကို ဆက်လက်ဖျော်ဖြေ တင်ဆက်ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

# မုံရွာမြို့လယ်မီးပွိုင့်ယာဉ်ထိန်းအဆောက်အအုံအသစ်ပြန်လည်ဆောက်လုပ်နေမှု သတင်းစာရှင်းလင်း

**မုံရွာ ဧပြီ ၁၄**

မုံရွာမြို့လယ်မီးပွိုင့်မှ ယာဉ်ထိန်းရဲများနားနေသည့် အဆောက်အအုံဖျက်၍ အသစ် တည်ဆောက်နေခြင်းကို ဖေ့စ်ဘွတ်ခ်မှအမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုတင်ပြနေမှုကို မုံရွာမြို့ဒေသခံများသာမကအခြားမှလည်း စိတ်ဝင်စားမှု ပိုမိုနေစဉ် မုံရွာမြို့နယ်စည်ပင် သာယာရေးကော်မတီက ဧပြီ ၁၁ ရက် ညနေပိုင်းတွင် တည်ဆောက်မှုကို ဆိုင်းငံ့ထားရန် အကြောင်းကြားလာမှုအပေါ် အများက ပိုမိုစိတ်ဝင်စားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့ နံနက်ပိုင်းက ပြုလုပ်ရာ မုံရွာမြို့ရှိ လူမှုကူညီရေးအသင်းအဖွဲ့ပေါင်းစုံမှတာဝန်ရှိသူများ၊ မြို့မိမြို့ဖ ရပ်မိရပ်ဖများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မီဒီယာများ တက်ရောက်သည်။

"ဧပြီလ ၁၀ ရက်က ကောင်းမြတ်မွန် ပိုက်ဆိုင် မိသားစုရဲ့ သံဃာတော် ၁၀၀၀ ဆွမ်းလောင်းပွဲ စတုဒိသာအလှူနဲ့အတူညပိုင်းမှာစတိတ်ရှိုးပွဲ ကျင်းပပါတယ်။ စတိတ်ရှိုးပွဲအတွက်စင်ဆောက်တော့ ယာဉ်ထိန်းရဲအဆောက်အအုံကို အနည်းငယ်ထိခိုက်မှုဖြစ်ပါတယ်။ အဲဒါနဲ့ ကျွန်တော့်တပည့်က ရပ်မိရပ်ဖကို ခေါ်ယူပြသ အကြံဉာဏ်တောင်းပြီး ယာဉ်ထိန်းရဲရုံးရဲ့ ခွင့်ပြုချက်နဲ့ ရွှေ့ပြီး အခုအသစ်တည်ဆောက်နေတာပါ။ သင်္ကြန်တွင်းဖြစ်တဲ့အတွက် လုပ်မယ့်သူမရှိသေးတာရော မြို့နယ်စည်ပင် ဆိုင်းငံ့ခိုင်းထားတာကတစ်ကြောင်းမို့ ရပ်ထားပါတယ်။ အဆောက်အအုံကို မန္တလေးက ယာဉ်ထိန်းရဲအဆောက်အအုံအတိုင်း ပိုမိုအဆင့်မြင့်တာကို တည်ဆောက်ပေးမှာပါ"ဟု အလှူရှင် ဦးတင်အောင်ဝင်းက ပြောပြသည်။

မုံရွာမြို့အလယ် ရပ်ကွက်ကောင်းမြတ်မွန်ပိုက်ဆိုင် မိသားစု၏ဆိုင် ၂၀နှစ်မြောက်အဖြစ် စတုဒိသာအလှူနှင့် ညပိုင်းမြို့ လူထုအားဖျော်ဖြေသည့်အနေဖြင့် စတိတ်ရှိုးပွဲကြီးကို ပြုလုပ်ရန်စတိတ်စင် တည်ဆောက်ခဲ့သည်။

ထိုသို့တည်ဆောက်စဉ်ယာဉ်ထိန်းအဆောက်အအုံကို အနည်းငယ် ထိခိုက်မိရာမှအဆောက်အအုံအသစ် တည်ဆောက်ရန် ဖျက်လိုက်သည်မှ အစပြု၍ ဖေ့စ်ဘွတ်ခ်မှတစ်ဆင့်ပျံ့နှံ့နေမှုအပေါ် အများပြည်သူများ အမှန်သိရှိစေရန် သတင်းစာရှင်းလင်းပွဲကိုပြုလုပ်ရခြင်းဖြစ်ကြောင်း စတိတ်ရှိုးပွဲကူညီစီစဉ်ပေးသူဦးမျိုးဝင်းက ပြောပြသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် မဟာသင်္ကြန်အကျနေ့ ရာသီဥတုပူပြင်းသော်လည်း မွန်းလွဲပိုင်းအချိန်အထိ လွတ်လပ်ပျော်ရွှင်စွာ ရေကစားလျက်ရှိ

**ကျောက်ပန်းတောင်း ဧပြီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကျနေ့တွင် အယ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် နေ့အပူချိန်များ သိသာစွာမြင့်တက်လျက်ရှိသော်လည်း သင်္ကြန်ရေပက်ခံကားများ၊ မော်တော်ဆိုင်ကယ်စီးနင်းလည်ပတ်ကြသူများမှာ မွန်းလွဲ ၁၂ နာရီခွဲကျော်သည်အထိ ပျော်ရွှင်စွာ ရေကစားလျက်ရှိနေကြကြောင်း သိရသည်။



ကျောက်ပန်းတောင်းမြို့နယ်တွင် ရပ်ကွက်ကြီး (၁၂) ရပ်ကွက်ရှိသော်လည်း မြို့မကွက်သစ်ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းရှေ့၊ ရန်-ပြည်-မန်းလမ်းဘေးတွင် တည်ဆောက်ထားသည့် ဗဟိုမဏ္ဍပ် တစ်ခုတည်းသာ အတီးအမှုတ် အကအခုန်များပါရှိပြီး အခြားနေရာများတွင် မိမိတို့မိသားစုအလိုက် မဏ္ဍပ်ငယ်များ ထိုး၍လည်းကောင်း၊ စက်သုံးဆီ အရောင်းဆိုင်များနှင့်မိုလ်ဘိုင်းဖုန်းအရောင်းဆိုင် မဏ္ဍပ်ငယ်များဖြင့် လည်းကောင်း ရေပက်ကစားလျက်ရှိသည်။ မဟာသင်္ကြန်၏ ပထမဆုံးရက်ဖြစ်သည့် သင်္ကြန်အကျနေ့တွင် အပူရှိန်မြင့်မားစွာဖြစ်ပေါ်နေသော်လည်း လူငယ်များမှာ အပူဒဏ်ကို အန်တုလျက် အတီးအမှုတ်များဖြင့် ဖျော်ဖြေလျက်ရှိသည့် ဗဟိုမဏ္ဍပ်ရှေ့တွင် ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိနေကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# နှစ်သစ်ကူး အတာသင်္ကြန် ကသာမြို့ဗဟိုမဏ္ဍပ်တွင် ကျင်းပ

**ကသာ ဧပြီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မြန်မာ့ ရိုးရာနှစ်သစ်ကူးအတာသင်္ကြန် ဗဟိုမဏ္ဍပ်ကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်္ကြန်အကြိုဖွင့်ပွဲတွင် ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး လှစိန်က နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်ပြောကြားပေးခဲ့ရာ ကသာမြို့ရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ကြည်၊ ကသာမြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးလှဝေနှင့် ဒုရဲမှူးကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ဖိတ်ကြားထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့သားများ၊ ကသာမြို့ပေါ်ရှိ ဌာနဆိုင်ရာအဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ရာ သင်္ကြန် ယိမ်းပျိုမေများမှ အသင်းလိုက် သီဆိုကခုန်ခြင်းကို ညပိုင်းအထိ တင်ဆက်ခဲ့ကြကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# လေပြင်းတိုက်ခတ်၍ နေအိမ်အချို့ အမိုးလန်ပျက်စီး

**တောင်တွင်းကြီး ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်စစ်တားအုပ်စုနှင့် ကြက်လျှာအုပ်စုတို့တွင် ဧပြီ ၁၂ ရက်ညနေ ၄ နာရီက လေပြင်းများ တိုက်ခတ်ခဲ့ရာ စစ်တားအုပ်စုအင်းဝင်းကျေးရွာမှ နေအိမ်တစ်လုံး၊ မင်းဝင်းကျေးရွာမှ နေအိမ်လေးလုံး၊ မြို့ကိုင်းကျေးရွာမှ နေအိမ် နှစ်လုံး၊ ကြက်လျှာအုပ်စုရေပြည့်ကျေးရွာမှ နေအိမ် တစ်လုံး စုစုပေါင်းလူနေအိမ် ရှစ်လုံးအမိုးများလန်၍ ပျက်စီးသွားကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်သည့်နေရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကြည်ညွန့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းထွန်းနှင့်ဦးဝင်းမြင့်လှိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့်လူမှုရေးအသင်းအဖွဲ့များမှသွားရောက်၍ အားပေးစကားပြောကြားခဲ့သည်။

**(၀၈၅)**



# မဟာသင်္ကြန်အကျနေ့တွင် စတုဒိသာများ ကျွေးမွေး

**မကွေး ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ မဟာသင်္ကြန်အကျနေ့တွင် ထမင်း၊ ငါးခြောက်ထောင်း၊ ပဲဟင်းများကို စတုဒိသာကျွေးမွေးလျက်ရှိပြီး မီးသတ်တပ်ဖွဲ့မှ ယိမ်းပျိုဖြူများက ယိမ်းအကများဖြင့် ဖျော်ဖြေလျက်ရှိသည်။

ယင်းမီးသတ်တပ်ဖွဲ့သည် ယခင်နှစ် မဟာသင်္ကြန်တွင်လည်း စတုဒိသာတစ်ရက်ကျွေးမွေးခဲ့ပြီး ယခုနှစ်တွင် သင်္ကြန်အကျနေ့နှင့် အတက်နေ့ နှစ်ရက်တွင် စတုဒိသာကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

# သင်္ကြန်ကာလအတွင်း ရာဇဝတ်မှုများ လျော့နည်းစေရေး ပူးပေါင်းကြပ်မတ်ဆောင်ရွက်

**ဘားအံ ဧပြီ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သင်္ကြန်ကာလတွင်ရာဇဝတ်မှုများ လျော့နည်းကျဆင်းစေရေးအတွက် ဧပြီ ၁၂ ရက် ညနေက ဘားကပ်ရဲကင်းမှ ဒုရဲအုပ်စိုးခိုင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ဘားကပ်ကျေးရွာ၊ ရသေ့ပုံကျေးရွာ၊ တရုပ်လှ ကျေးရွာ၊ ဆင်ကျိုးကျေးရွာနှင့်နှစ်ခြားကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်စုမှူး ဦးသိန်းမောင်တို့ ပါဝင်သော အဖွဲ့သည် ဘားအံ-သထုံကားလမ်းဘေး၊ ဘားကပ်ရွာအဝင်လမ်းဆုံ၌ ဆိုင်ကယ် ၇၉ စီး၊ ကားလေး ၂၆ စီးတို့အား ရပ်တန့်၍ တုတ်၊ ဓားလက်နက်၊ မူးယစ်ဆေးဝါးများ သယ်ဆောင်လာခြင်းရှိမရှိစစ်ဆေး၍မော်တော်ယာဉ်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ မောင်းနှင်သွားလာကြရန် ပညာပေးပြောကြားပြီး သင်္ကြန်ကာလယာဉ်ထိခိုက်မှုဖြစ်စဉ်များနှင့် ရာဇဝတ်မှု များ လျော့နည်းစေရေးအတွက်ရှာဖွေစစ်ဆေးမှုများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး (ဘားအံ)**

# မန်စီးတီးကို ချန်ပီယံလိဂ်အိပ်မက် ဆက်လက်ရှင်သန်ပေးခဲ့သူ ဒီဘရိုင်း

**မိုးမြင့်လင်းလက်**



ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်တွေ ကစားအပြီးမှာ မန်စီးတီးတို့က ပီအက်စ်ဂျီအသင်းကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ အကြိုဗိုလ်လုပွဲကို တက်ရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။ မန်စီးတီးအသင်းကို အခုလို အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်ရေးအတွက် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်မှာ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းပေးခဲ့သူကတော့ မန်စီးတီးရဲ့ ကွင်းလယ်တိုက်စစ်ကစားသမား ကီဗင်ဒီဘရိုင်းပဲ ဖြစ်ပါတယ်။

မန်စီးတီးသမိုင်းမှာတော့ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲကို ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့တာဖြစ်လို့ သမိုင်းဝင် မှတ်တမ်းဖြစ်ခဲ့ပြီး ဒီဘရိုင်းကို ဂျာမနီကလပ် ဝုဖ်ဘတ်အသင်းကနေပြီး ပေါင် ၅၅ သန်းနဲ့ ဝယ်ယူခဲ့ရတာဟာ ထိုက်တန်ကြောင်း သက်သေပြနိုင်ခဲ့ပါတယ်။ မန်စီးတီးနည်းပြ ပယ်လီဂရီနီအတွက်ကတော့ ပရီမီယာလိဂ်ဖလားကို ဒီနှစ်မျှော်လင့်လို့မရတော့ပေမယ့် ချန်ပီယံလိဂ် အိပ်မက်ကို ဆက်လက်ရှင်သန်စေခဲ့တာဖြစ်လို့ ကျေနပ်စရာဖြစ်တာတော့ အမှန်ပါပဲ။

မန်စီးတီးရဲ့ သမိုင်းစာမျက်နှာသစ်ကို ဖွင့်ပေးခဲ့သူ ဘယ်လ်ဂျီယံ တိုက်စစ်မှူး အသက် ၂၄ နှစ်အရွယ် ရှိတဲ့ ဒီဘရိုင်းဟာ တကယ်တော့ ချယ်လ်ဆီးအသင်းရဲ့ အပယ်ခံကစားသမားဖြစ်ခဲ့သူ တစ်ဦးပါပဲ။ ဒီဘရိုင်းဟာ ၁၉၉၁ ခုနှစ် ဇွန် ၂၈ ရက်မှာ မွေးခဲ့သူဖြစ်ပြီး အသက် ၆ နှစ်အရွယ်မှာပဲ Kvv Drongen မှာ လေ့ကျင့်သင်ကြားကစားခဲ့သူဖြစ်ပါတယ်။ ၁၉၉၉ ခုနှစ်ကနေပြီး ၂၀၀၅ ခုနှစ်အထိ ဘယ်လ်ဂျီယံကလပ် Gent မှာ ကစားခဲ့ပြီး ၂၀၀၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ Genk ကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။ Genk မှာ ၂၀၀၈ မှ ၂၀၁၂ ခုနှစ်အထိ ဘောလုံးပွဲပေါင်း ၉၇ ပွဲ ကစားခဲ့ရာမှာ ၁၆ ဂိုး သွင်းယူနိုင်ခဲ့ပါတယ်။

ဒီဘရိုင်းဟာ ကွင်းလယ်တိုက်စစ်မှာ ကစားအားကောင်းသူတစ်ဦးဖြစ်ပြီး ဘောလုံးဖြန့်ဝေမှု၊ ဖြတ်တောက်မှုနဲ့ တိုက်စစ်ကို လိုက်ပါ ပံ့ပိုးပေးနိုင်ပြီး ကိုယ်တိုင်လည်း ထိုးဖောက်ဂိုးသွင်းနိုင်သူဖြစ်တာမို့ အဓိက ကစားသမားတစ်ဦးအဖြစ် တဖြည်းဖြည်း ရပ်တည်လာနိုင်ပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ်မှာ ချယ်လ်ဆီးအသင်းက ခေါ်ယူခဲ့တာမို့ ရောက်ရှိခဲ့ပြီး ချယ်လ်ဆီးနဲ့ အထိုင်မကျဘဲ ဂျာမန်ကလပ် ဝါဒါဘရီမင်အသင်းကို အငှားချထားခဲ့တာကြောင့် သွားရောက်ကစားခဲ့ပါတယ်။ ဝါဒါဘရီမင်အသင်းနဲ့အတူ ၃၃ ပွဲ ကစားခဲ့ရာမှာ ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် ၂၀၁၃ ခုနှစ်မှာ မော်ရင်ဟိုက ချယ်လ်ဆီးကို ပြန်ခေါ်ယူခဲ့ပါတယ်။ မော်ရင်ဟိုရဲ့ ချယ်လ်ဆီးမှာ ဒီဘရိုင်းကို အသုံးပြုခဲ့ပေမယ့် ရာသီအကြို ခြေစမ်းပွဲအဖြစ် မလေးရှားမှာ သွားကစားတဲ့အခါ ဒူးဒဏ်ရာရရှိခဲ့တာမို့ အနားယူခဲ့ရပြန်ပါတယ်။

၂၀၁၃ ခုနှစ် ဇန်နဝါရီမှာတော့ ဂျာမန်ကလပ် ဝုဖ်ဘတ်အသင်းက ပြောင်းရွှေ့ကြေးပေါင်း ၁၈ သန်းနဲ့ ခေါ်ယူခဲ့တာမို့ ဒီဘရိုင်း ဝုဖ်ဘတ်ကို ရောက်ရှိခဲ့ပြန်ပါတယ်။ ဝုဖ်ဘတ်အသင်းမှာ အဲဒီနှစ်က စုစုပေါင်း ၂၇ ပွဲ ကစားပြီး ၁၆ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့တာမို့ ၂၀၁၅ ခုနှစ် ဂျာမနီရဲ့ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုအတွက် အမည်စာရင်း ဝင်ခဲ့ပါတယ်။

အဲဒီလို ဝုဖ်ဘတ်အသင်းမှာ ဒီဘရိုင်း ခြေစွမ်းပြနိုင်တာကြောင့် မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၅၅ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ အဲဒီပြောင်းရွှေ့ကြေးဟာ မန်စီးတီးရဲ့ ဘောလုံးသမားခေါ်ယူမှု စံချိန်တင် အမြင့်ဆုံးဖြစ်သလို အင်္ဂလန်ကလပ်တွေထဲမှာ မန်ယူက ဒီမာရီရာကို ခေါ်ယူခဲ့တဲ့ ပြောင်းရွှေ့ကြေးပြီးရင် ဒုတိယ အမြင့်ဆုံးကြေးလည်းဖြစ်ခဲ့ပါတယ်။ မန်စီးတီးနဲ့ ခြောက်နှစ်စာချုပ်ချုပ်ဆိုထားတဲ့ ဒီဘရိုင်းဟာ အခုဆိုရင် အကောင်းဆုံးခြေစွမ်းနဲ့အတူ မန်စီးတီးကို သမိုင်းမှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့ပြီး ချန်ပီယံလိဂ် အိပ်မက်ကိုလည်း ဆက်လက်ရှင်သန်စေခဲ့သူဖြစ်ပါတယ်။ ဒီဘရိုင်းရဲ့ စွမ်းဆောင်မှုတွေက အကြိုဗိုလ်လုပွဲကို ကျော်ဖြတ်ပြီး ချန်ပီယံလိဂ် ဗိုလ်လုပွဲအဖြစ် အီတလီနိုင်ငံ မီလန်မြို့မှာ မေ ၂၈ ရက် ကစားမယ့်ပွဲအထိ ဒီဘရိုင်း ပို့ဆောင်ပေးနိုင်မလားဆိုတာ စိတ်ဝင်စားစွာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

---

# လူကာကူကို ပြန်ခေါ်ဖို့ရှိနေတဲ့ ချယ်လ်ဆီး



ချယ်လ်ဆီးအသင်းဟာ တိုက်စစ်မှူး လူကာကူကို ပြန်ခေါ်ဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ လူကာကူအနေနဲ့လည်း အသင်းဟောင်း ချယ်လ်ဆီးကိုပဲ ပြန်လိုတယ်လို့ ပြောဆိုနေပါတယ်။ သို့ပေမယ့် ပြောင်းရွှေ့ကြေးကိစ္စကိုတော့ ညှိနှိုင်းနေဆဲပါ။ အဲဗာတန် တိုက်စစ်မှူး လူကာကူဟာ ဒီနှစ် ရာသီအကုန်မှာ အဲဗာတန်အသင်းမှ ထွက်ခွာဖို့ ပြင်ဆင်နေတာပါ။ အဲဗာတန်က လူကာကူကို ရောင်းထုတ်ဖို့ ပေါင် ၆၅ သန်းရဖို့ တောင်းဆိုနေပါတယ်။ လူကာကူရဲ့ ဒီပြောင်းရွှေ့ကြေးနဲ့ အတည်ဖြစ်မယ်ဆိုရင် ဗြိတိသျှကလပ်တစ်ခုအနေနဲ့ စံချိန်တင် ပြောင်းရွှေ့ကြေးဖြစ်လာဖို့ ရှိနေပါတယ်။ လူကာကူဟာ အဲဗာတန်အသင်းရဲ့ အဓိက တိုက်စစ်မှူး ဖြစ်ပါတယ်။ သူ့ကို ရောင်းထုတ် လိုက်ခြင်းအားဖြင့် အသင်းရဲ့ အောင်မြင်မှုလမ်းကြောင်းဟာလည်း ပြောင်းလဲသွားနိုင်ပါတယ်။ ဒီအတွက်ကြောင့်လည်း အဲဗာတန် တာဝန်ရှိသူတွေက လူကာကူကို ရောင်းထုတ်ဖို့ စဉ်းစားနေပါတယ်။ သို့ပေမယ့် လူကာကူကိုယ်တိုင်က အသင်းဟောင်းကို ပြန်ပြောင်းဖို့ ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။

# လီဗာပူးကို ပြန်ရဖွယ်ရှိနေတဲ့ ဘာလော့တယ်လီ

လီဗာပူးက စီးရီးအေကလပ် အေစီမီလန်ကို အငှားချထားတဲ့ တိုက်စစ်မှူး ဘာလော့တယ်လီဟာ အငှားစာချုပ်သက်တမ်း ကုန်ဆုံးသွားပြီဖြစ်လို့ အန်ဖီးလ်ကို ပြန်ရဖွယ်ရှိပါတယ်။ ဘာလော့တယ်လီဟာ ၂၀၁၄ ခုနှစ် ဩဂုတ်လက အေစီမီလန်မှ ပေါင် ၁၆ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာပါ။ သို့ပေမယ့် အန်ဖီးလ်မှာ ခြေစွမ်းမပြနိုင်တဲ့အတွက် အေစီမီလန်အသင်းကို အငှားချထားခဲ့ပါတယ်။ အေစီမီလန်နဲ့ အငှားချထားမှုမှာလည်း တစ်နှစ်ပြည့်သွားပြီဖြစ်လို့ လီဗာပူးကို ပြန်ရဖွယ်ရှိနေပါတယ်။

မီလန်က သူ့ရဲ့ လုပ်ခလစာကို တစ်ပတ်ပေါင် ၉၀၀၀၀ ပေးရမယ့်အစား ပေါင် ၇၀၀၀၀ ခန့်သာ ပေးနိုင်ခဲ့ပါတယ်။ ဘာလော့တယ်လီနဲ့ အေစီမီလန်တို့ရဲ့ စာချုပ်ဟာလည်း နွေရာသီမှာ ကုန်ဆုံးသွားပြီဖြစ်လို့ လီဗာပူးကို ပြန်ရဖွယ်ရှိနေပါတယ်။ သို့ပေမယ့် လီဗာပူးက အေစီမီလန်အသင်းကို အပြီးရောင်းချနိုင်ပါတယ်။ ဘာလော့တယ်လီဟာ ခြေစွမ်းရှိတဲ့ ကစားသမားဖြစ်ပေမယ့် ဂိုးသွင်းနိုင်မှု အားနည်းနေပါတယ်။ နှစ်နှစ်အတွင်း ရှစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ရာသီအစမှာ ဂိုးပေါက် လွဲချော်မှုတွေများခဲ့တဲ့ ဘာလော့တယ်လီကို လီဗာပူးက အပြီးရောင်းချဖွယ်ရှိနေပါတယ်။

◆ ကောင်းမြတ်သူ - စုစည်းသည်။ ◆

---

# ချန်ပီယံလိဂ်ဖလားကို မန်စီးတီးရမယ်လို့ နည်းပြပယ်လီဂရီနီ ကြုံးဝါး




မန်စီးတီးအသင်းအနေနဲ့ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ဖို့ ယုံကြည်ကြောင်း နည်းပြ ပယ်လီဂရီနီက ပြောကြားလိုက်ပါတယ်။ ဘာစီလိုနာ ကစားသမားတွေက ကျွန်တော့်ကစားသမားတွေထက် ပိုကောင်းတယ်လို့ မထင်မိပါဘူးလို့ နည်းပြပယ်လီဂရီနီက ဆိုပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ယခုနှစ်မှာ ချန်ပီယံလိဂ်ဖလားရဖို့ မျှော်လင့်ထားတယ်လို့ နည်းပြကဆိုပါတယ်။ မန်စီးတီးအသင်းဟာ ပီအက်စ်ဂျီအသင်းကို နှစ်ကျော့ပေါင်း သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ကာ ဆီးမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့်နှစ်မှာ နည်းပြဖြစ်လာမယ့် ဂွာဒီယိုလာရဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ နာမည်ကြီး ပီအက်စ်ဂျီအသင်းကို အနိုင်ရလိုက်တဲ့အတွက် ကစားသမားတွေရဲ့ ခြေစွမ်းဟာ အတော်လေး အားတက်ဖွယ်ကောင်းလာပါတယ်။ ကစားသမားတွေရဲ့ ခြေစွမ်းကောင်းလာတဲ့အတွက် ဒီနှစ်ရာသီမှာ မန်စီးတီးအသင်းအနေနဲ့ ချန်ပီယံလိဂ်ဖလားကို ရဖို့ မျှော်လင့်ထားပြီလို့ ဆိုပါတယ်။

# နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားမှုပပျောက်ရေးနှင့် အဂတိလိုက်စားမှု

**တင်မောင်ဦး(အလုံ)**

လူသားများသည် လောဘ၊ ဒေါသ၊ မောဟရှိသူများ ဖြစ်ကြပေသည်။ ဆိုးရွားသည်ကတော့ လောဘတရားပင် ဖြစ်ပေသည်။ လောဘကြောင့်ပင် ဒေါသများ ထွက်ကြပြီး မလိုလားအပ်သောပြဿနာများ ဖြစ်ပွားကြလေသည်။

အယုံလွယ်သူ၊ လောဘကြီးများ၊ အမျိုးသမီးများနှင့် ကလေးငယ်များထံသို့ စီးပွားရေးလောဘသား တို့၏ အယုံသွင်းမှုကြောင့် နှစ်လုံးထီ လောင်းကစားနှင့် သုံးလုံးထီလောင်းကစားများ ဝင်ရောက်လာပါတော့သည်။ သူများနည်းတူ ဝတ်ချင်၊ စားချင်၊ နေထိုင်ချင်စိတ်များ ပေါ်ပေါက်လာပြီး စီးပွားရေးကို ရိုးရိုး ရှာဖွေစားသောက်ခြင်း မပြုတော့ဘဲ ဝိသမလောဘတက်ကာ နှစ်လုံးကစားခြင်း၊ သုံးလုံးကစားခြင်းများကို ပြုလုပ်လာကြပါသည်။ လောဘတက်ကာ နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားကို ပြုလုပ်နေရင်း တဖြည်းဖြည်းနှင့် လုံးပါးပါးကာ အိမ်ပေါင်၊ ခြံပေါင်၊ စီးပွားပျက်၊ ဘဝပျက်သွားသူများမှာ မနည်းတော့ပေ။

ထိုအထဲတွင် လောင်းကစားကို အားပေးနေသူ ဘိုးတော်လိမ်များလည်း ရှိပေသည်။ ဘိုးတော်လိမ်များကြောင့် ဗုဒ္ဓဘာသာလည်း နာမည်ပျက်သည်။ ဘိုးတော်လိမ်များသည် ကံအားလျော်စွာ တိုက်ဆိုင်ပြီး နှစ်လုံးထီ၊ သုံးလုံးထီ နံပါတ်များတူသွား၊ မှန်သွားပြီဆိုလျှင် အယုံလွယ်သော၊ လောဘကြီးသူများအား ထာဝစဉ် လိမ်လည်စားသောက်ပါတော့သည်။ တဖြည်းဖြည်းနှင့် ထိုသူများဘဝမှာ ဘိုးတော်လိမ်များထံသို့ ရွှေငွေများ သာမက လုပ်ပေးဆပ်ရသည့်ဘဝသို့တိုင် ရောက်ရှိသွားသည်များလည်း ရှိတတ်ပါသေးသည်။

နှစ်လုံးထီ လောင်းကစား၊ သုံးလုံးထီလောင်းကစားနှင့် အခြားလောင်းကစားများပြုလုပ်လာမှုကြောင့်

(က) အလုပ်ကို လက်ကြောတင်းအောင် ပင်ပန်းကြီးစွာလုပ်ကိုင်ခြင်းမရှိဘဲ ငွေအလွယ်တကူ ရရှိရေးကိုသာ စိတ်ထက်သန်ရာမှ အကျင့်ဆိုးတစ်ခု စိတ်တွင်စွဲမြဲစွာရှိလာခြင်း

(ခ) ငွေလိုအပ်ပါက အလွယ်တကူချေးငှားသုံးစွဲတတ်သည့်အကျင့် ဖြစ်လာခြင်း၊ ပြန်မဆပ်နိုင်သောအခါ လိမ်ညာပြောတတ်သည့် အကျင့်ဆိုး ဖြစ်ပေါ်လာခြင်း

(ဂ) လူမှုရေး၊ ကျန်းမာရေး နည်းလမ်းမှန်သောစီးပွားရေးတို့ကို ထိန်းသိမ်းဆောင်ရွက်လိုစိတ် မရှိတော့ဘဲ ငွေအသုံးအဖြုန်းကြီးလာကာ ငွေအလွယ်တကူပြန်လည်ရရှိရေး ဆောင်ရွက်ရာမှ ဘဝပျက်ကာ အကျင့်စာရိတ္တယိမ်းယိုင်လာခြင်း

(ဃ) ငွေရရှိရေးနှင့်ပတ်သက်ပါက ဆွေမျိုးမိတ်ဆွေအရင်းပင် ဖြစ်လင့်ကစား အသက်အန္တရာယ်ပြု၍ ငွေရရှိရေးဆောင်ရွက်လိုသည့် စိတ်ရိုင်းများ ပေါက်ဖွားလာစေခြင်း

အထက်ပါဖြစ်စဉ်များအပြင် အခြားသော ဘဝပျက်စီးစေသည့် ပြဿနာများပါ ဆိုးရွားစွာဖြစ်ပွားနိုင်သဖြင့် မိမိကိုယ်တိုင်နှင့် မိသားစုပတ်ဝန်းကျင်တွင် နှစ်လုံးထီလောင်းကစားမှု၊ သုံးလုံးထီလောင်းကစားမှုနှင့် အခြားသော လောင်းကစားခြင်းများကို အားမပေးရန် အထူးလိုအပ်လှပေသည်။

နှစ်လုံးထီလောင်းကစားသူ၊ သုံးလုံးထီလောင်းကစားသူများနှင့် ရောင်းချသူများကို တရားမဝင် နှစ်လုံးထီ၊ သုံးလုံးထီရောင်းချသူများအဖြစ် တရားစွဲဆိုပြီး ထိရောက်သောပြစ်ဒဏ်များ ပေးအပ်သလို၊ နှစ်လုံး သုံးလုံးထီ တရားမဝင်ရောင်းသူ၊ ထိုးသူများကို ကာကွယ်ပေးနေကြသူတချို့လည်း ရှိကြပေသည်။ ရောင်းသူ၊ ထိုးသူများ အခြေမလှ ဘဝပျက်ကာ ထွက်ပြေးတိမ်းရှောင်နေရသော်လည်း ကာကွယ်ပေးသူ တချို့ဖြစ်သော အရေးယူပိုင်ခွင့်ရှိသူ အစိုးရဝန်ထမ်းတချို့မှာတော့ လက်နောက်မဆုတ်ဘဲ ရယူမြဲရှိနေသည်ကို တွေ့ရှိရပေမည်။

နှစ်လုံးထီလောင်းကစား၊ သုံးလုံးထီလောင်းကစားနှင့် အခြားလောင်းကစားများ ပပျောက်ရေးအတွက် ရောင်းသူ၊ ထိုးသူများသာမက ကာကွယ်ပေးသူများကိုလည်း ပြစ်မှုကျူးလွန်သူများအဖြစ် တန်းတူညီတူ အပြစ်ပေးသင့်ပေသည်။ ရောင်းသူ၊ ထိုးသူ၊ ကာကွယ်သူ လက်တွဲညီနေသရွေ့ ထိုလောင်းကစားသည် ပပျောက်မသွားနိုင်ပေ။ ရောင်းသူသည် လောင်းကစားဥပဒေကို ကျူးလွန်သူဖြစ်ပြီး ထိုးသူမှာ အားပေးသူဖြစ်ပေသည်။ ကာကွယ်ပေးသူသည် နိုင်ငံတော်မှချမှတ်ထားသော ဥပဒေကို ချိုးဖောက်ရာရောက်ပေသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် နှစ်လုံးထီလောင်းကစား၊ သုံးလုံးထီလောင်းကစားများ တည်ရှိနေခြင်း၊ မပျောက်ပျက်သွားခြင်းမှာ လောဘသားများဖြစ်သော ရောင်းသူ၊ ထိုးသူ၊ ကာကွယ်သူများရှိနေခြင်းကြောင့် ဖြစ်ပေရာ ထိုရောင်းသူ၊ ထိုးသူ၊ ကာကွယ်သူများအား ထိရောက်စွာ ပြစ်ဒဏ်ပေးပြီး ကာကွယ်ပေးသူကိုလည်း နိုင်ငံတော်မှ ချမှတ်ထားသော ဥပဒေကိုချိုးဖောက်သူ(အဂတိလိုက်စားသူ)အဖြစ် အရေးယူဖို့ လိုပါသည်။

နှစ်လုံးထီ၊ သုံးလုံးထီ၊ ရောင်းချနေသည်များကို တွေ့ရှိ၊ သိရှိသော နိုင်ငံသားတိုင်းကလည်း မိမိတွင် တာဝန်ရှိသည်ဟုခံယူပြီး သက်ဆိုင်ရာသို့ သတင်းပေးအကြောင်းကြားခြင်းများ ပြုလုပ်ကြသင့်ပါသည်။ ယခုအစိုးရသစ်လက်ထက်တွင် အဂတိလိုက်စားမှုများကို အရေးယူတော့မည်ဖြစ်သည့်အတွက် ပြည်သူများကပါ ပူးပေါင်း၍ သတင်းပေးတိုင်ကြားကြခြင်းဖြင့် နှစ်လုံးထီ လောင်းကစားများ၊ သုံးလုံးထီလောင်းကစားများ မကြာမီကာလအတွင်း ပပျောက်သွားနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**နှစ်လုံးထီလောင်းကစား၊ သုံးလုံးထီလောင်းကစားနှင့် အခြားလောင်းကစားများ ပပျောက်ရေးအတွက် ရောင်းသူ၊ ထိုးသူများသာမက ကာကွယ်ပေးသူများကိုလည်း ပြစ်မှုကျူးလွန်သူများအဖြစ် တန်းတူညီတူ အပြစ်ပေးသင့်ပေသည်။ ရောင်းသူ၊ ထိုးသူ၊ ကာကွယ်သူ လက်တွဲညီနေသရွေ့ ထိုလောင်းကစားသည် ပပျောက်မသွားနိုင်ပေ။ ရောင်းသူသည် လောင်းကစားဥပဒေကို ကျူးလွန်သူဖြစ်ပြီး ထိုးသူမှာ အားပေးသူဖြစ်ပေသည်။ ကာကွယ်ပေးသူသည် နိုင်ငံတော်မှချမှတ်ထားသော ဥပဒေကို ချိုးဖောက်ရာရောက်ပေသည်**

## ကျေးရွာစာကြည့်တိုက်ဆောက်ရန် သွပ်များလှူဒါန်း

**သရက် မေ ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် သဲဖြူကျေးရွာ ပွင့်သစ်စာကြည့်တိုက် ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် သွပ်များကို သရက်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်ကော်မတီသို့ မေ ၁၂ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ပွင့်သစ်စာကြည့်တိုက်သည် ၂၀၁၅ ခုနှစ်အတွင်းက လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရာသွန်းမှုကြောင့် အမိုးအကာများ ပျက်စီးခဲ့သဖြင့် အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်ကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ခုနစ်ပေသွပ် ၁၆ ချပ်ကို စာကြည့်တိုက် ကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့ပြီး အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်နိုင်ရေးအတွက် အလှူရှင်များလည်း ရှာဖွေပေးသွားမည်ဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ဆွေက ပြောသည်။ ကျေးရွာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးကြည်ရွှင်ကလည်း စာကြည့်တိုက်ကို ကျေးရွာမှ စေတနာရှင်များ ထည့်ဝင်ထားသည့် အလှူငွေကျပ်ငါးသိန်းနှင့် ပျက်စီးသွားသော စာကြည့်တိုက်မှ တိုင်များ၊ သစ်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လှူဒါန်းသော သွပ်များ စုပေါင်း၍ သင်္ကြန်ကာလအပြီးတွင် အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

**ဇော်ထက်(သရက်)**

## မုံရွာမြို့ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မုံရွာ မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ စစ်ကိုင်းတိုင်းဒေသကြီး (မုံရွာမြို့) ၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို မုံရွာမြို့ မြို့တော်ခန်းမရှေ့ရှိ ဗဟိုမဏ္ဍပ်၌ မေ ၁၂ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဗဟိုမဏ္ဍပ်ကြီးကြပ်မှု ကော်မတီက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံသို့ နှစ်သစ်ကူး ဂါရဝပြုလက်ဆောင် ဖလားကို ပေးအပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး (မုံရွာမြို့) မဟာသင်္ကြန်ပွဲတော် ကျင်းပရေး ဦးစီးကော်မတီ၏ နှစ်သစ်ကူးအကြို နှုတ်ခွန်းဆက်လွှာကို စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ဖတ်ကြားသည်။ ထို့နောက် ဗဟိုမဏ္ဍပ်ကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ မဏ္ဍပ်မှ အကအဖွဲ့များက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဖျော်ဖြေခဲ့ကြသည်။

**ဖိုးချမ်း(မုံရွာ)**

## မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာရေကစား

**မြိတ် မေ ၁၄**

၁၃၇၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ပေါ် ရပ်ကွက်အသီးသီး၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားလျက်ရှိသည်ကို တွေ့ရသည်။



လူငယ်များစုပေါင်း၍ မိမိတို့အိမ်ရှေ့တွင် ရေကစားမဏ္ဍပ်များ တည်ဆောက်ကာ ရေပိုက်ငယ်များဖြင့် ရေပက်ခြင်း၊ ကလေးငယ်များက ခနိခက်များ၊ အုန်းခက်များဖြင့် ယာယီရေကစားမဏ္ဍပ်ကလေးများ ဆောက်လုပ်၍ ဆောင်းဘောက်များဖြင့် သင်္ကြန်သီချင်းများဖွင့်ကာ ရေပက်ခြင်းတို့ဖြင့် ရေကစားကြသလို လူငယ်အုပ်စုအလိုက်၊ မိသားစုအလိုက် မော်တော်ကားများဖြင့် မြို့တွင်းလှည့်လည်ကာ ရေပက်ခံထွက် ရေကစားသူများ၊ အကမဏ္ဍပ်များတွင် သင်္ကြန်သီချင်းအကအလှများ သီဆိုကြည့်ရှုအားပေးသူများဖြင့် အထူးစည်ကားလျက် ရှိသည်ကို တွေ့ရသည်။

ရေပက်ခံထွက်သူများ၊ ရေကစားသူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက်လည်း ရဲဝန်ထမ်းများနှင့် တာဝန်ရှိသူများက သင်္ကြန်မဏ္ဍပ်များ၊ လူစည်ကားသော နေရာများ၊ ယာဉ်အသွားအလာများသော နေရာများတွင် အထူးလုံခြုံရေးများ ချထားခြင်းဖြင့်လည်းကောင်း၊ မြို့တွင်း၌ မော်တော်ယာဉ်များဖြင့် လှည့်လည်၍လည်းကောင်း၊ ပြည်သူများအန္တရာယ်ကင်းစေရန် လုံခြုံရေးတာဝန်များနှင့် ယာဉ်ကြောရှုပ်ထွေးမှုများမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဆားလင်းကြီးမြို့နယ်ရှိ မိုးကြိုးဆာလဖျူရစ်အက်စစ်စက်ရုံ အကြီးစားပြုပြင်မည်

**ဆားလင်းကြီး မေ ၁၄**

ဆားလင်းကြီးမြို့နယ် မြန်မာ-ယန်စီကုမ္ပဏီ ကြေးနီစီမံကိန်းဧရိယာအနီးရှိ မိုးကြိုးဆာလဖျူရစ်အက်စစ်စက်ရုံကို သင်္ကြန်တွင်းပိတ်ထားမည်ဖြစ်ပြီး မကြာမီ အကြီးစားပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း စက်ရုံမှူးဦးသာဒွန်းစံက မေ ၁၂ ရက်က စက်ရုံအနီးရှိ ကံကုန်းကျေးရွာမှ ဒေသခံများအား အသိပေးပြောကြားခဲ့သည်။ မေ ၁၂ ရက်က မိုးကြိုးဆာလဖျူရစ်အက်စစ်စက်ရုံ လုပ်ငန်းလည်ပတ်ဆောင်ရွက်ရာမှ ထွက်လာသော အက်စစ်ငွေ့ အနံ့ဆိုးများကြောင့် စက်ရုံမှူးနှင့်တွေ့ဆုံရန် ကံကုန်းကျေးရွာမှ ရွာသူရွာသား ၅၀ ခန့်က အက်စစ်စက်ရုံရှေ့သို့ စုရုံးရောက်ရှိလာစဉ် စက်ရုံကို အကြီးစားပြင်ဆင်မှု ပြုလုပ်မည့် အကြောင်း စက်ရုံမှူးဦးသာဒွန်းစံက ရှင်းပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သထုံသင်္ကြန်တွင် ပထမဆုံးအကြိမ် ရခိုင်ရိုးရာနံ့သာသွေးပွဲ ထည့်သွင်းကျင်းပ

**သထုံ ဧပြီ ၁၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ မွန်၊ ကရင်၊ ပအိုဝ်းနှင့် ရခိုင်တိုင်းရင်းသားများစုပေါင်းကာ သထုံမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ရခိုင်ရိုးရာနံ့သာသွေးပွဲကို ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်၌ ဧပြီ ၁၂ ရက် (မဟာသင်္ကြန်အကြိုနေ့) ညနေ ၃ နာရီက စတင်ကျင်းပခဲ့ကြောင်း သထုံမြို့နယ်မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။



"မြန်မာနှစ်သစ်ကို အမွှေးနံ့သာတွေပက်ဖျန်းပြီး မင်္ဂလာရှိရှိနဲ့ ကြိုဆိုချင်တာကြောင့် ကျင်းပတာပါ"ဟု သထုံမြို့နယ် မဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ပြောသည်။

နံ့သာသွေးပွဲကို သထုံမြို့ပေါ်ရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာတစ်ရွာမှ လှပျိုဖြူလေးများ၊ မွန်၊ ကရင်၊ ပအိုဝ်း၊ ရခိုင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက သုဝဏ္ဏဘူမိသာသနာ့ဗိမာန်တော်တွင် စုပေါင်းကျင်းပခဲ့ပြီး စီတန်းလှည့်လည်၍ သထုံမြို့ကျက်သရေဆောင် ရွှေစာရံစေတီဝင်းအတွင်းရှိ ဘုရားရုပ်ပွားတော်များကို ရေသပ္ပာယ်ပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရေပြတ်လပ်နေသော ကျေးရွာသို့ သောက်သုံးရေများ သွားရောက်ဖြန့်ဝေပေး

**မြန်အောင် ဧပြီ ၁၄**

မြန်အောင်မြို့နယ် သဲဘို့ကျေးရွာအုပ်စု နတ်တောင်ကျေးရွာ၌ စက်ရေတွင်းများ ရေမထွက်တော့ဘဲ ရေပြတ်လပ်လျက် ရှိသောကြောင့် ကျေးရွာနေပြည်သူများ သောက်သုံးရေ အခက်အခဲမရှိစေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဂါလန် ၁၆၀၀ ပါ မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများကို ဧပြီ ၁၂ ရက် မဟာသင်္ကြန်အကြိုနေ့က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



နတ်တောင်ကျေးရွာရှိ အိမ်ထောင်စု ၆၅ စုမှ လူဦးရေ ၂၃၇ ဦးအတွက် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့သည့်အပြင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သဲဘို့ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများမှ ရပ်မိရပ်ဖများ တွေ့ဆုံကာ ဒေသအတွင်း ရေပြတ်လပ်မှုမရှိစေရန်အတွက် သဘာဝရေအရင်းအမြစ်များမှ ရေရယူနိုင်အောင် ဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြပြီး ရေရရှိနိုင်မည့်နေရာများကို ကြည့်ရှုခဲ့ကြသည်။

မြန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့အနေဖြင့် မြို့နယ်အတွင်းမှ အခြားကျေးရွာများတွင်လည်း ရေပြတ်လပ်မှု ကြုံတွေ့ပါက ရေများသွားရောက်ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရသည်။

သဲဘို့ကျေးရွာအုပ်စု နတ်တောင်ကျေးရွာတွင် တွင်းနက်စက်ရေတွင်း တူးဖော်ပေးထားသော်လည်း နှစ်စဉ်နွေရာသီကာလ တန်ခူးလခန့်တွင် ရေခန်းလေ့ရှိရာ ကျေးရွာနေပြည်သူများမှာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့သွားရောက်၍ ရေသယ်ယူသုံးစွဲနေရကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

# ဘားအံမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ စည်ကားစွာကျင်းပ

**ဘားအံ ဧပြီ ၁၄**

ကရင်ပြည်နယ် ဘားအံမြို့၌ မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့ ညနေပိုင်းက စည်ကားစွာ ကျင်းပခဲ့ပြီး ဖွင့်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ တိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး နှစ်သစ်တွင် အားသစ်၊ ခွန်သစ်များဖြင့် မိမိတို့ မိသားစုအတွက်၊ နိုင်ငံအတွက် စိတ်သစ်လူသစ်နှင့် ကြိုးစားအလုပ်လုပ်နိုင်မည့် နှစ်သစ်ကူးအခါသမယ ဖြစ်ပါစေကြောင်းနှင့် ကရင်ပြည်နယ်ကို ထာဝရတည်ငြိမ်အေးချမ်းပြီး စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်သူ ပြည်နယ်သားများအနေဖြင့် ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ စည်းလုံးညီညွတ်စွာလက်တွဲ၍ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ ယိမ်းအဖွဲ့များက အဆိုအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျေးရွာ မြစိမ်းရောင်စီမံကိန်းများ ကွင်းဆင်းစစ်ဆေး

**ထားဝယ် ဧပြီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆောင်ရွက်နေသော မြစိမ်းရောင်(အသားကဏ္ဍ)စီမံကိန်းများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲဝင်းထွန်းနှင့်အဖွဲ့ ဧပြီ ၈ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများသည် သပြေချောင်းကျေးရွာမှ အိမ်ထောင်စု ၅၀ သို့ မွေးမြူရေးဘဏ်စနစ်ဖြင့် ဖြန့်ဖြူးထားသော စီပီစူပါဘဲများ မွေးမြူထားမှုအခြေအနေကိုလည်းကောင်း၊ ကနိုင်းဒါကျေးရွာအုပ်စုရှိ မျိုးကောင်းမျိုးသန့်အသားတိုးနွား( Indobrasil)များ မွေးမြူထားမှုအခြေအနေကိုလည်းကောင်း၊ ကသန်းကျေးရွာရှိ ဥစားကြက်ခြံတွင် ကြက်ကောင်ရေ ၁၃၀၀၀ ကျော် မွေးမြူထားမှုအခြေအနေကိုလည်းကောင်း၊ ရေဖြူမြို့နယ် ညင်းထွေးကျေးရွာအုပ်စုရှိ ဇီးကျကျေးရွာတွင် မွေးမြူရေးဘဏ်စနစ်ဖြင့် ဆိတ်ကောင်ရေ ၅၀၀ မွေးမြူထားရှိမှုအခြေအနေကိုလည်းကောင်း၊ ကျောက်ထောင့်ကျေးရွာတွင် မြစိမ်းရောင်(အသားကဏ္ဍ)စနစ်ဖြင့် ဖြန့်ဖြူးထားသော တိရစ္ဆာန်များမွေးမြူထားမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# မြိုင်မြို့၌ သင်္ကြန်စတုဒိသာများ ကျွေးမွေးခြင်း ကုသိုလ်ပြုသူပိုမိုများပြား

**မြိုင် ဧပြီ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့တွင် သင်္ကြန်အကျနေ့၌ လမ်းအသွယ်သွယ်၌ စတုဒိသာများ ကျွေးမွေးခြင်းကုသိုလ်ပြုသူများနှစ်တိုင်းထက် ပိုမိုများပြားလာကြောင်း တွေ့ရသည်။ စတုဒိသာမဏ္ဍပ်များတွင်ရေရှားပါးမှု၊ ရေချွေတာသုံးစွဲရခြင်းကြောင့် ကလေးသူငယ်များအနေဖြင့် စတုဒိသာမဏ္ဍပ် ရေဆော့မကစားကြရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

မြိုင်မြို့တွင် စတုဒိသာမဏ္ဍပ် ၁၅ခုရှိပြီး နံနက် ၄ နာရီကတည်းက ဆန်ပြုတ်များ၊ ဂျုံပြုတ်များ၊ မုန့်ဟင်းခါးများ၊ ဒံပေါက်ထမင်းများ၊ ရွှေရင်အေးများ ချက်ပြုတ် ကြပြီး နံနက် ၅ နာရီခွဲတွင် စတင်ကျွေးမွေးကြရာ လာရောက်သုံးဆောင်သူများကလည်း နောက်နေ့များဆက်လက်ကျွေးမွေးကုသိုလ်ပြုနိုင်ရန် မိမိတတ်နိုင်သမျှ အလှူငွေများ ထည့်ဝင်ကုသိုလ်ပါဝင်ကြကြောင်း သိရသည်။

**(၁၃၅)**

# ရက်ကန်းပညာဖြင့် မျိုးဆက်သစ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသော လွိုင်ကော် အစိုးရအခြေခံရက်ကန်းသင်တန်းကျောင်း

**ရွှေလင်းပြည့်စုံ**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါသမရပ်ကွက် ဝိဇ္ဇာလမ်းတွင်ဖွင့်လှစ်ထားသော ရက်ကန်းနှင့် အသက်မွေး ပညာသင်တန်းကျောင်းသည် မြန်မာ့ရိုးရာရက်ကန်းပညာနှင့် တိုင်းရင်းသားများ၏ ရိုးရာရက်ကန်းပညာရပ်ကျွမ်းကျင်သည့် မျိုးဆက်သစ်များမွေးထုတ်ရန်၊ ခေတ်မီရက်ကန်းနည်းပညာများ တိုးတက်ပြန့်ပွားရန်၊ မြန်မာ့ရိုးရာ ရက်ကန်းပညာကို လက်ရက်ကန်းမှ စက်ရက်ကန်းသို့ အဆင့်မြှင့်တင်နိုင်ရန်နှင့် လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ လူငယ်များအား လက်ရက်ကန်းပညာများ၊ စက်ရက်ကန်းပညာများကို သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် အကြီးတန်းနည်းပြ ဦးအောင်ဖေသိန်းအေးနှင့် ဆရာ ဆရာမများက ဦးစီး၍ သင်ကြားပေးလျက်ရှိရာ ၁၉၆၅ ခုနှစ်မှ ယနေ့အထိ သင်ကြားပေးနေသည်။ သင်ကြားရာတွင် ပထမခြောက်လသင်တန်းကို ဇန်နဝါရီလမှ ဇွန်လအထိ ပထမအသုတ်နှင့် ဇူလိုင်မှ ဒီဇင်ဘာလအထိ ဒုတိယအသုတ် နှစ်ကြိမ်ခွဲ၍ သင်ကြားပေးပြီး တစ်သုတ်လျှင် သင်တန်းသား ၁၃ ဦးစီ သင်ကြားပေးသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လမှစ၍ ပထမအသုတ် ဂျပ်ခုတ်သင်တန်းသား ၂၀၊ ဒုတိယအသုတ် ဂျပ်ခုတ်သင်တန်းသား ၄၀ ကို သင်ကြားပေးရာတွင် ရှမ်း၊ ကယား၊ ကယန်း(ပဒေါင်)လူမျိုးများအား သင်ကြားနိုင်ခဲ့သည်။

ရက်ကန်းသင်တန်းတွင် လက်ချည်မျှင်ဆွဲနည်း၊ ရက်ကန်းနှင့် စက်ရက်ကန်း လုပ်ငန်းသဘောတရား၊ စက်ချည်မျှင်ဆွဲလုပ်ငန်း၊ အဖြူချွတ်ဆေးဆိုး၊ အထည်ခွဲစိတ်ပညာ လေ့လာခြင်းစသည်တို့ကို သင်တန်းကာလခြောက်လသတ်မှတ်ပြီး သင်ကြားပေးသည်။ သင်တန်းတက်ရောက်သူများသည် အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်သူ လူလွတ်ဖြစ်ရမည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရသူများကို ထောက်ပံ့ကြေးတစ်လ ကျပ်သုံးသောင်းနှင့် နေစရာ အဆောင်ပေးသည်။

ကယားပြည်နယ် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ICT)က ကြီးမှူးပြီး နိုင်ငံခြားသားလေ့လာမှု၊ သဘာဝအသုံးပြုမှုနှင့် ရက်ကန်းဆိုင်ရာလုပ်ငန်း၊ ဂျပ်ခုတ်သင်တန်းတို့ကို နိုင်ငံခြားသားများ လေ့လာရေးအစီအစဉ်များနှင့် ကယားရိုးရာ ဂျပ်ခုတ်ထည်နှင့် စက်ရက်ကန်းထည်များ အရောင်းပြခန်းများကို ဖွင့်လှစ်၍ ရောင်းချလျက်ရှိရာ ဂျပ်ခုတ်လုပ်ငန်းနှင့် စက်ရက်ကန်းစင်များသို့ နိုင်ငံခြားသားဧည့်သည်များ နေ့စဉ် ၁၀၀ ခန့် လာရောက်လေ့လာလျက်ရှိကြောင်းလည်း သိရသည်။

လွိုင်ကော် အစိုးရအခြေခံရက်ကန်းသင်တန်းကျောင်း၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူဖြစ်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အခြေခံဆိုင်ကယ်ပြုပြင်ရေးသင်တန်းကို စတင်သင်ကြားခဲ့ပြီး ပထမအကြိမ်တွင် ၁၄ ဦးနှင့် ဒုတိယအကြိမ်တွင် ၁၄ ဦး သင်ကြားပေးခဲ့သည်။ ထို့အပြင် တွင်ခုံ၊ ဖောက်ခုံသင်တန်း၊ သံဂဟေသင်တန်း၊ ဝါးလက်မှုပညာသင်တန်း၊ အပ်ချုပ်သင်တန်း၊ အလှကုန်ထုတ်သင်တန်း၊ သစ်သီးဝလံဖျော်ရည်၊ ယိုလုပ်သင်တန်းများကိုလည်း ဖွင့်လှစ်ကာ သင်တန်းသား သင်တန်းသူများကို စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိကြသည်။ ။

# သတိပြုဆင်ခြင်စရာ ကူးစက်မြန် ဂျပန်ဦးနှောက်အမြှေးပါးရောင်ရောဂါ

ကေသွယ်

ဂျပန်ဦးနှောက်ရောင်ရောဂါ (Japanese Encephalitis-JE) သည် ကျူးလပ်စ်ခေါ် (Culex Tritaeniorhynuhus)ခြင်မှတစ်ဆင့် ကူးစက်သော ရောဂါဖြစ်ကာ လယ်ယာများရှိ လည်တံရှည်ငှက်များနှင့် ဝက်များမှတစ်ဆင့် ကူးစက်သော ရောဂါတစ်မျိုးဖြစ်ကြောင်းသိရသည်။ ဦးနှောက်အမြှေးပါး ရောင်ရောဂါဆိုသည်မှာ ဦးနှောက်နှင့်အာရုံကြောမကို ဖုံးအုပ်ထားသော ဦးနှောက်အမြှေးပါးရောင်ရမ်းသည့် ဝေဒနာကို ခေါ်ဆိုခြင်းဖြစ်သည်။ ရောဂါဖြစ်ပွားရခြင်း အဓိကအကြောင်းအရင်းတွင် ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးမွှားများ ကူးစက်ခံရခြင်းကြောင့်ဖြစ်သည်ဟု ဖော်ပြထားသည်။

၎င်းပိုးမွှားများမှာ လူ၏ကိုယ်ခန္ဓာရှိ အသက်ရှူလမ်းကြောင်းမှ လည်းကောင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းအပါအဝင် လူ့အရေပြားမှ တစ်ဆင့်လည်းကောင်း ကူးစက်ကာ သွေးမှတစ်ဆင့် အာရုံကြောစနစ်ဆီသို့ ကူးစက်ပျံ့နှံ့သွားခြင်းဖြစ်ကြောင်း သိရသည်။ ရောဂါပိုးကူးစက်ခံရခြင်း နောက်တစ်နည်းမှာ ဦးခေါင်းပိုင်းတွင် ထိခိုက်ဒဏ်ရာရရှိထားခြင်း(သို့မဟုတ်) ဦးခေါင်းပိုင်းကို ခွဲစိတ်ထားခြင်းတို့မှတစ်ဆင့် အာရုံကြောစနစ်ဆီသို့ ဘက်တီးရီးယားပိုးများ ပျံ့နှံ့ဝင်ရောက်ခြင်းဖြင့်လည်းကောင်း ဦးနှောက်အမြှေးရောင်ရောဂါပိုး ကူးစက်စေနိုင်ကြောင်း သိရသည်။

အသက်အရွယ်အလိုက် ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားမှုများကို လေ့လာကြည့်မည်ဆိုပါက ကလေးသူငယ်၊ ဆယ်ကျော်သက်အရွယ်နှင့် အသက် ၆၀ ကျော်အရွယ်တို့တွင် ပိုမိုအဖြစ်များတတ်သည်ဟု ဆိုထားသည်။ နို့စို့အရွယ် ကလေးသူငယ်များတွင် ငယ်ထိပ် ဖောင်းနေတတ်ခြင်း၊ အာခေါင်ခြစ်ကာ အော်ငိုနေခြင်း၊ အသက်ရှူမြန်ဆန်နေခြင်း၊ ဒေါသကြီးနေတတ်ခြင်း၊ လက်ဖျားခြေဖျားများ အေးစက်နေတတ်ခြင်း၊ တက်ခြင်းနှင့် သွေးလန့်မှုများလည်း ဖြစ်ပေါ်ခံစားရတတ်ကြောင်း သတိပေးချက်တွင် ပါဝင်သည်။




တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် နှိုင်းယှဉ်လျှင် ၎င်းရောဂါဖြစ်ပွားမှုကြောင့် ခံစားရသူများတွင် အသက်သေဆုံးမှုမှာ ၃၀ မှ ၅၀ ရာခိုင်နှုန်းအထိ ရှိတတ်ကြောင်း သိရသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် ကလေး လူကြီးမရွေး ဖြစ်ပွားတတ်လေ့ရှိသော်လည်း အများဆုံးမှာ အသက် ၁၀ နှစ်အောက် ကလေးငယ်များတွင် ကိုယ်ခံအားနည်းပါးသေးသည့်အတွက် သေဆုံးမှုမှာ ပိုမိုဖြစ်ပွားတတ်ကြောင်း ဆိုထားသည်။ အသက် ငါးနှစ်မှ ၁၅ နှစ်အရွယ်အတွင်း ကလေးသူငယ်များတွင် ပိုမိုအဖြစ်များကာ ရောဂါဖြစ်ပွားသောလူနာသုံးပုံတစ်ပုံမှာ အသက်ဆုံးရှုံးနိုင်ပြီး သုံးပုံနှစ်ပုံခန့်သော လူနာများမှာ မသန်စွမ်းသောသူများအဖြစ်သို့ ရောက်ရှိသွားတတ်ကြောင်း သိရသည်။

အဆိုပါ ဦးနှောက်အမြှေးရောင်ရောဂါပိုးမှာ ဘက်တီးရီးယားပိုးကြောင့် ကူးစက်ခံရသည့်အတွက် ခံစားရမှုဝေဒနာမှာ ပြင်းထန်လှပြီး အချိန်မီကုသမှုမခံယူနိုင်ပါက အသက်ဆုံးရှုံးရသည်အထိ ဖြစ်ပေါ်တတ်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။ ရောဂါလက္ခဏာရပ်များတွင် သာမန်အအေးမိတုပ်ကွေးရောဂါဖြစ်ပွားခြင်းနှင့် ဆင်တူပြီး နှာစေးခြင်း၊ ဖျားနာခြင်း၊ ခေါင်းကိုက်ခြင်းအပြင် ၂ ရက် ၃ ရက်ကြာမြင့်လာပြီးပါက တက်ခြင်း၊ အကြောဆွဲခြင်း၊ သတိလစ်မေ့မြောခြင်း စသည့် ဦးနှောက်ရောင်သည့် လက္ခဏာရပ်များကြောင့် အန်ခြင်း၊ ဇက်ကြောတောင့်တင်းနေခြင်း၊ အလင်းရောင်ကို ကောင်းစွာမကြည့်နိုင်ခြင်း၊ မှိန်းနေတတ်ခြင်း၊ အစာစားချင်စိတ်မရှိဘဲ ခံတွင်းပျက်ခြင်း၊ အရေပြားပေါ်တွင် အနီရောင် (သို့မဟုတ်) ခရမ်းရောင် အစက်အပြောက်များ ထွက်ပေါ်လာတတ်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိကြောင်း သတိပေးချက်တွင် ပါဝင်သည်။ ထို့အပြင် ဦးနှောက်ရောင်ရောဂါပိုး အကူးစက်ခံရသူ လူနာ၏ ခန္ဓာကိုယ်အရေပြားပေါ်တွင် ထွက်ပေါ်လာသော ယင်းအစက်အပြောက်များကို မှန်ဖြင့် ဖိထားကြည့်မည်ဆိုပါက အဖြူရောင်အဖြစ် ပြောင်းလဲသွားခြင်းမရှိခဲ့ပါက အရေးပေါ်ကုသမှု ခံယူရမည့်အခြေအနေတွင် ရောက်ရှိနေပြီဖြစ်ကြောင်း နားလည်ရမည်ဟု ဆိုထားသည်။

ထိုသို့သော အကြောင်းအမျိုးမျိုးကြောင့် ဦးနှောက်အမြှေးရောင်ရောဂါ ကူးစက်ဖြစ်ပွားလျှင် ဆေးရုံသို့တက်ကာ ဆေးကုသမှု ဂရုတစိုက်ခံယူရန်




လိုအပ်လျက်ရှိပြီး ရောဂါဖြစ်ပွားခံစားရသူ ငါးဦးလျှင် တစ်ဦးနှုန်းမှာ နောက်ပိုင်းတွင် ဆိုးကျိုးများဖြစ်ပေါ်လေ့ရှိသည်ဟုလည်း သိရသည်။ ဦးနှောက်အမြှေးရောင်ရောဂါ ဖြစ်ပွားခြင်း၏ နောက်ဆက်တွဲပြဿနာများအဖြစ် အသက်ရှင်ကျန်ရစ်တတ်သူ ၁၅ ရာခိုင်နှုန်းခန့်သည် အာရုံကြောတွင် ပြဿနာဖြစ်ခြင်း၊ ဦးနှောက်ပိုင်းဆိုင်ရာ ပျက်စီးခြင်းနှင့်အတူ အကြားအာရုံများ ဆုံးရှုံးရခြင်းတို့ကိုပါ ခံစားရပြီးနောက် ကိုယ်ခန္ဓာတွင် မသန်မစွမ်းဖြစ်သွားတတ်ကြကြောင်း ပြောကြားထားသည်။

ရောဂါကူးစက်ခြင်းမဖြစ်စေရန် ကာကွယ်ရေးလုပ်ငန်းဆောင်တာများအနေဖြင့် ပုံမှန်လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရေချိုးခြင်း၊ လူအများနှင့်အတူ အစားအစာမျှဝေစားသုံးခြင်းနှင့် ပစ္စည်းများကို မျှဝေသုံးစွဲခြင်းစသည့် အလေ့အထများကို ရှောင်ကြဉ်ခြင်း၊ လူစည်ကားရာအရပ်များနှင့် ဖုန်ထူထပ်ရာနေရာများတွင် တာရှည်စွာအချိန်ကုန်မခံခြင်း၊ ရောဂါကူးစက်ခံရရန်နီးစပ်သော အရပ်ဒေသများ အပါအဝင် လူထူထပ်ရာနေရာများသို့ အသွားလာများခြင်းတို့ကို ရှောင်ကြဉ်ခြင်း(သို့မဟုတ်) နှာခေါင်းနှင့် ပါးစပ်တို့ကို Mask ဖြင့် ဖုံးအုပ်ကာ သွားလာကြခြင်း စသည်တို့ဖြင့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်သင့်ကြောင့် အကြံပြုထားသည်။ ထို့အပြင် မိမိရော သူတစ်ပါးပါ နှာချေခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပွားလျှင် နှာခေါင်းနှင့် ပါးစပ်တို့အား လက်ကိုင်ပုဝါဖြင့် ဖုံးအုပ်ကာကွယ်ထားခြင်းဖြင့်လည်းကောင်း၊ ဦးနှောက်အမြှေးရောင်ရောဂါအတွက် ကာကွယ်ဆေးကို ကြိုတင်ထိုးထားရန်လည်းလိုအပ်ကြောင်း သတိပေးပြောကြားထားသည်။ ။

# တာချီလိတ်မြို့ရှိ မီးဘေးသင့်ပြည်သူများအား အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများလာရောက်လှူဒါန်းလျက်ရှိ

**တာချီလိတ် မေ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်၌ မေ ၉ ရက်က ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသော အိမ်ထောင်စု ၂၉ စုမှ ပြည်သူများအား မြန်မာနိုင်ငံရှိအလှူရှင်များသာမက ထိုင်းနိုင်ငံမှ အလှူရှင်များကလည်း စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေနှင့် ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအတွက် ယာယီ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်သို့ အလှူရှင်များက လာရောက်ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၁၀ ရက်တွင် အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ သောက်ရေသန့်များ၊ စားသောက်ဖွယ်ရာများ၊ ခြင်ထောင်နှင့် စောင်များကို ထိုင်းနိုင်ငံ ချင်းရိုင်နှင့်မယ်ဆိုင်မြို့များရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များကလည်းကောင်း၊ တာချီလိတ်မြို့နယ်မိုင်းဖုန်းဆရာတော်က ထိုင်းဘတ်ငွေ ၅၀၀၀၀ ကိုလည်းကောင်း၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အိမ်ထောင်စုတစ်စုလျှင် ဘိလပ်မြေအိတ် ၁၀၀၊ သွပ်အချပ် ၅၀ နှင့် ငွေကျပ် သုံးသိန်းစီ စုစုပေါင်းတန်ဖိုး ကျပ် ၂၅၃ သိန်းကျော်ကိုလည်းကောင်း လှူဒါန်းခဲ့သည်။



တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ တာချီလိတ်မြို့ အနန္တဂုဏ်ရည်ပရဟိတအဖွဲ့ကလည်း သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက လှူဒါန်းပေးနိုင်ရန်အတွက် ပြည်သူများက ပါဝင်လှူဒါန်းထားသည့် ငွေများမှ မီးဘေးသင့်ပြည်သူတစ်အိမ်ထောင်လျှင်

လှူဒါန်းသောငွေများကို ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစံ့ဆိုင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းဝင်းအောင်၊ မြို့မိမြို့ဖဦးကြည်မြင့်နှင့် တာချီလိတ်ဘဏ်ခွဲ (၁)(၂)တို့မှ ဘဏ်ငွေကျပ်တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၉ သိန်းကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ထို့အတူ မေ ၁၁ ရက်တွင်လည်း ဦးစိုင်းရဲန်မိသားစု(ရွှေငါးအိမ်ဆောက်ပစ္စည်းဆိုင်နှင့် စိန်ငါးကုမ္ပဏီ)၊ ဦးတင်လှိုင်မိသားစု(အဆွေတော်အထူးကုဆေးခန်းနှင့် ရောဂါရှာဖွေရေးစင်တာ)တို့က ထိုင်းဘတ်ငွေ ၁၁၆၀၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၁၀၀၀၊ အဆွေတော် (၂၄)နာရီအထူးကုဆေးခန်းက ထိုင်းဘတ်လေးသောင်းတန်ဖိုးရှိ အုတ်နှစ်သောင်းနှင့် ဘတ်တစ်သောင်းငါးရာတန်ဖိုးရှိ တစ်ယောက်အိပ်မွေ့ရာ အစုံ ၃၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက ငွေကျပ်ရှစ်သိန်း၊ မေတ္တာရှင် သာရေးနာရေးကူညီမှုအသင်းက ငွေကျပ်နှစ်သိန်း၊ ဦးနေမျိုး (အိမ်မက်ရွာ)က ငွေကျပ် ၁၀ သိန်းနှင့် သောက်ရေသန့် အဆွဲ ၂၀၀ တို့အပါအဝင် အခြားအလှူရှင်များကလည်း အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

မေ ၁၁ ရက်အထိ အဆိုပါမီးဘေးသင့်ပြည်သူများအတွက် စေတနာရှင်အလှူရှင်များက လာရောက်လှူဒါန်းထားမှု စုစုပေါင်းမှာ ပစ္စည်းအနေဖြင့် ထိုင်းဘတ်ငွေ ၁၁၃၉၆၉၀ နှင့် ငွေကျပ် ၂၁၄၀၀၀ တန်ဖိုးရှိ ပစ္စည်းများ၊ ငွေသားအနေဖြင့် ထိုင်းဘတ် ခုနစ်သိန်းနှင့် ကျပ် ၁၅၉ သိန်းကျော်၊ ဆန်အိတ် ၂၀၀ ကျော်၊ သွပ် ၁၄၅၅ ချပ်၊ ဘိလပ်မြေ ၄၀၁၅ အိတ်၊ အုတ် ၂၀၀၀၀၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ စောင်နှင့် ခြင်ထောင်များ ပါဝင်ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျပျက်စီးသွားသော အိမ်ထောင်စုများအား ဆန်နှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

**ကြံခင်း မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ထန်းတပင်ကျေးရွာ၌ မေ ၉ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သော နေအိမ်များမှ ပြည်သူများအား ဆန်နှင့် ထောက်ပံ့ငွေများကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက မေ ၁၀ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မိုးသည်းထန်ခြင်းနှင့် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်လုံးမိုးကြိုးထိမှန်ပြီး ၁၅ လုံး ပြိုကျပျက်စီးကာ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းနှင့် အိမ်ခြေ ၅၅ လုံး အမိုးများလန်ထွက်ပျက်စီးသွားခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနက ပြိုကျပျက်စီးသွားသော နေအိမ်များမှ အိမ်ထောင်စုများအတွက် နေအိမ်တစ်လုံးလျှင် ဆန် ရှစ်ပြည်နှင့် ငွေ ၂၀၀၀၀ ကျပ်စီ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**



မေ ၁၂ ရက် သင်္ကြန်အကြိုနေ့တွင် ပျော်ရွှင်စွာ ရေကစားကြသူများအား တာမွေမြို့နယ် နန္ဒဝန်လမ်းမှ နန္ဒဝန်တိုက်သစ်ဆွမ်းလောင်းအဖွဲ့က ကြီးမှူး၍ စတုဒိသာထမင်းဟင်းများ ကျွေးမွေးမှုကို တွေ့ရစဉ်။
လှလှ (ပြန် /ဆက်)

# ဆိပ်ဖြူမြို့နယ် ယောချောင်း၌ ပြည်သူများ ပျော်ရွှင်စွာရေကစား



**ဆိပ်ဖြူ ဧပြီ ၁၄**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ယောချောင်းအတွင်း၌ သင်္ကြန်ရေကစားလာသူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီက ကြီးကြပ်၍ သင်္ကြန်အကြိုနေ့မှစတင်ကာ ဆောင်ရွက်ပေးထားသဖြင့် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ကြကြောင်း သိရသည်။ **(ယာပုံ)**

ယောချောင်းသင်္ကြန်တွင် မြို့နယ်အတွင်းနှင့် နီးစပ်ရာမြို့နယ်များမှ ပြည်သူများ နှစ်စဉ် လာရောက်ရေကစားလေ့ရှိကြောင်း၊ ယခုနှစ်တွင် ရေကစားလာသူများ အေးချမ်းပျော်ရွှင်စွာ ရေကစာနိုင်ရေးအတွက် ရေကစားလာသူများ အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှု မရှိစေရန်၊ လာရောက်ဖွင့်လှစ်လျက်ရှိသော စျေးဆိုင်တန်းများတွင် အရက်သေစာရောင်းချမှု မရှိစေရန်နှင့် အခြားလုံခြုံရေး လုပ်ငန်းများကို မြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အတာသင်္ကြန် ပွဲတော် ကြီးကြပ်ကော်မတီက ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။
**စိုးလင်းနိုင် (ပြန်/ဆက်)**



# သင်္ကြန်အကျနေ့တွင် ရေစကြိုမြို့၌ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိ

**ရေစကြို ဧပြီ ၁၄**
ဧပြီ ၁၃ ရက် မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကျနေ့တွင် ရေစကြိုမြို့ရှိ သင်္ကြန်မဏ္ဍပ်များတွင်လည်းကောင်း၊ ရပ်ကွက်များတွင်လည်းကောင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိသည်။

ထို့အတူ ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ စတုဒိသာကျွေးခြင်းများကိုလည်း ရပ်ကွက်အသီးသီး၌ ပြုလုပ်လျက်ရှိပြီး ရွှေရင်အေး၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ သာကူ၊ ကြာဆံဟင်း၊ ထမင်းစသည့် စတုဒိသာအမျိုးမျိုး ကျွေးမွေးလျက်ရှိရာ လှူဒါန်းသူ စားသောက်သူများဖြင့် စည်ကားလျက်ရှိသည်။

ရေစကြိုမြို့တွင် ပြည်သူများ ပျော်ရွှင်စွာ ရေကစားကြသော်လည်း ပြင်ပအပူချိန်မှာ ၅၃ ဒီဂရီ စင်တီဂရိတ်အထိ ရှိနေသဖြင့် နံနက်ပိုင်းတွင် ၁၁ နာရီအထိခန့်သာ ရေကစားနိုင်ပြီး ညနေပိုင်းတွင်လည်း ၄ နာရီနောက်ပိုင်းမှသာ ရေကစားနိုင်ကြောင်း သိရသည်။
**ဖေထွဏ်းဇော်(ရေစကြို)**

## သတင်းတိုများ

### သင်္ကြန်အကျနေ့မှ သင်္ကြန်အတက်နေ့အထိ စတုဒိသာကျွေးမွေး

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရုံးရပ်ကွက်မြောက်ပိုင်း တာပေါင်ကြီး လမ်းဘေးရှိ လယ်ပြင်ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ စတုဒိသာမဏ္ဍပ်တွင် သင်္ကြန်အကျနေ့မှ သင်္ကြန်အတက်နေ့အထိ သင်္ကြန်ရေကစားကြသူများနှင့် ပြည်သူများအား စတုဒိသာကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။
**ကိုသက်(အထက်မင်းလှ)**

### ဆောမြို့နယ်တွင် စတုဒိသာမဏ္ဍပ်များဖွင့်၍ ကုသိုလ်ဒါနပြုလျက်ရှိ

ဂန့်ဂေါခရိုင် ဆောမြို့ သီရိရပ်ကွက်နှင့် ဇေယျာရပ်ကွက်များ၌ သင်္ကြန်အကြိုနေ့မှစ၍ စတုဒိသာမဏ္ဍပ်များကို စေတနာရှင်များက ဖွင့်လှစ်ကာ မုန့်လုံးရေပေါ်အပါအဝင် စတုဒိသာများ ကျွေးမွေးလှူဒါန်းလျက်ရှိကြောင်း သိရသည်။ ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့တွင် ဖွင့်လှစ်ထားသော စတုဒိသာမဏ္ဍပ် ရှစ်ခုရှိပြီး ပြည်သူများမှာလည်း သင်္ကြန်အကြိုနေ့မှစ၍ ပျော်ရွှင်စွာ ရေကစားလျက်ရှိသည်။
**(၁၀၁)**

# မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားများ မြို့နယ်များ၌ ကျင်းပ

**ဟားခါး**
ချင်းပြည်နယ်၏ မြို့တော်ဟားခါးမြို့၌ ၁၃၇၇ ခုနှစ်၊ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဟားခါးမြို့ ပြည်ထောင်စုရိပ်သာအနီးရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်ပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်တို့က မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကာ ယိမ်းအဖွဲ့များက အဆိုအကများဖြင့် ဖျော်ဖြေခဲ့သည်။ ချင်းပြည်နယ် ဗဟိုမဏ္ဍပ်တွင် ယိမ်းအဖွဲ့ ၂၀ က သင်္ကြန်အကြိုနေ့မှစ၍ အတက်နေ့အထိ နေ့စဉ်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။
**(ပြည်နယ် ပြန်/ဆက်)**





**မူဆယ်**
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရွှေသမင်ဂေါက်ကလပ်ဒေါင့် ရဟတ်ယာဉ်ကွင်းအနီးရှိ ဗဟိုမဏ္ဍပ်၌ ဧပြီ ၁၂ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဖိတ်ကြားထားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့မှ ပါတီအစိုးရစုံစမ်းစစ်ဆေးမှုအတွင်းရေးမှူး မစ္စတာကွာတာချန်နှင့် အဖွဲ့ဝင်များ၊ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ သင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ခဲ့ကာ ယိမ်းအဖွဲ့များက အဆိုအကများဖြင့် ဖျော်ဖြေခဲ့သည်။
**အယ်လ်စိုး (ပြန်/ဆက်)**

**ကျောက်ပန်းတောင်း**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၂ ရက်က ကျင်းပခဲ့ရာ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတင်ထူးမောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရွှေကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကာ ယိမ်းအဖွဲ့များက အဆိုအကများဖြင့် ဖျော်ဖြေခဲ့သည်။
**နေအောင် (ပြန်/ဆက်)**



# မြစ်ကျောက်လုပ်ကွက်များကြောင့် ဒေသခံပြည်သူများအခက်တွေ့

**ဟသ်ာတ ဧပြီ ၁၄**
မြန်အောင်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်အတွင်းတွင် ဟသ်ာတခရိုင်နှင့် သာယာဝတီခရိုင်တို့မှ မြစ်ကျောက်လုပ်ကွက်များကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လေလံတင်၍လုပ်ကိုင်ခွင့်များချထားပေးပြီး မြစ်ကျောက်စရစ်များ ထုတ်လုပ်နေမှုကြောင့် ရေသယံဇာတများဆုံးရှုံးစေသည့်အပြင် ရေကြောင်းများပျက်စီးပြီး သွားလာရေးအတွက်အခက်အခဲများရှိသလို မြစ်ကမ်းအနီးနေ ကျေးရွာများရှိ လုပ်သားပြည်သူများ၏ လုပ်စားမြေများ ပျက်စီးဆုံးရှုံးရကြောင်း၊ ထို့အပြင် ကမ်းပြိုကျမှုများကြောင့်လည်း အနီးဝန်းကျင်ကျေးရွာအတွင်းရှိ လူနေအိမ်ခြေများ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာ သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

“ရွှေကျင်အုပ်စု၊ အရှေ့ညောင်ဝိုင်းအုပ်စု၊ သုံးဆယ်ကျွန်းရွာရှေ့၊ ပဲတခွဲအုပ်စု၊ ရေလယ်ကျွန်းရွာရှေ့တို့တွင် မြစ်ကျောက်လုပ်ငန်းရှင်တွေအသင်းစုဖွဲ့ပြီး မြစ်ကျောက် တွေအများအပြား ထုတ်ယူနေပါတယ်။ မြစ်ကျောက်လုပ်ငန်းရှင်တွေအသင်းက ငွေရှိတဲ့သူတွေစုပြီး ထုတ်လုပ်နေပါတယ်။ သက်ဆိုင်ရာကိုသွားမေးတော့အသင်းအဖွဲ့ ဆိုတာမရှိပါဘူး။ ခွင့်ပြုလည်း မထားပါဘူးလို့ ပြောပါတယ်။ မြစ်ကျောက်လုပ်နေကြတော့ ကမ်းပြိုပြီးရွာတွေကုန်ပါတော့မယ်။ ဒါကြောင့် အချိန်မီတားဆီးပေးစေချင်ပါတယ်” ဟု သုံးဆယ်ကျွန်းရွာမှ ကိုင်းတောင်သူ ဦးရွှေဝင်းက ပြောသည်။

အဆိုပါဒေသတွင် ငွေရှိသူများ ၂၀ ခန့်စုပေါင်းပြီး အသင်းအဖွဲ့ဖွဲ့၍ နိုင်ငံတော် ပိုင်သယံဇာတများကို ထုတ်လုပ်နေခြင်းကြောင့် ကမ်းပြိုကမ်းစားခြင်းများ သက်သာစေရန်နှင့် ဒေသအကျိုးအတွက် အမြန်တားဆီးပေးစေလိုကြောင်း ဒေသခံများထံမှ သိရသည်။
**(၀၉၂)**

# ပဲခူးမြို့ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၉၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ပိတ်ပွဲနှင့် (ပဥ္စမ)အကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားဖိတ်ကြားလွှာ

ပဲခူးမြို့၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ (၂၅၉၈)နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး ပိတ်ပွဲအခမ်းအနားနှင့် (ပဥ္စမ)အကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲတွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များ၏ ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ဩဝါဒါစရိယဆရာတော်ကြီးများအား ပင့်ဖိတ်၍ ရေစက်သွန်းချအမျှဝေ မင်္ဂလာအခမ်းအနားကို (၁၃၇၈-ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်) ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ရွှေမော်ဓောစေတီရင်ပြင်တော်ပေါ် ကျောက်ပန်းတောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ အလှူရှင်များကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဂေါပကအဖွဲ့၊ ရွှေမော်ဓောစေတီတော်မြတ်ကြီး**
**ဖုန်း-၀၅၂-၂၂၂၀၆၈၊ ၀၅၂-၂၂၂၄၂၅၅**

# သာဂရမြို့ အာစရိယပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့ အခြေခံပညာအထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်။

**နေ့ရက်** - ၂၀-၄-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** - နံနက် ၇း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီ
**နေရာ** - အခြေခံပညာအထက်တန်းကျောင်း၊ သာဂရမြို့။

သို့ဖြစ်ပါ၍ ယင်းကျောင်းတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအားလုံးနှင့် ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီမှ လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်** (၁) ဦးစိုးနိုင်ဦး(သာဂရမြို့) ဖုန်း-၀၉-၇၉၅၂၈၁၁၆၈၊ (၂) ဦးခင်မောင်သိန်း (ရန်ကုန်မြို့) ဖုန်း-၀၉-၇၃၁၄၉၇၇၇၊ (၃) ဒေါ်ခင်မာကြည် (ရန်ကုန်) ဖုန်း-၀၉-၅၀၇၆၉၈၃၊ (၄) ဦးခင်မောင်ဆွေ (ရန်ကုန်) ဖုန်း-၀၉-၄၃၀၉၈၄၅၆၊ (၅) ဦးမြင့်စိုး (ရန်ကုန်မြို့) ဖုန်း-၀၉-၄၃၀၇၄၈၀၅

## မွေးနေ့မင်္ဂလာတောင်းဆုလွှာ

နန္ဒကဗျာသွယ် ၏ (၁၅. ၄. ၂၀၁၆) ရက်နေ့တွင်ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် မိသားစုနှင့်အတူ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်ခင်ပွန်း-အောင်မြတ်ကျော်
ချစ်သမီး-မေသင်းကဗျာ၊ ချစ်သား-ထက်ဦးဝေယံ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ ရပ်ကွက်(၄)၊ အကွက်အမှတ်(၃၂/ဘုရားကြီးရေကန်ကွင်း)၊ ဦးပိုင်အမှတ်(၁၆)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၇၃ ဧက၊ အမှတ်တွဲအမှတ် ၂၆-၅/၁၉၉၉-၂၀၀၀(စီ)ဖြင့် ဦးရန်ဝင်းဟိုက် အမည်ပေါက် မြေငှားဂရန်မှာ ပျောက်ဆုံးသွားပြီး ဦးရန်ဝင်းဟိုက်မှ ကွယ်လွန်ပြီဖြစ်သဖြင့် သမီးဖြစ်သူ ဒေါ်လှလှ ၁၃/တယန(နိုင်)၀၁၇၉၈၂မှ မြေဂရန်မိတ္တူမှန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ၁၅ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှလှ ၁၃/တယန(နိုင်)၀၁၇၉၈၂**

# မွေးနေ့မင်္ဂလာဆုတောင်း

မဆုသီရိမောင် (ကစ်ကစ်) လ/ထ လ၀ကမှူး၊ မော်လိုက်မြို့၏ ၁၆-၄-၂၀၁၆ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့် ဘ၀တစ်လျှောက်လုံး ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သော- ဘွားဘွား၊ အန်တီ**
**ဖေဖေနှင့် မေမေ**
**မင်းကင်းမြို့**

## အသိပေးအကြောင်းကြားခြင်း

ဒဂုံ/တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မြေကွက်အမှတ် ၃၁၂/ခ၊ မြေကွက်တည်နေရာအမှတ် (၃၁၂/ခ)၊ အောင်သိဒ္ဓိ(၃)လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံတောင် ဒေါ်ခင်သန်းလှ ၁၂/မဂတ(နိုင်)၀၄၄၃၂၇ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန်းလှ(မိခင်)နှင့် ဦးအောင်ကြည်(ဖခင်)တို့ကွယ်လွန်သဖြင့် ဒေါ်စမ်းစမ်းထွေး ၁၂/သကတ(နိုင်)၀၀၉၆၆၆၊ ဒေါ်ဥမ္မာအောင် ၁၂/သကတ(နိုင်)၀၁၂၃၀၀၊ ဦးယဉ်ထွေးတို့မှ ကွယ်လွန်သူတို့၏ သားသမီးများတော်စပ်ကြောင်း အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်၊ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပြီး ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်ပါ၍ ၉-၇-၉၃ ရက်တွင် ထုတ်ပေးခဲ့သော မူလဂရန်စာအုပ်အား ဤဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်သစ်ကူးမင်္ဂလာဆုမွန်လွှာ

၁၃၇၈ခုနှစ်တွင် ကျရောက်သည့် မြန်မာတို့၏ နှစ်သစ်မင်္ဂလာ အခါသမယတွင် မြန်မာပြည်သူပြည်သား အပေါင်းနှင့်တကွ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် မျှဝေလှူဒါန်းကြသောအလှူရှင်များ၊ ကင်ဆာဝေဒနာရှင်များအား မေတ္တာဖြင့် ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဝန်ထမ်းများအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အဖွဲ့ဝင်လူကြီးများ
ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း
ရန်ကုန်၊မန္တလေး

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့သစ်၊ မြို့သစ်(၃)လမ်း၊ မြေကွက်အမှတ်(၇၉)၊ အမှတ် ခ/၆၁ မြေပေါ်ရှိ နှစ်ခန်းတွဲသုံးထပ်တိုက်၊ တိုက်ခန်း၏ ဒုတိယထပ်(ခေါင်းရင်းခန်းရှိ) အလျား ၁၀½× အနံ ပေ၅၀၊ အမြင့် ၉ ပေရှိ တိုက်ခန်းအား အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၂၁-၃-၂၀၁၄ရက်စွဲပါ အရောင်းအဝယ် ကတိစာချုပ်ဖြင့် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ရီ ၁၂/လမန(နိုင်)၀၁၀၁၃၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်အတူ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဒေါ်လှလှဝေ LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၈၀)**
**အမှတ် 2B၊ 211 မဒီတာအိမ်ရာ(၂)**
**ပေါက်တောဝအနီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၃၅၉၁၅၀၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/3973, RAMMAR, ROYAL CHAR 10T GRADE, M/B (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဝ္ဂန်ဂျာဆိုင်းခေါင် ၁/မကန(နိုင်)၁၃၃၉၅၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**



### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မောင်(ခ)ဦးစစ်ဗိုလ် အသက်(၈၈)နှစ်
**Chairman Shining Moon Co.Ltd.**
**Myanmar Ngwe La Yaung Co.Ltd**
**ငွေလရောင်ပီနံအိတ်စက်ရုံ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေသရဖီရိပ်မွန်၊ အမှတ် ၄၄နေ (ဦးကြီးရှု-ဒေါ်ကျင်မြ)တို့၏သား၊ ဒေါ်ခင်မေလွင်(carol)၏ ခင်ပွန်း၊ မဝါဝါလွင်-ကိုကျော်ခိုင်ထွန်း၊ မသီတာလွင်-ကိုဇေယျာဖြိုး(ZYP Co.,Ltd)၊ မစန္ဒာလွင်-ကိုထက်ပိုင်တို့၏ဖခင်၊ မစုသီရိခေတ်၊ မတော်ဝင်လင်း၊ Michael တို့၏အဘိုးသည် ၁၄-၄-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၆း၀၂နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက်(သောကြာနေ့) နံနက် ၈း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၀-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြား ကင်ဆာဖြစ်ခြင်း စသည့်ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ဖြစ်၍ ပူပြင်းသော နေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊သကြၤန်ရေကစားသူများ၊ ကလေးငယ်များအားအောက်ပါအတိုင်း သတိပြုကာကွယ်ရန် နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန် လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ (သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅မိနစ်ခန့်ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်နိုင်ရန်ခရမ်းလွန်ရောင်ခြည်အလွယ်တကူ မဖောက်နိုင်သည့် အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပ သက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့်

- အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲ သို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကိုအရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့) နေရောင်ခံ လိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက် နှင့်ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီး ဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲစောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးဝင်းလှိုင် အသက်(၇၁)နှစ်
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန**
**ဒုတိယဥက္ကဋ္ဌ၊ သစ်တောသယံဇာတ ပတ်ဝန်းကျင်ဖွံ့ဖြိုး**
**တိုးတက်ရေးနှင့်ထိန်းသိမ်းရေးအသင်း (FREDA)**

ဦးစိုးဝင်းလှိုင်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာနသည် ၁၂-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်နိုင်သိန်း-ဒေါ်အေးအေး မိသားစု**

### ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေကန်အလှူဒါယိကာမကြီး
## ဒေါ်ခင်ခင် (မိုးကုတ်မြို့)
### အသက်(၈၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့အနောက်ပိုင်း၊ ကသည်းအောက်ပိုင်းရပ်နေ (ဦးအောင်မြ-ဒေါ်မိ)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးတင်ရွှေ-ဒေါ်ကြည်ကြည်)တို့၏ညီမ၊ မိုးကုတ်မြို့နေ (ဒေါ်ရီရီ)၊ ရန်ကုန်မြို့နေ (ဦးမြင့်)-ဒေါ်သန်းသန်း၊ မိုးကုတ်မြို့နေ ဦးခင်မောင်ဝင်း-ဒေါ်စိန်စိန်၊ ဦးမြင့်မောင်-ဒေါ်ခင်မြင့်ဆွေတို့၏အစ်မ၊ မန္တလေးမြို့နေ(ဦးတင်စိုး-ဒေါ်တင်တင်ဝင်း)၊ ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်ခင်ခင်နှင်း၊ မန္တလေးမြို့နေ ဒေါ်သင်းသင်းနွယ်၊ အမေရိကန်နိုင်ငံနေ ဦးစံလင်း-ဒေါ်စန်းစန်းမြင့်၊ ရန်ကုန်မြို့နေ ဦးဇော်မင်းမြင့်-ဒေါ်သင်းသင်း၊ ဦးအောင်နိုင်မြင့်-ဒေါ်သီတာမောင်မောင်၊ ဦးဇော်လင်း-ဒေါ်ချိုချိုမြင့်၊ အမေရိကန်နိုင်ငံနေ ဦးမင်းတူး-ဒေါ်စန္ဒာမြင့်၊ မိုးကုတ်မြို့နေ ဦးအောင်အောင်-ဒေါ်သန်းသန်းဌေး၊ (မခင်မိုးအေး)၊ ဒေါ်သပြေညို၊ ဦးရန်နိုင်၊ မန္တလေးမြို့နေ ဒေါ်မြတ်လေးနွယ်၊ ရန်ကုန်မြို့နေ ဦးစည်သူ-ဒေါ်ခင်စုစုလှိုင်တို့၏အမေကြီး၊ မြေး ၂၄ယောက်တို့၏အဘွားသည် ၁၃-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၃နာရီ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် မန္တလေးဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးစိုးသိန်း(ကိုအေး-မုန့်ဟင်းခါး) အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ(ဦးရှိန်-ဒေါ်စိန်)တို့၏သား၊ (ဦးကျင်-ဒေါ်သန်းညွန့်)တို့၏သားသမက်၊ (ဒေါ်နု)၊ ဒေါ်အေးကြည်တို့၏မောင်၊ ဦးမြင့်သိန်း-ဒေါ်ငြိမ်း၊ (ဦးဥတ္တမ)၊ (ဒေါ်ကြူကြူ)၊ဒေါ်ကြွယ်ကြွယ်၊ ဦးမောင်မောင်လွင်-ဒေါ်မြမြသန်း၊ ဦးအောင်အောင်လွင်-ဒေါ်ချောစုဝင်းတို့၏အစ်ကို၊ (ကိုကျော်ကျော်ဦး)-မသန်းသန်းမော်၊ ကိုဝင်းနိုင်-မမာမာသက်တို့၏ဖခင်၊ မမြကေခိုင်၊ မချမ်းမြေ့ရွှေရည်၊ မထက်အိန္ဒြာဝင်းတို့၏အဘိုး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၃၊ ရေတွင်းကုန်း ၁လမ်းနေ (ဒေါ်နီနီသန်း)၏ခင်ပွန်းသည် ၁၃-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၄-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၄-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၃၊ ရေတွင်းကုန်း ၁လမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စိုးသန်း (ဇလွန်)
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်ဝင်း၊ အမှတ် (၁၅-အေ)နေ (ဦးသန်းအောင်-ဒေါ်ခင်ကြွေ)တို့၏သမီး၊(ဦးသိန်းမြင့်)-ဒေါ်သန်းသန်းဦးတို့၏ညီမ၊ ဗိုလ်မှူးငွေလွင်သန်း(ငြိမ်း) (ရတနာပုံတယ်လီပို့)-ဒေါ်နိုင်နိုင်ဝေ၊ ဦးကျော်ဦး (ပါမောက္ခချုပ်၊ ငြိမ်း၊ NUAC)-ဒေါ်မြင့်မြင့်သန်း (ကထိက၊ Electronic Engineering Dept., YTU)၊ ဦးအေးလွင်သန်း(MSLE, ဇလွန်)-ဒေါ်ခင်မာဆွေ(အထက-ခွဲ၊ မြို့မ၊ ဇလွန်မြို့)၊ ဦးမြင့်ထွေး-ဒေါ်ရီရီအောင်၊ ဒေါ်ယုယုအောင်တို့၏အစ်မသည် ၁၃-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးမြင့်
### မိုးကုတ်(စိန်ရွှေကုန်း) ယောဂီ
### အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးချစ်တင်-ဒေါ်တင်ရွှေ)တို့၏သမီး၊ (ဦးသိန်းလွင်)၏ဇနီး၊ ဦးစိုးဝင်းမောင်(ဦးစီးအရာရှိ၊ လဝက)-ဒေါ်နွယ်နွယ်အေး၊ ဒေါ်ကေသီအေး-ဦးငွေဆန်း၊ ဦးကျော်စိုးအောင်(ဦးစီးအရာရှိ၊ လဝက) - ဒေါ်ဇာခြည်လှဲ့လှဲ့စိုး၊ ဦးမောင်ကို-ဒေါ်သီတာအေးတို့၏မိခင်၊ မြေး၄ယောက်တို့၏ အဘွားသည် ၁၃-၄-၂၀၁၆ရက် ည ၁၁း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (အမှတ် ၅၁၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးထူးအောင်ကြည် (ငြိမ်း)
### တော‌ဇ(၂၃)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့နေ ဦးဝင်းကြည်-ဒေါ်သန်းသန်းအေးတို့၏သား၊ ကျောက်ပန်းတောင်းမြို့နေ ဦးတင်မောင်-ဒေါ်လုံးတို့၏သားသမက်၊ ရန်ကုန်မြို့နေ ဒေါ်ချောစုကြည်၊ ဦးသန့်ဇင်ကြည်-ဒေါ်နီလာဝင်း၊ ဗိုလ်ကြီးကျော်မောင်မောင်ကြည်-ဒေါ်ခိုင်မေထွန်းတို့၏အစ်ကို၊ တူ၊ တူမ သုံးယောက်တို့၏ဘကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ည-ရပ်ကွက်၊ ဘုမ္မာ ၁၀လမ်း၊ အမှတ် ၃၂၇နေ ဒေါ်ခိုင်မေဦး၏ခင်ပွန်း၊ မနှင်းမြတ်မြတ်ထူး၊ မောင်ထက်နိုင်ထူးတို့၏ ဖခင်သည် ၁၄-၄-၂၀၁၆ရက် နံနက် ၂း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

## လေးစားစွာဖိတ်ကြားအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ အာဇာနည်လမ်းရှိ မင်းကွန်းကျောင်းတိုက်(၂)၏ ဦးစီးပဓာနနာယက သက်တော်ရှည် ရှင်ပြန်ဆရာတော်ကြီးသည် ၈-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ရုပ်ကလာပ်တော်အား အုတ်တွင်းမြို့နယ် အင်ဒိုင်းကျေးရွာရှိ ရန်ပြေမာန်ပြေဘုရားကျောင်းတွင် ပင့်ဆောင်ပူဇော်ထားရှိကာ မြန်မာနှစ်ဆန်း (၁)ရက် ၁၇-၄-၂၀၁၆ရက်တွင် ဆရာတော်ကြီး စံပယ်မည့် နိဗ္ဗာန်စံကျောင်းရှိ ကမ္ဘာလုံးစေတီတော်အား နံနက် ၉နာရီတွင် ဌာပနာသွင်းခြင်း၊ တန်ခူးလပြည့်ကျော် ၇ရက် ၂၉-၄-၂၀၁၆ရက် နံနက် ၉နာရီတွင် ထီးတော်တင်ခြင်း၊ တန်ခူးလပြည့်ကျော် ၉ရက် ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အန္တိမဈာပနကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းနှင့် ခုနစ်ရက်သားသမီးများ ကြွရောက်ကြည်ညိုပူဇော်နိုင်ပါရန် ဂါရဝထား ဖိတ်ကြားအပ်ပါသည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**မင်းကွန်းကျောင်းတိုက်(၂)**
**ဗဟန်းမြို့နယ်**

## ဦးအုပ်ကျော်(ခ)ဦးမြင့်လွင် အသက်(၈၅)နှစ်
**အဖွဲ့စုမှူး(ငြိမ်း)၊ ဆက်သွယ်ရေးတပ်**
**အဖွဲ့စုမှူး(ငြိမ်း)၊ ကြေးနန်းဌာန၊ မြန်မာ့ရေနံ**

ရန်ကုန်မြို့နေ (ဦးစု-ဒေါ်မြမြ)တို့၏သား၊ မြိတ်မြို့နေ (ဦးရှင်စုန်-ဒေါ်မဲ) (အာဠာဝကဆေးတိုက်)တို့၏သမက် (ဒေါ်အင်မြိုင်)၏ခင်ပွန်း၊ ဦးအောင်မိုး-ဒေါ်ခိုင်မာထွန်း၊ ဦးသိန်းကျော်-ဒေါ်ဝါဝါထွန်း၊ ဦးသန်းထိုက်-ဒေါ်မြမြမိုး၊ ဒေါ်သန္တာအေး၊ ဒေါ်လွင်လွင်မော်တို့၏ဖခင်၊ မောင်စွမ်းပြည့်စုံ၊ မဆုရတနာထွန်း၊ မောင်စွမ်းထက်နိုင်၊ မအိန္ဒြေကြည်စင်တို့၏အဘိုးသည် ၁၄-၄-၂၀၁၆ရက် နံနက် ၁၁း၂၅နာရီတွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၆၇၊ (လေးလွှာညာ) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၆ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ညွန့်ညွန့်
### မိဘမေတ္တာအထည်ဆိုင် (ဈေးချို၊ ဒုတိယထပ်၊ D ရုံ)
### အသက်(၇၅)နှစ်

မန္တလေးမြို့၊ မဟာဇေယျာဘုံရပ်၊ အမှတ် ၇၉၇၊ မြနန္ဒာလမ်း၊ မိဘမေတ္တာရိပ်မွန်နေ ဦးဌေးလှိုင်-ဒေါ်ဆွေဆွေ မဟာမန္တလေး ကုန်မာဆိုင်၊ ဦးသိန်းဇော်-ဒေါ်သင်းသင်းနိုင်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ ထွေ/အုပ်၊ မင်းလှမြို့)၊ ဦးဝင်းမောင်သန်း-ဒေါ်သင်းသင်းလှိုင်(စိန်ကောင်းရတနာကုမ္ပဏီလီမိတက်)၊ ဦးစိုးမင်းဦး-ဒေါ်နှင်းယုမွန်တို့၏ချစ်လှစွာသောမိခင်ကြီး၊ ကိုကျော်စိုးလင်း-မခိုင်သီတာခိုင်နန်းတော်အထည်ဆိုင်၊ မန်းမြန်မာပလာဇာ၊ မခိုင်သန္တာဇော်၊ မောင်ကောင်းထက်စိုး၊ မခိုင်နန္ဒာဇော်၊ မောင်သန့်ဇင်ဝင်း၊ မောင်ပြည့်ပိုင်စိုးတို့၏အဘွား၊ မကြည်နူးသိမ့်၊ မသဒ္ဒါသိမ့်တို့၏ဘွားဘွားကြီး၊ ဦးမောင်ကို(ကျောင်းဆရာ၊ အငြိမ်းစား)၏ချစ်လှစွာသောဇနီးသည် ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒုရဲမှူးကြီးမျိုးအောင် (ငြိမ်း)
### ရဲကျော်သူ၊ သတင်းတပ်ဖွဲ့
### ဒုရဲအုပ်လောင်းအပတ်စဉ်(၁၀)
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၁၀)နေ (ဦးကြည်လှိုင်-ဒေါ်သန်းကြည်)တို့၏သားကြီး၊ ဒေါ်ဂျယ်နီမြမြ၏ခင်ပွန်း၊ (ဦးတောက်ထွန်း)-ဒေါ်ရွှေကြည်(မြိတ်)၊ ဒေါ်အေးအေးသန်း-ဦးမြင့်ဦး၊ ဦးမောင်မောင်ဌေး-ဒေါ်စီစီသန်းတို့၏အစ်ကို၊မခင်ခင်အောင်(Premier Plastic Industry Co., Ltd)၊ မခင်သူအောင်-ဦးစန်းမြတ်တို့၏ဖခင်၊ မောင်မျိုးဇော်မြတ်၏ဘိုးဘိုးကြီးသည် ၁၃-၄-၂၀၁၆ရက် ညနေ ၃း၃၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၆နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၁၆ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နန်းအေးငြိမ်း
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉ (B)ရပ်ကွက်၊ သမာဓိ ၂လမ်း၊ အမှတ် ၃၈၂နေ (ဦးရွက်ငင်း-ဒေါ်အေးကြိန်)(ပုံပိုးကျေးရွာ)တို့၏သမီး၊ ဒုတိယရဲမှူးကြီး ဦးဝင်းမြင့်(ငြိမ်း)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်စောအေးတို့၏ ညီမ၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်အေး၊ ဦးဖိုးတာ-ဒေါ်စန်းစန်းနွယ်တို့၏အစ်မ၊ ကိုဝင်းသီဟ၊ ကိုဝင်းသူရ၊ ကိုဝင်းသိန်းထိုက်၊ မငြိမ်းလတ်လတ်ငြိမ်း၊ မနန်းအေးဆောင်၊ မနန်းလှလှညိုတို့၏မိခင်သည် ၁၃-၄-၂၀၁၆ရက် ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၄-၂၀၁၆ရက် နံနက် ၅နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်ကြီးထူးအောင်ကြည်(ငြိမ်း) တော‌ဇ(၂၃)သည် ၁၄-၄-၂၀၁၆ရက် နံနက် ၂း၄၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တော‌ဇ(၂၃)မှ ကျောင်းဆင်း**
**အရာရှိများနှင့်မိသားစု**

## ဦးအောင်ဖေ(ခ)
## ဦးအိုဖေ (မြိတ်)
### အသက်(၈၀)

မြိတ်မြို့၊ ဈေးတန်းရပ်နေ (ဦးသိန်းဖေ - ဒေါ်အေးမြ)တို့၏သား၊ နောက်လယ်ရပ်နေ (ဆရာပျိုခင်-ဒေါ်သက်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက် ၁၊ အခန်း ၂၀၅နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ဦးအောင်ကို-ဒေါ်သူဇာမြင့်၊ ဦးကိုကိုလွင်-ဒေါ်အိန္ဒြေစင်၊ ဦးအောင်သူရ၊ ဦးကျော်သူရ-(ဒေါ်ခင်ခင်စိုး)၊ ဦးကျော်သီဟ-ဒေါ်ဇင်မာမြင့်၊ ဦးမင်းမင်းထွေး-ဒေါ်တင်ပပအောင်တို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၄-၄-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၆ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်)။ [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၄-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီတွင် တိုက် ၁၊ အခန်း ၂၀၅၊ အောင်မြေသာစည်အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းထွန်း
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၂၆/၂၈၊ ခြောက်လွှာ၊ အခန်း ၇၀၁(A)နေ (ဦးလှသန်း-ဒေါ်လှထွန်း)၊ (ဦးသာဒင် - ဒေါ်လှအေး)တို့၏သား၊ ဦးဝင်းအောင်တင့် - (ဒေါ်စန်းရီ)တို့၏မောင်၊ ဦးသန်းအောင်-ဒေါ်စုစုကြည်၊ (ဦးဝင်းတင်)၊ (ဦးဝင်းမောင်သိန်း)၊ ဦးချစ်လွင် - ဒေါက်တာခင်နွယ်သန်းတို့၏အစ်ကို၊ ဦးအေးမင်းထွန်း၊ ဦးအောင်မျိုးမင်း-ဒေါ်အေးမာမာထွန်း၊ ဦးဇင်မင်းထွန်း-ဒေါ်စိုးမိုးဝင်း၊ ဦးနေနိုင်မင်းထွန်း-ဒေါ်ပန်းဇာဖြူ၊ ဦးလှိုင်ဝင်းမင်းထွန်း - ဒေါ်ငုဝါမောင်တို့၏ဖခင်၊ ဒေါ်ခင်ဆွေဝင်း၏ခင်ပွန်း၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၃-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၅-၄-၂၀၁၆ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးမင်းလွင် (ဘိုကလေး)
### အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ (ဦးသိန်းလွင်-ဒေါ်သွင်)တို့၏သား၊ ပဲခူးမြို့၊ ဝမ်းဘဲအင်းကျေးရွာနေ (ဦးညွန့်မောင် - ဒေါ်သိန်းရင်)တို့၏သားသမက်၊ အမှတ် ၅၁၁၊ ပြည်တော်သာ ၄လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့နေ ဒေါ်ခင်သောင်းရီ၏ချစ်လှစွာသော ခင်ပွန်း၊ လှည်းကူး ရဲမွန်စိုက်ပျိုးရေးဦးစီးဌာန(VFRDC)နေ ဦးကျော်နိုင်-ဒေါ်သီဂီဆွေ၊ သနပ်ပင်မြို့နေ ဦးခင်မောင်လင်း-ဒေါ်မိုးမိုးဆွေ၊ ပဲခူးမြို့နေ ဦးမင်းကျော်နိုင် - ဒေါ်ဝေမာ (ရွှေအုံးနို့ဆီ)၊ ရန်ကုန်မြို့နေ ဦးအောင်သီဟ-ဒေါ်ခင်စိုးစိုးဦး၊ ပဲခူးမြို့နေ ဦးရှိန်း-ဒေါ်စန္ဒာမင်းတို့၏ဖခင်ကြီး၊ မြေး ငါးယောက်တို့၏အဘိုးသည်၁၄-၄-၂၀၁၆ရက် နံနက် ၅း၂၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၄-၂၀၁၆ရက်(စနေနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပဲခူးမြို့နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

# လျှပ်စီးရဲ့ဗဟိုပြုချက်က ဟိုးအနက် ကီလိုမီတာ ၁၃၀ လောက်မှာ ဖြစ်သွားတဲ့အတွက်ကြောင့် မြေပြင်ပေါ်မှာ အထိအခိုက်နည်းသွားတယ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့နှင့် တွေ့ဆုံမေးမြန်းခြင်း

တွေ့ဆုံမေးမြန်း-ညီညီထွန်း၊ သုရဇော်၊ ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)

မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၁၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးမြို့၏ အရှေ့-အရှေ့တောင်ဘက် ၄၂ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ ဧပြီ ၁၃ ရက် ညပိုင်းက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားခဲ့သည်။ အဆိုပါငလျင်လှုပ်ခတ်မှုအရှိန်ကို မြန်မာနိုင်ငံ နေရာအနှံ့အပြားမှ ပြည်သူများက သတိပြုမိလိုက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐




**အခုပဲ ငလျင်နဲ့ ကြုံတွေ့ရတယ်။ နောက်တစ်ခါ မိုးသည်းထန်စွာ ရွာတယ်၊ ရေကြီးမယ်၊ မကြာခင်လာတော့မယ့် မေ၊ ဇွန်မှာ အဖြစ်များတာ မိုးကြိုးပေါ့။ အဲဒါနဲ့ ပတ်သက်ပြီးတော့လည်း ပညာပေးတာကို ထိထိရောက်ရောက် ပြည်သူကို သိအောင်ဆိုပြီး ဆောင်ရွက်နေတဲ့ အစီအစဉ်တွေ ရှိနေပါတယ်။ ပဲခူးတိုင်းဒေသကြီးဆိုရင် နှစ်တိုင်း မိုးကြိုးကြောင့် ရာနဲ့ချီပြီး လူတွေ သေကြတယ်။ ဒါမျိုးတွေကို ကျွန်တော်တို့ ကြိုတင်ကာကွယ်ဖို့၊ သူတို့သိဖို့၊ အသိဆိုတာ ကြိုတင်ကာကွယ်တယ်ဆိုတာ သိထားရင် တကယ်ဖြစ်ရင်တောင် ခံရဖို့နည်းတယ်။ အသေအပျောက်နည်းမယ်။**

# ချင်းပြည်နယ် ကျီခါး - ပလက်ဝ အဝေးပြေးလမ်း ဖောက်လုပ်ရေး ဦးစားပေးဆောင်ရွက်ရန် လျာထား

**သတင်း-CL ထန်းငါ**

**ဟားခါး ဧပြီ ၁၄**

ချင်းပြည်နယ်အစိုးရသစ်အနေဖြင့် ချင်းပြည်နယ်မြောက်ပိုင်းမှ တောင်ပိုင်းဒေသကို တိုက်ရိုက် ချိတ်ဆက်ပေးနိုင်မည့် ကျီခါး-ပလက်ဝမြို့အဝေးပြေးလမ်းမကြီးကို ပထမဦးစားပေးတည်ဆောက်ရန် လျာထားကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ပြောသည်။

"လက်ရှိ ချင်းပြည်နယ်မှာ အဝေးပြေးလမ်းမကြီး မရှိသေးဘူးဆိုတော့ ကျွန်တော်တို့ ပြည်နယ်ဝန်ကြီးတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပထမဦးဆုံး ကျီခါး-ပလက်ဝ အကြားမှာ အဝေးပြေးလမ်းမကြီးဖောက်လုပ်ဖို့ ဆွေးနွေးထားတာရှိပါတယ်။ အဲဒီလမ်းကတစ်ဆင့် ကျေးရွာချင်းဆက်လမ်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

အဆိုပါလမ်းကြောင်းမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ ချိတ်ဆက်နိုင်မည့်လမ်းကြောင်းကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဟု ၎င်းကဆိုသည်။

ချင်းပြည်နယ် ကျီခါးမြို့နယ်(ခွဲ)သည် ချင်းပြည်နယ်၏ မြောက်ဘက်အစွန်ဆုံး၌တည်ရှိပြီး ပလက်ဝမြို့နယ်သည် တောင်ဘက်အစွန်ဆုံးတွင်တည်ရှိသည်။ အကွာအဝေးအားဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ ❖

## ခရမ်းလွန်ရောင်ခြည် အမြင့်ဆုံးအညွှန်းကိန်း

၁၄-၄-၂၀၁၆

| | |
|---|---|
| နေပြည်တော် | ၇ ဒသမ ၈ |
| ရန်ကုန်မြို့ | ၉ ဒသမ ၄ |
| မန္တလေးမြို့ | ၉ ဒသမ ၂ |

## ထူးခြားသည့်နေ့အပူချိန်

၁၄-၄-၂၀၁၆

ထူးခြားသည့်နေ့အပူချိန်များမှာ မုံရွာမြို့နှင့် ချောက်မြို့တို့၌ ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ ရွှေဘိုမြို့၊ ရေဦးမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့၊ ရမည်းသင်းမြို့၊ ဂန့်ဂေါမြို့၊ ပေါက်မြို့နှင့် ဘော်လခဲမြို့တို့၌ ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

KBZ BANK
STRENGTH OF MYANMAR
- အခိုင်မာဆုံးနှင့် ယုံကြည်စိတ်ချရဆုံးဘဏ်
- ဝန်ဆောင်မှုအကောင်းဆုံးနှင့် ဆက်ဆံရေးအကောင်းဆုံးဘဏ်
- မိဘပြည်သူများအတွက် အားထားရဆုံးဘဏ်
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်